ရွှေစကား

# ကြယ်စင်မှူးဝေ

## တိမ်နဲ့ဆစ်တဲ့ အချစ်အိမ်



# တိမ်နဲ့ဆစ်တဲ့အချစ်အိမ်

## ကြယ်စင်မှူးဝေ


စာမူခွင့်ပြုချက်အမှတ်

၅၀၀၇၂၆၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၇၈၇၀၇၀၇

ထုတ်ဝေသူ

ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)

အမှတ် (၆၆)၊ (၆) လမ်း၊ လမ်းမတော်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဒေါ်အိမွန်သက်လွင်

(သစ္စာမွန်ပုံနှိပ်တိုက်)

၁၀၆၊ တာမွေလမ်း၊ တာမွေမြို့နယ်။

ထုတ်ဝေခြင်း

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

အုပ်ရေ


၅၀၀

တန်ဖိုး

၁၀၀ ကျပ်

ရွှေစကားစာပေ

B ၄၈၊ ဝိတောက်၀ါ(၄)လမ်း။ FMI CITY

တိမ်ညိုမိုလ္လာ၊ တိမ်စူကာနှင့်
တိမ်ပြာရောယှက်၊ မရမ်းဖက်၍
တိမ်သက်တန့်ရောင်၊ အဝါပေါင်ဝယ်
မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တစ်ရှို
ညှို့ခဲ့တလီ....

ရှင်ဥတ္တမကျော်

ရွှေစကားစာပေ

# ကြယ်ပါစင်မှူးဇေဝ

## တိမ်နဲ့ဆစ်တဲ့အချစ်အိမ်

ရွှေစကားစာပေ

# အခန်း(၁)

မိုးတွင်းမို့ နောက်ကျိနေသောဝေနံမြစ်ရေပြင်ကြီးကိုကြည့်ပြီး သာယာအေးချမ်းလှသည့် ပုသိမ်မြို့၏အလှကိုတောင် '*မြကြိုးကြာ*' မသာယာ၊ မချမ်းမြေ့နိုင်တော့ပါ။

ရန်ကုန်သူမို့ မျက်စိရှင်း၊ နားရှင်း၊ လမ်းတွေကျယ်သည့် ပုသိမ်မြို့ကို သဘောကျနေမိစဉ် မြစ်ကမ်းပါးသို့အရောက်မှာ မြကြိုးကြာ၏စိတ်ဓာတ်တွေ အောက်သို့ထိုးကျချင်ချင်။

အင်းလေ. . မြစ်ဝကျွန်းပေါ်ဒေသတွေပဲ။ ဒီလောက် မှော့ မြစ်တွေ၊ ချောင်းတွေပေါ်မှာပေါ့။





ကိုယ့်တရားကိုယ်ချရင်း မြကြိုးကြာမှာ သာပေါင်းဘက်သို့သွားမည့်မော်တော်ရှိရာသို့ ချီတက်ရသည်။ မြကြိုးကြာကသာ နှမဲ့လို့နေရသည်။ သူ့နောက်တော်ပါးဖြစ်သူ ဒေါ်လေးမြမေခင်ကတော့ ဝမ်းသာအားရနှင့် ရှေ့မှချီတက်နှင့်ပေပြီ။

ပစ္စည်းတွေရော၊ လူရော မော်တော်ထဲမှာ နေရာတကျဖြစ်အောင် စီစဉ်နေလိုက်သည်မှာ နောက်ကတူမဖြစ်သူဘယ်လိုနေသလဲလို့တောင် လှည့်ကြည့်ဖော်မရပါချေ။

မြစ်ကမ်းပါးနှင့် မော်တော်ရှိရာသို့ ထိုးထားလိုက်သည့်ကုန်းဘောင်ပျဉ်ပြားကြီးကလည်း အရှည်ကြီး။

ဆပ်ကပ်သဲမှာ ကြိုးတန်းလျှောက်ရတာကျနေတာပဲ။ လူတွေကလည်း ပျားပန်းခတ်နေကြသည့်နှယ်။ ကုန်တွေ၊ ပစ္စည်းတွေကိုသယ်ပိုးပြီး ပျဉ်ပြားပေါ်မှာ သွားနေလိုက်ကြတာ။

ပျဉ်ပြားကြီးနှစ်ချပ်ကလည်း ညွတ်ပုံ၊ ညွတ်ပုံနှင့်။ အရေးသဲ မြကြိုးကြာက ခွာမြင့်ပင်ဆယ်ဟီးကို စီးထားမိသေးသည်။

ဘယ်လိုလုပ်ရပ့ါ။ ဖိနပ်ကိုချွတ်ပြီး ဒီကုန်းဘောင်ဆိုတာကြီးအပေါ် လေးဖက်ထောက်ပြီးတက်ရလျှင် ကောင်းလေမလား။

မြကြိုးကြာ၏အကျင့်ကလည်း ဘယ်သူ့ကိုမှအောက်ကျ ပေးပြီး အကူအညီတောင်းချင်တာမဟုတ်။ ပြီး လူတွေကိုကြည့် ရတာလည်း ချွေးတရွှဲရွှဲနှင့်။

နောင်တတော့မရပါဘူး။ တိုက်ပေါ်ကမဆင်း၊ ကားပေါ် ကမဆင်းနေလာခဲ့ပေမယ့် ဒါတွေဟာ ပထွေးတော်ကြီးရဲ့ပစ္စည်း တွေပဲမဟုတ်လား။

သူမ၏ ကိုယ်ပိုင်ဥစ္စာကတော့ ပညာရွှေအိုးပါပဲ။ ဒေါက်တာမြကြိုးကြာဆိုသည့် ဂုဏ်ဒြပ်လေးပါပဲ။

နောက်ဆုံး ဖိနပ်ကိုလည်းမချွတ်ဘဲ လုံချည်စကတ်ကို နည်းနည်းဆွဲမပြီး မြကြိုးကြာ ကုန်းဘောင်ပေါ်သို့တက်လိုက် သည်။ ဆပ်ကပ်ထဲကြိုးတန်းလျှောက်သလိုပေါ့။ လျှောက်မည်။ ပျဉ်ပြားတွေကလည်း အကျယ်သားပဲ။

သို့သော် ယှဉ်ချထားသည့်ပျဉ်ပြားနှစ်ပြားကို ခွလျှောက် ဖို့တော့ သူမစိတ်မကူး။ ပျဉ်ပြားနှစ်ချပ်က နည်းနည်းခွာချထား သည်မို့ လမ်းလျှောက်ရတာ ပုဇွန်လုံးလို ကွတ၊ ကွတနေမှာကို တော့ မြကြိုးကြာစိုးသည်။





သည်လိုနှင့်ပဲ ရန်ကုန်သူ ဒေါက်တာမြကြိုးကြာတစ် ယောက် မော်တော်ပေါ်သို့ ရောမစွန့်စားခန်းကြီးတစ်ခုလို ဖြည်းဖြည်း၊ ဖြည်းဖြည်းနှင့်လျှောက်နေစဉ် ရွှံ့တွေ၊ ရေတွေနှင့် ချော်ကျိနေသည့်ကုန်းဘောင်ပေါ်မှ ဒေါက်ဖိနပ်လေးကချော် အံ့ကျ. . .။

"အား. . "

"အမယ်လေး. . "

မြင်မြင်သမျှလူတွေ ဝိုင်းအော်ကြဆဲ နောက်ဘက်မှ အပြေးအလွှားဆွဲယူပွေ့ထိန်းခြင်းကို ရင်တုန်၊ ပန်းတုန်ဖြင့် သူမ ခံယူလိုက်ရသည်။

ကြောက်ရွံ့လွန်းသဖြင့် မြကြိုးကြာမှာ ခြေထောက်တွေ၊ ဒူးတွေတဆတ်ဆတ်တုန်နေစဉ် ထိုသူကပဲ သူမကို ကလေး တစ်ယောက်လို ပွေ့ယူဆယ်ဆောင်သွားပြန်သည်။

မြကြိုးကြာမှာ စောစောကအဖြစ်အပျက်ကို ကြောက်ရွံ့၊ ရင်တုန်ဖြစ်နေမိသဖြင့် မျက်စိပင်ဖွင့်မကြည့်ရဲခဲ့သည်မှာ ထိုသူ က အခင်းပေါ်သို့ချပေးခဲ့သည်အထိ။

မှတ်မှတ်ရရ ချွေးနံ့နှင့် ကိုယ်နံ့ကိုတော့ မြကြိုးကြာမှတ်မိလိုက်ပါသည်။ လွှားလွှား၊ လွှားလွှားနှင့် ထိုသူ အောက်သို့ ပြန်ဆင်းသွားလျှင် မြကြိုးကြာ၏အနီးမှာ ဒေါ်လေးမြမေခင်နှင့် မော်တော်ပေါ်မှလူအချို့။

"ကံကောင်းပေလို့သမီးရယ်၊ ကုန်းဘောင်ပေါ်ကပြုတ်ကျရင် မြစ်ထဲအကျပဲ"

"ငါ့သမီးလေး အရမ်းလန့်သွားမှာပဲ၊ ကြောက်လည်းကြောက်စရာကြီး၊ ရေနစ်မှာ"

ဒေါ်လေးပေးသည့်သွေးဆေးကို လျှာနှင့်လျက်၊ နှာရှူဆေးကို ရှူရင်းနှင့် မြကြိုးကြာမှာ ဘာစကားမှဝင်မပြောအားပါချေ။

တကယ်လည်းလန့်သွား၏။ မြစ်ကိုမမြင်ဖူးရသည့်ကြားထဲ မြစ်ထဲကို အရှိုင်းသက်သက်ကြီးပြုတ်ကျရဦးမည်တဲ့။ ပြီးတော့ မြစ်ရေဆိုတာကြီးကလည်း ငယ်ငယ်တုန်းကသင်ဖူး၊ ကြားဖူးသလို မြသားရောင်လည်းမဟုတ်။ တကယ့်အဝါရောင်ညစ်ပုတ်ပုတ်ကြီး။





"ကောင်လေးကလည်း တော်လိုက်တာဟယ်၊ စူပါမင်းကျနေတာပဲ၊ သူနဲ့အဝေးကြီးကိုများ အပြေးရောက်လာပြီး ဆွဲဖမ်းထားလိုက်တာများလေ"

"အေးနော်၊ ပြီးတော့ ဒီကိုလာပြီး အောက်ချပေးပြီး ပြန်သွားလိုက်တာ တစ်ချက်မှငံ့မကြည့်ဘူး၊ တစ်ခြားသူတွေလို အသားယူဖို့ဝေးလို့ သူ့အလုပ်နဲ့သူကို ပျာယာခတ်နေတာပဲ"

မြကြိုးကြာကို သာပေါင်းမှာတာဝန်ကျမည့်ဆရာဝန်မလေးမှန်းသိသွားကြသည့်အခါ သူမအနားမှာ လူတွေရောက်လာ၊ စကားပြောနေကြပေမယ့် စောစောကလူကတော့ ပေါ်မလာခဲ့ပါချေ။

မော်တော်ထွက်ခါနီးကျမှ မောကြီးပန်းကြီးဖြင့် အထုပ်အပိုးတွေဆွဲကာ သူရောက်လာလျှင် သူ့ကိုကောင်းကောင်းမြင်လိုက်ရသည့် ဒေါ်လေးမြမေခင်က လက်ညှိုးထိုးပြသည်။

"အဲဒီသူငယ်လေးပဲ၊ သမီးကိုဖမ်းထိန်းပေးထားတာ၊ အို. တစ်ကိုယ်လုံး ချွေးတွေနဲ့နစ်လို့"

တကယ်ပါပဲ။ မော်တော်၏အဝမှာ ကျကျနနထိုင်ချလိုက်

ပြီး ယခုမှအမောတွေဖြေနေသည့်သူ့ပုံစံက မသက်သာလိုက်တာ။ မြစ်ပြင်မှလေနုအေးကြောင့် သူ့ဆံပင်တွေဖွာလန်ကြဲနေပုံကလည်း မြင်းရိုင်းတစ်ကောင်နှယ်။

တောင့်တင်းကြွခိုင်သောကိုယ်ခန္ဓာမှာ ချည်ချော့ပုဆိုးတိုတိုနှင့်။ နောက် အပေါ်က ရှပ်အင်္ကျီအကွက်လက်တို။

မည်သူ့ကိုမှလည်းဂရုထားဟန်မရှိ။ သူ့အာရုံနှင့်သူ။ အထုပ်အပိုးတွေအလယ်မှာ ခြေပစ်လက်ပစ်ထိုင်ပြီး အမောတွေဖြေနေလိုက်ပုံက တကယ့်ကိုမသက်သာ။

သြော်. . လူကတော့ လူပုံချောပါပဲ။ အသက်ကလည်း မကြီးကြာလောက်ပေ။ သို့သော် ဘဝမှာ ပင်ပင်ပန်းပန်းရုန်းကန်လှုပ်ရှားခဲ့ရသူမို့ထင့် သူက 'ပိုပြီးအသက်ကြီးနေသလိုလို။

မျက်ခုံး မျက်တောင်တွေ ခပ်ထင်းထင်းရှိပြီး မျက်လုံးကနူးနူးညံ့ညံ့။ စိတ်နှလုံးကောင်းမည့်ပုံ။ နောက် နှာတံပေါ်ပုံနှင့်နှုတ်ခမ်းပိရိပြတ်သားပုံတို့ကို တစ်ချက်ကြည့်ပြီးလျှင် မကြီးကြာမျက်နှာလွှဲလိုက်သည်။ တော်ပြီ။ မှတ်မိပြီ။

ယခုတိုင် ဘဝအမောတွေမပြေသေးသည့်သူ့ကို ကျေးဇူးတင်စကားတွေ၊ ဘာတွေမပြောသေးဘူး။ ရင်ထဲမှာတော့ ကျေးဇူးတင်နေမိပါသည်။ ဘာပဲဖြစ်ဖြစ် မြစ်ထဲပြုတ်ကျမည့်ဘေးမှ ကယ်ခဲ့တာပဲမဟုတ်လား။

လူတွေရှေ့မှာမို့ ရေနစ်လို့မသေခင် လူတွေက ဆယ်မည်ဆိုလျှင်တောင်မှ သူ့ကိုတော့ မကြီးကြာကျေးဇူးတင်ရပါလိမ့်မည်။ သို့သော် ကိုယ်တိုင်လည်း ယခုထိရင်တုန်ခုန်နေဆဲ၊ ကြောက်လန့်နေဆဲမို့ သူမ မျက်စိကိုမှိတ်ပြီး မော်တော်နံရံမှာမှီလျက်အမောဖြေနေမိပါသည်။

အလို. . သူ့အမောတွေ ကိုယ့်ထံကူးစက်ကုန်ပြီလား။ မနက်ကတည်းက အစောကြီးထပြီး မြင်ဆင်လုပ်ကိုင်ခဲ့ရသည်မို့ အိပ်ချင်တာနှင့်ရောပြီး မကြီးကြာ မေ့ကနဲအိပ်ပျော်သွားမိသည်။





ရွှေစကားစာပေ

## အခန်း(၂)

သာပေါင်းဆိပ်ကမ်းသို့ရောက်သောအခါ လာရောက်ကြိုဆိုသူများကို မြကြိုးကြာတို့တွေ့ကြရသည်။

မော်တော်ပေါ်မှာ ဆင်းသူဆင်း၊ တက်သူတက်ဖြင့် ရှုပ်ယှက်ခတ်နေကြဆဲ သူမကိုကြိုဆိုကြသူများ မော်တော်ပေါ်သို့တက်လာကြပြီး အထုပ်အပိုးများကိုဆွဲယူသွားကြသည်။

မြကြိုးကြာမှာ ဒေါ်လေးမြမေခင်နှီးမှ နိုးသွားသူမို့ ယခုမှယောင်ချာချာ။

"ဒေါ်လေး. . ဟိုလူရော၊ ကျွန်မ သူ့ကိုကျေးဇူးတင်စကားပြောရဦးမယ်လေ"





သူမ်ပြောမှ ဒေါ်လေးကလည်း သတိရပြီး ရှာလိုက်မိကြသည်။

"အေးဟယ်. . တုတ်ပါရဲ့၊ ကောင်လေးဘယ်ရောက်သွားပါလိမ့်၊ ဒေါ်လေးလည်း နည်းနည်းအိပ်ငိုက်မိသွားတယ်၊ သူဘယ်မှာဆင်းသွားမှန်းတောင်မသိလိုက်ဘူး"

"ဒေါ်လေးကလည်း သူ့အားကိုးရမလားမှတ်တယ်"

နောက်ဆုံး သူမတို့တဝရိုးနှစ်ယောက် မော်တော်ပေါ်မှဆင်းလိုက်ကြသည်။ လာရောက်ကြိုဆိုနေကြသူများမှာ အားလုံး(၅)ယောက်။

"ဆရာဝန်ကြီးက သူ့အိမ်ကိုခေါ်ခဲ့ဖို့မှာလိုက်ပါတယ်၊ နောက်မှ နေရမယ့်အိမ်ကို သွားတာပေါ့"

။ ပစ္စည်းပစ္စယများကို ကားနှင့်တင်ပြီး သူမတို့လိုက်ပါသွားကြရသည်။

"ဒေါက်တာက ရန်ကုန်ကလာတာဆိုတော့ ကျွန်တော်တို့မြို့မှာ ပျင်းမှာပဲ၊ ဒါပေမယ့် အစားအသောက်ကတော့ ပေါပါတယ်၊ အသား၊ ငါး၊ ပုဇွန်ပေါတယ်၊ ဟင်းသီးဟင်းရွက်ပေါတယ်၊ နောက် နွားနို့စစ်စစ်လည်းရနိုင်ပါတယ်"

ကားပေါ်မှာပါလာသည့် ဆေးရုံဝန်ထမ်းတစ်ဦးကပြောလျှင် ဒေါ်လေးကတော့ အလိုက်အထိုက်ပြန်ပြောနေ၏။

“နွားနို့စစ်စစ်ရမယ်ဆိုတာကတော့ ပုံပြင်ပဲ၊ မြန်မာပြည်ဘယ်အရပ်မှာမှ နွားနို့စစ်စစ်မရနိုင်ပါဘူးနော်”

“ဟာ. . ရတယ်အန်တီ. . ရတယ်၊ တစ်ခြားမှာမရရင်တောင်မှ ‘ငွေစင့်’ခြံကတော့ နွားနို့စစ်စစ်ရတယ်၊ ဒီကောင့်ခြံက နာမည်ကြီး၊ အဲ. . အန်တီတို့နေရမယ့်အိမ်နဲ့လည်း မဝေးပါဘူး”

“ဘယ်သူ. . . ငွေစင်. . ဟုတ်လား၊ နာမည်ကလည်းအဆန်းပါလား၊ မိန်းကလေးဖြစ်ပြီး မွေးမြူရေးလုပ်တတ်တယ်ဟုတ်လား”

ဒေါ်လေး၏စကားကိုကြားလျှင် ကားပေါ်မှလူများကဝိုင်းဝန်းရယ်မောကြလေသည်။

“ငွေစင်က ယောကျ်ားပါအန်တီရဲ့၊ မိန်းကလေးမဟုတ်ပါဘူး”

မြကြိုးကြာကတော့ ကားပြတင်းမှမြင်ရသည့်မြို့လေးကိုပဲလှေလာ၊ကြည့်ရှုနေမိသည်။ မဆိုးပါဘူး။ သာယာတဲ့မြစ်ဝကျွန်းပေါ်မြို့လေးတစ်မြို့ပါပဲ။





မြကြိုးကြာဆိုတာ မီးရောင်တလျှပ်လျှပ်ကို ရွှေရောင်ထင်ြး ဝင်တိုးတတ်သည့်ပိုးဖလံမလေးမဟုတ်သည်မို့ သာမန်မြို့လေးတစ်မြို့မှာ နှစ်ခြိုက်စွာနေနိုင်ပါလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ပထွေးတော်ကြီး၏ အပြစ်ရှာမျက်ဝန်းအောက်မှ လွတ်မြောက်ခွင့်ရခဲ့ပြီမဟုတ်ပါလား။ နမမေ့ကိုလည်းကြိုးကြာမလွမ်းချင်ပါ။ မေမေဟာ စိန်ရောင်၊ ရွှေရောင်၊ ပိုးဖဲတွေပါအရောင်တို့ကိုမှ တပ်မက်အထင်ကြီးတတ်သူ။

ဒေါ်လေးမြမေခင်ကတော့ မြကြိုးကြာနှင့် သဘောချင်းက်ဆိုင်လှပါသည်။

“ငါတို့ကတော့ဟော့ ခပ်အေးအေးပဲ၊ ထမင်းကြမ်း ဟင်းပြီးစားရ၊ စားရ၊ စိတ်ချမ်းသာမယ်ဆိုရင် ပြီးတာပဲ၊ အစ်မက်ပေါ်မှာ ကားစီးပြီး ကိုယ်နဲ့မအပ်စပ်တဲ့အသိုင်းအဝိုင်းမှာက်နှာငယ်နေရတာထက် ကိုယ့်တူမလေးကို လိုက်စောင့်ရှောက် ထမင်းချက်လုပ်တာကမှ ဘဝမှာနေပျော်သေးတယ်”

ဒေါ်လေးသည် သူကြွေးကြော်သည့်အတိုင်းလည်း တကယ် ပျော်နေခဲ့ပါသည်။ သူ့ခန္ဓာကိုယ်ဝဝလေးနှင့်မလိုက်အောင် သူ့လှုပ်ရှားမှုတို့က သွက်လက်လျက်။

မကြာခင် ဆေးရုံအနီးရှိ မြို့နယ်ဆရာဝန်ကြီး၏အိမ်သို့ မြကြိုးကြာတို့ရောက်ရှိသွားကြသည်။ သူမတို့ လမ်းမှာ အထက် တန်းကျောင်းနှင့် လူနေအိမ်ခြေများ၊ လမ်းများကိုတွေ့ရပြီးပါပြီ မြို့ကတော့ ခပ်သေးသေးပါပဲ။

သို့သော် ဘေးနယ်တွေ ကျယ်သည်ထင်ပါသည်။ ဆရာ ဝန်ကြီးဦးမင်းခင်နှင့် မြို့မိ၊ မြို့ဖအချို့က အိမ်ဝမှဆီးကြိုနေကြ သဖြင့် သူမတို့အားရှိကြရပါသည်။

"လာကြပါ၊ လာကြပါ၊ ကားက ဂျစ်ကားဆိုတော့ လူ... က အိမ်မှာပဲစောင့်နေကြတာပါ၊ ပစ္စည်းတွေရော အကုန်ပါ... လား"

သဘောကောင်းပုံရသည့် ဆရာဝန်ကြီးကိုကြည့်ပြီး မြကြိုး ကြာ ဦးညွတ်နှုတ်ဆက်လိုက်သည်။

"ပါပါတယ်ဆရာ၊ ကျွန်မတို့တူဝရီးမှာ အဝတ်အစား သားရေသေတ္တာနှစ်လုံးနဲ့ တိုလီမိုလီခြင်းနှစ်ခြင်းပဲပါပါတယ် ကျန်တာ ဒီကျမှစုဆောင်းမယ်လေ၊ ဒီလိုပဲ ငှားတန်တာငှား တောင်းတန်တာတောင်းပေါ့"



မြကြိုးကြာအရွှန်းဖောက်လိုက်လျှင် အားလုံးရွှင်ပြုံးသွား ရယ်မောကြပါသည်။ ဘာပဲပြောပြော သူမ၏နားမှစိန်နားကပ် နှင့် ဒေါ်လေးမြမေခင်၏စိန်နားကပ်ကပင် မြကြိုးကြာတို့၏ အဆင့်ကို ဖော်ပြပါလိမ့်မည်။

"ဟာ. . ရပါတယ်ဒေါက်တာလေးရယ်၊ ဟုတ်တာပေါ့၊ ကုန်းတစ်တန်၊ ရေတစ်တန်ခရီးကြီးထဲ ဘယ်တိုလီနတ်စတွေ လျှောက်သယ်နေနိုင်မလဲ၊ လိုတာအားလုံး ဒီမြို့မှာ ငှားလို့ဝယ် လို့ရပါတယ်၊ ကဲ. . ခရီးပန်းလာကြတယ်မဟုတ်လား၊ ဒီမှာ ခေတ္တနားပြီးရင် ညနေစာစားကြမယ်"

မြကြိုးကြာတို့ အိမ်ထဲသို့ဝင်ကြပြီး ဧည့်ခန်းမှာထိုင်ကြ၏။ လက်ဖက်ရည်နှင့်မုန့်များ၊ အမြည်းများနှင့်ပင် စားပွဲပေါ်မှာ ပြည့်ကျပ်နေတော့၏။

"ဆရာမတွေ အပြင်ထွက်လာကြပါဦး၊ ဒေါက်တာရေ. . ဒီဆေးရုံမှာ အားလုံး ဆရာမ(၈)ယောက်ရှိတယ်၊ အခု ဒီမှာ လာကူနေကြတာ သုံးယောက်၊ ဒီနေ့တော့ ဒေါက်တာညစာစား ပြီးရင် နေရမယ့်အိမ်ကိုသွားကြမယ်၊ အရင်ပြောင်းသွားတဲ့ဆရာ ဝန်နေတဲ့အိမ်လေ၊ နောက်နေ့မှ ဆေးရုံကိုသွားကြတာပေါ့"

ဆရာ၀န်ကြီးက မြို့မိ၊ မြို့ဖအချို့နှင့်မိတ်ဆက်ပေးပြီးလျှင် ဒီမှာရှိနေသည့် သူနာပြုဆရာမလေးသုံးယောက်နှင့်လည်း မိတ်ဆက်ပေးလေသည်။

အားလုံးပျော်ပျော်ပါးပါး ညနေစာစားပြီး မြကြိုးကြာတို့ နေထိုင်ရမည့်အိမ်သို့ ဆရာမလေးများက လိုက်ပို့ကြသည်။

"အင်း. . အိမ်ကလေးကတော့ ချစ်စရာပဲနော်၊ ဒီမြို့မှာ အိမ်တွေအားလုံး အမြင့်တွေများကြတယ်၊ မြစ်ကမ်းပါးဆိုတော့ ရေလျှံတတ်လို့လား"

ဒေါ်လေးကမေးလျှင် ဆရာမလေးများက ရယ်ကြသည်။

"ကြိုတင်ပြီးစိတ်ပျက်မသွားပါနဲ့ဦးအန်တီရယ်၊ ဒီလိုပဲ ရေလျှံတဲ့အခါလျှံ၊ မလျှံတဲ့အခါ မလျှံပေါ့၊ ဒီကုန်းလေးကတော့ ရေရောက်ခဲပါတယ်၊ ကဲပါ. . အန်တီရယ်. . ဒီမြို့ကလေးက သာယာပါတယ်၊ ကဲ့. . ၀င်ကြစို့၊ ဒီမှာ. . သော့၊ ဆရာကြီးပေး လိုက်တယ်"

အိမ်သော့ကို ဆရာမလေးတစ်ယောက်ကထုတ်ပေးလျှင် မြကြိုးကြာမေးမိသည်။





"ပိုင်ရှင်က ဘယ်သူလဲ၊ ဆရာကြီးရဲ့အိမ်လား"

အိမ်ကလေးက သစ်သားလေးပင်အိမ်။ တိုက်ခံနှင့် နှစ်ထပ် အိမ်လေးပေါ့။ အောက်ထပ်မှာ ဆေးခန်းဖွင့်ပြီး အပေါ်ထပ်မှာ လူနေဖို့သင့်တော်လေသည်။

နောက် မီးဖိုဆောင်အဖြစ် တိုက်ခန်းလေးလည်း ကပ် လျက်ရှိနေလေ၏။

"မဟုတ်သေးဘူးဒေါက်တာရဲ့၊ အိမ်ပိုင်ရှင်က ကိုငွေစင်၊ သူကတော့ သူ့ရဲ့မွေးမြူရေးခြံမှာ သွားနေတယ်လေ"

"ငွေစင်. ."

ဒီနာမည်ကြားရတာ နှစ်ခါရှိပြီမဟုတ်ပါလား။ ကြံကြံဖန် ဖန် ဒီအိမ်ဟာ ကိုငွေစင်ရဲ့အိမ်တဲ့။

ဆရာမလေးက အိမ်သော့ကိုဖွင့်လိုက်လျှင် မြကြိုးကြာတို့ တူ၀ရီး ၀င်လိုက်ကြသည်။ အိမ်ကပြောင်းသွားတာ မကြာသေး သည်ကြောင့်လားပင်။ အားလုံး ပြည့်ပြည့်စုံစုံ။

"ဒီအိမ်က အိမ်ထောင်ပရိဘောဂတွေက အရင်ဆရာ၀န် ကျန်ခဲ့တာလား"

"မဟုတ်ဘူးမမရဲ့၊ ဒါ အိမ်ပိုင်ရှင်ကိုငွေစင်ရဲ့ ပစ္စည်းတွေ"

"ဪ. ."

တကယ်ပါပင်။ ဧည့်ခန်းထဲမှာ ဆက်တီတွေနှင့် တောက်ပြောင်လှပနေသလို အပေါ်ထပ်တက်ကြည့်တော့လည်း အိပ်ခန်းတွေထဲမှာ ကုတင်တွေနှင့်။ မဆိုးပါဘူး။

"အိမ်ထောင်ပရိဘောဂတွေရော၊ အိမ်ရော ငှားတဲ့သဘောပေါ့နော်၊ နောက် မီးလည်းရှိသေးတယ်၊ ရေလည်းရတယ်ဆိုတော့ အိမ်လခက တော်တော်ပေးရမှာပဲ၊ ဟုတ်လား"

ဒေါ်လေးက ဆရာမလေးတစ်ယောက်ဆီသို့ မေးလိုက်၏။ အဖြေကို မြကြိုးကြာလည်း နားစွင့်လျက်။

"မပေးရပါဘူးအန်တီ၊ အိမ်လခအဖြစ် တစ်ပြားမှမယူပါဘူး"

"ဟေ. ."

"တစ်ခုတော့ရှိတယ်၊ သူ့မှာခံစားချက်ရှိတယ်လေ၊ သူ့မိဘနှစ်ပါးစလုံး ဒီသာပေါင်းဆေးရုံပေါ်မှာ၊ ဆရာဝန်၊ ဆရာမတွေရဲ့လက်ပေါ်မှာပဲ သေဆုံးသွားကြဖူးလို့ ကျေးဇူးဆပ်တာ





ားတော့မသိဘူး၊ ပြောင်းလာသရွေ့ ဆရာဝန်၊ ဆရာမတွေ ကို အိမ်လခမယူဘဲ ငှားထားတာတော့ရှိတာပဲ"

"နို့. . သူကျတော့ ဘယ်မှာသွားနေလဲ၊ နေရေး၊ ထိုင်ရေး အဆင်ပြေလို့လား"

"အဆင်ပြေလောက်ပါတယ်၊ သူက မြို့စွန်က သူ့မွေးမြူရေးခြံမှာ သွားနေတယ်လေ"

"ဪ. ."

ငွေစင်ဆိုတဲ့လူရဲ့အကြောင်းကို ဒီထက်ပိုပြီး စိတ်ဝင်စားနေသော်လည်း ခရီးရောက်မဆိုက်မို့ မြကြိုးကြာဆက်ပြီးမမေးနိုင်တော့ပါ။

နောက် အချိန်တွေအများကြီးရှိသေးတာပဲလေ။

## အခန်း(၃)

သာပေါင်းမှာ သုံးရက်ခန့်ကြာသွားလျှင် မြကြိုးကြာတို့ အခြေကျသွားကြသည်။ ဒေါ်လေးကတော့ အသား၊ ငါး၊ ပုဇွန် ပေါသည့်မြို့မို့ တစ်နေ့၊ တစ်နေ့ ဝယ်လိုက်၊ ခြမ်းလိုက်၊ ချက်လိုက်၊ ပြုတ်လိုက်နှင့်။

ပါးစပ်ကလည်း တဗျစ်တောက်တောက်။

"ငါကတော့ ဒီမှာ ကိုယ့်တူမလေးနဲ့ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ၊ နိဗ္ဗာန်ကိုရောက်လို့၊ အင်း. . ငါ့အစ်မခမျာတော့ ရန်သူတွေရဲ့အလယ်မှာ ကျီးဆိတ်တဲ့ဖားလို ပြာနေရှာမှာပဲ"

သာပေါင်းမှာ လူနာတွေ တအားကြီးမရှုပ်ထွေးသည့်





အပြင်ဆေးခန်းကလည်း လူနာအသင့်အတင့်မျှသာ။ မြကြိုးကြာဆိုတာကလည်း အသပြာဆရာဝန်မဟုတ်သည်မို့ ဒီအခြေအနေလောက်ကိုပဲ ကျေနပ်လှပါသည်။

ကိုယ်က ဆရာဝန်ဖြစ်စ၊ ဒီမြို့ကိုရောက်ခါစ မဟုတ်ပါလား။ တာဝန်ချိန်ပြီးသည့်အခါ တူဝရီးနှစ်ယောက် အေးအေးလူလူ။

တကယ်ပါပဲ။ ဘဝမှာ ဒီလို တစ်ခါမှ အေးအေးဆေးဆေး မနေခဲ့ရပါဘူး။ မေမေ့အတွက်တော့ စိတ်မကောင်းဘူးပေါ့။

သားအမိ၊ တူဝရီးတွေ ငယ်ငယ်ကတည်းက ရှုန်းကန်လှုပ်ရှားလိုက်ရတာများလေ။ ဆင်းရဲသားရပ်ကွက်၏ တစ်ခုသောအိမ်ကလေးရှေ့မှာ မုန့်ဟင်းခါးဆိုင်လေးဖွင့်ပြီး ဘဝရဲ့စစ်မျက်နှာကို ရင်ဆိုင်တိုက်ခိုက်ခဲ့ကြရတယ်။

နောက် ရုပ်ရည်ချောမောလှပတဲ့မေမေဟာ မုဆိုးဖိုအဘိုးကြီးတစ်ယောက်နဲ့ လက်ထပ်ခွင့်ရခဲ့လို့ သူမတို့အားလုံး ရွှေစံအိမ်ပေါ်ကို ခွေးတိုးပေါက်မှတစ်ဆင့် မျက်နှာငယ်စွာနဲ့ တိုးဝင်ကြရတယ်။

ဟုတ်တယ်။ သူဌေးတစ်ယောက်နဲ့လက်ထပ်ခွင့်ရတာကို မေမေက ဘ၀၏ပန်းတိုင်လို့သတ်မှတ်ခဲ့ပေမယ့် မြကြိုးကြာတို့တူ၀ရီးကတော့ ဤသို့မမှတ်ယူခဲ့ပါ။

ပန္နထွေးတော်ကြီးဦးကျော်သွင်၏အိမ်မှာ သူ့သား၊ သမီး၊ သားမက်၊ ချွေးမပေါင်းစုံ၏မျက်နှာကိုကြည့်ပြီး ရွှေထမင်း၊ ရွှေဟင်းတွေစားနေရတာသည် ဘ၀၏အနှစ်သာရမဟုတ်။

ဘာပဲဖြစ်ဖြစ် အခုတော့ မြကြိုးကြာ ဆရာ၀န်မလေးတစ်ယောက်ဖြစ်ခဲ့ရပါပြီ။ ဦးကျော်သွင်၏အိမ်၊ မီးဖိုဆောင်မှာ အိမ်ဖော်တစ်ယောက်လို ပိတ်မိနေခဲ့ရသည့်ဒေါ်လေးမြမေခင်ကို မြကြိုးကြာဆွဲထုတ်လာနိုင်ခဲ့သော်လည်း မေမေဒေါ်မြစိမ်းခင်ကိုတော့ သူမ ဆွဲထုတ်လာလို့မရခဲ့ပါချေ။

မေမေ့ထိုက်နဲ့မေမေ့ကံရယ်လို့ စွန့်ပစ်ခဲ့သည်မျိုးမဟုတ်ရပေမယ့် မြကြိုးကြာတို့တူ၀ရီးကတော့ ဘ၀၏အဓိပ္ပာယ်တို့ကို လွတ်လပ်စွာပျံသန်းရှာဖွေပါတော့မည်။

မေမေ့ကိုလည်း ရင်ဖွင့်ကြိုဆိုလျက်ပေါ့။ တူ၀ရီးနှစ်ယောက် ညနေစာစားဖို့ ပြင်ဆင်နေကြစဉ် အိမ်ရှေ့မှအသံဗလံကြားရသဖြင့် မြကြိုးကြာထွက်ကြည့်လိုက်သည်။





"ဟင်. ."

အထုပ်အပိုးတွေနှင့် လူငယ်တစ်ယောက်။ ဘောင်းဘီည်နှင့်အကျီအဖြူလက်ရှည်။ နောက် လည်စည်းတွေ၊ နက်ကတိုင်တွေနှင့် သပ်ရပ်ကျော့ရှင်းလှပလျက်။ ထူးထူးခြားခြား။

"အို. ."

နောက်မှလိုက်ထွက်လာသည့် ဒေါ်လေး၏အသံကြောင့် မြကြိုးကြာ ဒေါ်လေးကိုလှည့်ကြည့်လိုက်၏။

"သူ. . သူ. . သမီးကို မြစ်ထဲပြုတ်မကျအောင်ကယ်ခဲ့တဲ့လူငယ်လေးလေ၊ အလို. . ခုတော့လည်း လှပတောက်ပြောင်လို့ပါလား၊ မျက်လှည့်ပြလိုက်သလိုပါပဲလားကွယ်၊ လာ. . မောင်မင်း. . ထိုင်. . ထိုင်. . အခု ဘယ်ကနေ ဘယ်လို. ."

ဒေါ်လေးက ထုံးစံအတိုင်း သူ့ကိုယ်လုံး၀၀ကြီးကိုလှုပ်ရင်း စကားတွေရေပက်မ၀င်ပြောနေလျှင် တစ်ဖက်လူမှာ စကားတစ်ခွန်းမျှပင်မပြောသာတော့ချေ။

သူ့အထုပ်အပိုးများကို ဧည့်ခန်းထဲသို့သွင်းရင်း ဆက်တီတစ်ခုမှာ၀င်ထိုင်လိုက်ပုံက သူ့အိမ်၊ သူ့ယာပြန်လာသဖွယ်။

"ကျွန်တော် ခုမှပြန်လာတာပါ၊ ကျောင်းကိစ္စတွေလည်း ပြီးသွားပါပြီ၊ နောက် ပို့စတင်စောင့်ရင်း ဒီလိုပဲနေရတော့မှာ၊ အားနာဖို့ကောင်းလိုက်တာ"

သူက သူပြောချင်တာတွေပြောခဲ့သလို ဒေါ်လေးကလည်း ပြောချင်တာတွေပြောလျက်။ မြကြိုးကြာမှာ နားထိုင်းကြီးနှစ်ယောက်၏စကားပြောနေပုံလို ရယ်ချင်နေတာအမှန်။

"အဲဒီနေ့က ကျေးဇူးတင်စကားမပြောရလို့တဲ့ကွယ်၊ မင်းညီမ. . အဲ. . မင်းအစ်မက ဒေါ်လေးကို တဗျစ်ဗျစ်နဲ့၊ ကဲ. . အခုဘယ်လိုကနေ ဘယ်လိုဒီကိုရောက်လာတာလဲ"

သူက ဒေါ်လေးပြောလို့ပြီးမှ စိတ်ရှည်စွာပြုံးပြရင်း. . .

"ခါတိုင်းတော့ ဆရာဝန်တွေဆိုတော့ အတူနေလိုက်တာပဲလေ၊ ကျွန်တော့်အခန်းက အောက်ထပ် ဟိုဘက်ထောင့်ခန်းပါ"

သူက ဧည့်ခန်းမှမြင်နေရသည့်ခေါင်းရင်းခန်းကို လက်ညှိုးထိုးပြ၏။ ဟုတ်ပါရဲ့။ အခန်းက ပိတ်လျက်သား။ သူ့လက်ထဲမှာလည်း သော့တစ်ချောင်းနှင့်။

ဒါဖြင့် သူဟာ ငွေစင်ဆိုသည့်လူပေါ့။ တူဝရီးနှစ်ယောက်





သား သူ့ကို အလိုက်သင့်ကြည့်နေကြလျှင် သူက အခန်းတံခါးကိုသော့ဖွင့်ပြီး သူ့ပစ္စည်းများကိုထည့်လေ၏။ ပြီးမှ. . .

"အန်တီတို့တူဝရီး စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ကျွန်တော် ဒီည သူငယ်ချင်းအိမ်မှာသွားအိပ်လိုက်မယ်၊ နောက်နေ့မှ ကြည့်ပြီးစီစဉ်ကြတာပေါ့"

ပြောပြောဆိုဆိုနှင့် သူက ဦးညွှတ်ပြီးထွက်ခွာသွားလျှင် ဒေါ်လေးက ကပျာကယာတားဆီးလိုက်သည်။

"နေ. . နေပါဦးမောင်ငွေစင်ရယ်၊ ကြုံတုန်း ထမင်းစားသွားပါဦးလား"

အိမ်ရှင်ကို အိမ်ငှားတွေက ထမင်းကျွေးလျှင် သူကပြုံးပြန်သည်။

"ရပါတယ်အန်တီ၊ ကျွန်တော် သူငယ်ချင်းအိမ်မှာပဲစားလိုက်တော့မယ်၊ ပြီးတော့ ကျွန်တော့်နာမည် ငွေစင်မဟုတ်ပါဘူး၊ ရွှေစင်ပါ"

"ရွှေစင်. . "

"ဟုတ်ပါတယ်၊ ရွှေစင်ပါ၊ ရွှေဆိုတော့ ငွေထက်ပိုပြီး တန်ဖိုးကြီးတာပေါ့လေ၊ ဟုပင်ပြီလား"

သူက ရယ်ရယ်မောမောနှင့်ပင် အိမ်ပေါ်မှဆင်းသွားလျှ
မြကြိုးကြာတို့တူဝရီးမှာ အတွေးပေါင်းများစွာဖြင့် ကျန်ခဲ့လေ
သည်။

ရွှေစင်နဲ့ငွေစင်တဲ့။ ငွေစင်က ဒီအိမ်ပိုင်ရှင်ဖြစ်သလို ရွှေ
စင်ကလည်း ဒီအိမ်ပိုင်ရှင်။ ဒါဖြင့် သူတို့က ညီအစ်ကိုလား
ဒါမှမဟုတ် ဘယ်အရာ၊ ဘယ်စကားတွေက မှားနေတာလဲ။

"ကဲ. . သမီးရေ. . ထမင်းစားကြစို့၊ သမီးကလည်း တွေ
တော့လည်း ကိုယ့်ကျေးဇူးရှင်ကို ကျေးဇူးတင်စကားလေး၊ ဘာ
လေးတောင် မပြောလိုက်ဘူး၊ ကိစ္စမရှိပါဘူးလေ၊ သူကလည်း
ဒီအိမ်မှာပဲ နေမှာမဟုတ်လား၊ နောက်ကျမှပြောပေါ့"

ဒေါ်လေးက ထမင်းစားပွဲဆီသို့သွားရင်းပြောနေလျှင် မြ
ကြိုးကြာ ဆတ်ကနဲတုန်လှုပ်ရပါသည်။

"ဟင်. . သူက ဒီမှာနေမှာ. . ဟုတ်လား၊ အဲဒါဆိုရင်
ကျွန်မတို့အိမ်ပြောင်းရမှာပဲ၊ ယောကျ်ားတစ်ယောက်နဲ့တော
အတူမနေချင်ပါဘူး၊ စိတ်လွတ်၊ ကိုယ်လွတ်နေလို့မရ၊ ပြော
မရ၊ နားလို့လည်းမရ"





"ဟဲ့. . သူ့ပုံစံကြည့်ရတာ ရည်မွန်ပါတယ်၊ ဟိုနေ့ကတွေ့
တဲ့ပုံစံနဲ့ တစ်ခြားစီပဲနော်"

ဒေါ်လေးက မြကြိုးကြာ၏ပန်းကန်ထဲသို့ ထမင်းများ
ထည့်ပေးရင်းမှ မှတ်ချက်ချလေ၏။

"ရည်မွန်မွန်၊ မမွန်မွန် သမီးတော့ ယောကျ်ားတစ်ယောက်
နဲ့ တစ်အိမ်ထဲအတူမနေချင်ပါဘူး၊ လုံးဝပဲ၊ ယောကျ်ားတွေဆို
မုန်းတယ်၊ အပေါ်ယံပဲ မလွဲသာလို့ပေါင်းရမှာ"

"အဲလိုတော့. . ခြေမ မကောင်းခြေမ၊ လက်မ မကောင်း
လက်မပေါ့၊ ကိုယ့်ပထွေးနဲ့ ပုထွေးကပါတဲ့သားတွေမကောင်း
တာနဲ့ပဲ ယောကျ်ားထုကြီးတစ်ရပ်လုံးကို မုန်းရမတဲ့လား၊ ဘာလဲ
ညည်း သူ့ကိုကြည့်လို့မရဘူးလား၊ ပြီးတော့ ညည်းတစ်သက်
ဘယ်တော့မှ ယောကျ်ားမယူတော့ဘူးလား"

ဒေါ်လေး၏စကားကိုမဖြေနိုင်သေးဘဲနှင့် မြကြိုးကြာ
ထမင်းကိုစတင်စားနေမိ၏။ ပုဇွန်ထုပ်ကိုမီးဖုတ်ပြီး သုတ်ထား
တာကလည်းလတ်လတ်ဆတ်ဆတ်မို့ ချိုလှသည်။

ဒေါ်လေးကလည်း ဟင်းချက်ကောင်း။ သားငါးတွေက

လည်း ဈေးချိုချိုမို့ မြကြီးကြာမှာ ထမင်းကိုသာ စိတ်ဝင်တစား ဖြင့် အားပါးတရစားပစ်လိုက်သည်။

စိတ်ချမ်းသာလိုက်တာ။ ဘယ်သူ့မျက်နှာကိုမှ မော်မကြည့် ရဘဲ ကိုယ့်လုပ်စာနှင့်ကိုယ်ရှာစားရတာ ဘယ်လောက်စိတ်လွတ် လိုက်ပါသလဲ။

ဒေါ်လေးမှာ မြကြီးကြာကိုကြည့်ပြီး အားမလို၊ အားမရ။ သူက အစားထက် စကားပိုများချင်သူ။

"ငါမေးတာလည်းဖြေစမ်းပါဦးအေ့၊ ညည်း သူ့ကိုကြည့် လို့မရဘူးလား၊ စကားလည်း တစ်ခွန်းမှမပြောလိုက်ဘူး၊ ကျေးဇူး တင်စကားမပြောတောင် နည်းနည်းပါးပါးတော့စကားပြောသင့် ပါတယ်အေ၊ ကိုယ်က သူ့အိမ်မှာလည်းနေသေး"

"အဲဒီဒေါ်လေး စကားကိုများတယ်၊ ထမင်းအရင်စား လိုက်ပါဦး၊ ပြီးမှပြော၊ ကျွန်မစိတ်ထဲမှာ တစ်ခုခုလိုနေသလိုကြီး မို့ စဉ်းစားနေလို့ စကားမပြောဖြစ်တာပါ၊ သမီးကိုကယ်တာ သူမဟုတ်နိုင်ဘူး"

"ဟဲ့. . ဘာလို့မဟုတ်ရမှာလဲ၊ အဲဒီရုပ်ပဲလေ၊ ညည်းမမှတ် မိဘူးလား"





"အို. . ရုပ်တူပေမယ့် သူ့အမူအရာ၊ သူ့ဟန်တွေက ဟုတ်နိုင်ပါဘူး၊ ဒီလူက ယဉ်ကျေးတယ်၊ ဟိုလူက အရိုင်းဆန် ယ်"

မြကြီးကြာထောက်ပြလျှင် ဒေါ်လေးမှာ ဇဝေဇဝါဖြစ် ွားပုံရ၏။

"အို. . အတူတူပါပဲအေ၊ ဟိုတစ်နေ့က သူ အရေးတကြီး စ္စတွေရှိလို့ ချွေးတွေနဲ့ရုပ်ပျက်နေရပေမယ့် ခုလို အေးအေး ဆေးဆေးကျတော့လည်း ရုပ်က ပိုပြီးသန့်နေ၊ ချောနေတာပေါ့ လ"

ဒေါ်လေးက ထမင်းစတင်စားနေစဉ်ပင် မြကြီးကြာ မင်းစားလို့ပြီးသွားသည်။ နောက် ဒီအိမ်နှင့် ရွှေစင်၊ ငွေစင်တို့ ကြောင်းကို ပိုပြီးသိရအောင် ခေါင်းရင်းခြံရှိ အဘဦးအောင်သူ ို့အိမ်သို့သွားပြီး စနည်းနာရန် သူမထွက်ခဲ့လေတော့သည်။

# အခန်း(၄)

"ဟင်. . "

ခေါင်းရင်းအိမ်သို့လှမ်းဝင်လျှင်ဝင်ခြင်း စောစောကရွှေစင်ဆိုသည့်လူကို ညှော်ခန်းထဲမှာ အဘဦးအောင်သူတို့နှင့်အတူတွေ့လိုက်ရသဖြင့် မြကြိုးကြာ၏ခြေလှမ်းများရပ်တန့်သွားကြသည်။

ဆက်ဝင်သွားရကောင်းမလား။ မဝင်ရကောင်းမလားဟု စဉ်းစားနေစဉ်မှာပင် အဘဦးအောင်သူနှင့်အဘွားဒေါ်ဝင်းခင်တို့က သူမကိုမြင်သွားကြလေသည်။

"ဩော်. . ဒေါက်တာမလေးပါလား၊ အလည်လာသလားသမီး၊ လာ. . လာ"





အဘွားဒေါ်ဝင်းခင်က တလေးတစား၊ တယုတယနှင့်ထွက်ပြီးဆွဲခေါ်သဖြင့် မြကြိုးကြာ အိမ်ထဲသို့ဝင်လာရတော့သည်။

ညှော်ခန်းရှိ အဘွားနေရာချပေးရာမှာထိုင်လိုက်ရလျှင် ရွှေစင်နှင့်သူမ မျက်နှာချင်းဆိုင်။ အဝတ်အစားလဲထားသဖြင့် ရွှေစင့်ပုံစံက စောစောကပုံစံမဟုတ်တော့။ လည်စည်းတွေ၊ နက်ကတိုင်တွေနှင့်မဟုတ်တော့ဘဲ ချည်ချောပုဆိုးနှင့် ရှပ်အကွက်လက်တို။

ဆံပင်ကိုသေချာစွာဖြီးထားပြီး ရေချိုးထားပြီးစနှယ် သူ့အသွင်က ရှင်းသန့်နေသည်။ သူကလည်း မြကြိုးကြာကို မပြုံးမရယ်ပုံစံနှင့် ခပ်စူးစူးပင်လေ့လာကြည့်ရှုနေသည်။

အသားဖွေးဖွေးစိမ်းစိမ်းလေးများနှင့် မျက်ဝန်းလှလှ၊ တင့်ဘယ်ချောမောသည့်ခေတ်၏မိန်းမပျိုလေးတစ်ယောက်ကို သူတွေ့ရပါလိမ့်မည်။

မြင်သူတိုင်း မှတ်မှတ်ထင်ထင်ဖြစ်စေမည့် ဒေါက်တာမချောချောလေးပါပဲ။

အဘဦးအောင်သူက စားပွဲပေါ်မှာရှိသည့် ရေနွေးကြမ်းနှင့်လက်ဖက်သုတ်၊ ငါးဥကြော်၊ ပုစွန်ခြောက်သုတ်တို့ကို သူမထံ တိုးပေးသည်။

"သမီးရဲ့ဒေါ်လေးရော ခေါ်ခဲ့ပါဦးကွယ်၊ စကားလေး ဘာလေး အေးအေးဆေးဆေးပြောရအောင်"

"ထမင်းစားနေတုန်းမို့ပါအဘ၊ တော်ကြာလိုက်လာပါလိမ့်မယ်"

အဘွားဒေါ်ဝင်းခင်က မြကြိုးကြာထံသို့ ပုစွန်ခြောက်သုတ်ပန်းကန်ကိုလှမ်းပေးရင်း စကားဆို၏။

"ပုစွန်ခြောက်သုတ်လေးစားလိုက်ပါဦးသမီးရယ်၊ မောင်ငွေစင်ယူလာတာကွယ့်၊ အားကြီးချိုတယ်၊ လူကလေးကတော့ ဒီလိုပဲ၊ အိမ်ကိုလာရင် တစ်ခုမဟုတ်တစ်ခု ယူလာပေးတော့တာပဲ"

"ငွေစင် . ."

သူမ၏နှုတ်မှ အသံတစ်ခုထွက်သွားပြီး မြကြိုးကြာ သူ့ကိုမျက်ခုံးပင့်ပြီး အံ့ဩတကြီးကြည့်မိသည်။ ချည်ချောပုဆိုးနဲ့ ရှပ်အကွက်လက်တို။





အို . . ဒါဖြင့် သူဟာ မြကြိုးကြာကို အပြေးအလွှားဖမ်းပွေ့ကယ်တင်ခဲ့တဲ့သူပေါ့။ ဟုတ်ပါတယ်။ သူပဲပေါ့။ ရုပ်ချင်းဆင်တူနေပေမယ့် အရှိန်တွေ၊ ပါဝါတွေတော့ မတူဘူးမဟုတ်လား။

မည်သူမှသတိမထားမိနိုင်သော်မှ မြကြိုးကြာသတိထားမိလိုက်ပါပြီ။ စကားနည်းပြီး လုပ်စရာရှိတာကိုလုပ်သွားသူဟာ ငွေစင်။ မျက်နှာတည်တည်ကြီးပေမယ့် ကြည်လင်သောမျက်ဝန်းများနှင့် နူးညံ့သူဟာ ငွေစင်။

ကြည့်လိုက်လျှင် ဖော်ရွေပြီး ပညာတတ်ဆန်သူ၊ အပေါ်ယံဆန်သူ၊ စကားများသူကတော့ ရွှေစင်ပေါ့။ သူတို့ဟာ ညီအစ်ကိုတွေလား။ ရုပ်ချင်းကလည်း တူလိုက်တာ။

သူမ၏နှုတ်မှ 'ငွေစင်'လို့အာမေဋိတ်သံထွက်သွားတော့မှ သူက နူးညံ့စွာခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ငွေစင်ပါ"

"ဩော် . . ရှင်နဲ့ရွှေစင်က ဘယ်သူအကြီးလဲ"

မြကြိုးကြာမေးလိုက်လျှင် ဧည့်ခန်းထဲရှိ အဘ၊ အဘွားနှင့် ငွေစင်တို့သုံးယောက်လုံး အံ့ဩသွားကြသည်

"သမီးက ရွှေစင့်ကိုတွေ့ပြီးပြီလား"

"ဟုတ်ကဲ့၊ စောစောကပဲ ရောက်လာခဲ့ပါတယ်၊ သူ အဲဒီ အိမ်မှာနေမလို့ပြန်လာတာတဲ့၊ သူ့ကျောင်းကိစ္စတွေလည်း ပြီး သွားပြီတဲ့"

"အို. . အားနာစရာကောင်းလိုက်တာ၊ ဟုတ်ကဲ့. . ကျွန် တော်ကြည့်ပြီးစီစဉ်ပေးပါ့မယ်၊ ဒေါက်တာတို့စိတ်ချမ်းချမ်းသာသာ နေကြပါ"

ပြောပြောဆိုဆိုနှင့်ပင် သူက မျက်နှာပျက်စွာဖြင့်ထပြန် သွားလျှင် မြကြိုးကြာတို့မှာ အံ့အားသင့်စွာကျန်ခဲ့ကြ၏။

"အို. . မဟုတ်တာအဘွားရယ်၊ ကျွန်မတို့က တစ်မိမ်းအိမ် ပေါ်မှာလည်းတက်နေသေးတယ်၊ အိမ်ရှင်ပြန်လာရင် ဖယ်ပေး ရမှာပေါ့၊ ဒါနဲ့ သူတို့က ညီအစ်ကိုတွေလား၊ ဘယ်သူကအကြီးလဲ"

မြကြိုးကြာစိတ်မကောင်းဖြစ်စွာမေးလျှင် အဘဦးအောင်သူ က ဖြေကြားသည်။

"အမြွှာတွေပါကွယ်၊ တစ်ယောက်နဲ့တစ်ယောက် ဆယ် မိနစ်ပဲခြားတာပါ၊ ဒါပေမယ့် အသိချင်းကတော့ အများကြီးကွာ တယ်"





"အို. . ကိုအောင်သူကလည်း. . စကားကို လက်လွတ် ပယ်မပြောပါနဲ့၊ တဖက်သားမှာ ထိခိုက်ပါဦးမယ်၊ ဒေါက်တာ လေးမှာလည်း မျက်စိနဲ့ နားနဲ့ ဦးနှောက်နဲ့ပါပဲ၊ ကိုယ့်ထင် ်ချက်တွေ မပါပါစေနဲ့တော်၊ ရွှေစင်ရော၊ ငွေစင်ရော ကျွန်မ ့ရဲ့တူလေးတွေ၊ သားလေးတွေမဟုတ်လား"

အဘွားဒေါ်ဝင်းခင်က ညင်သာစွာဝင်ပြောလိုက်လျှင် မြ ကြိုးကြာ အဖြစ်သနစ်တွေကို မသိရတော့ပါ။

မည်သို့ပင်ဖြစ်စေ ငွေစင်ဟာ သူမရဲ့ကယ်တင်ရှင်မို့ နောက်တစ်ခါကြုံလျှင် ကျေးဇူးတင်စကားပြောရပါဦးမည်။

## အခန်း(၅)

ရွှေစင်ပြန်ရောက်နေတာ အဘယ်ကြောင့် သူ့ထံမလာရောက်ခဲ့တာလဲ။

ငွေစင်မှာ အဘွားဒေါ်ဝင်းခင်တို့အိမ်မှဆင်းခဲ့ပြီး သူ့အစ်ကိုရှိမည့်အိမ်သို့ ထွက်လာခဲ့သည်။ သူ သူ့သူငယ်ချင်းအောင်ထိုက်အိမ်မှာပဲ ရှိရမှာပေါ့။

ကျောင်းပြီးသွားပြီး အလုပ်ဝင်ဖို့ အချိန်စောင့်နေသူမို့ ငွေစင့်ထံမှအကူအညီတွေမလိုတော့ဘူးရယ်လို့များ သူမှတ်ယူလိုက်ပြီလား။

တစ်အူတုံဆင်းရုံတင်မက အချင်းတစ်ခွက်ထဲမွေးသည့်





အမွှာညီအစ်ကိုတွေပေမယ့် ရွှေစင်နှင့်သူသည် စိတ်သဘောထားချင်းက မတူညီကြပါလေ။

အေးပေါ့လေ။ လူတစ်ယောက်မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရရယ်လို့ အကြောင်းလေးပါးစီရှိမှ ပြည့်စုံစွာဖွံ့ဖြိုးကြရမှာမဟုတ်လား။

ဗီဇစိတ်တွေတူညီကြဦးတော့။ အပြင်လောကကြီး၏ရိုက်ခတ်ချက်နှင့် ခံယူချက်၊ တုံ့ပြန်ချက်တွေမတူညီကြသည့်အခါ လူသား၏ဘဝကြေးမုံပြင်ဆိုတာသည်လည်း တစ်ယောက်နှင့်တစ်ယောက် မတူညီကြတော့ပါပေ။

ရွှေစင်က လောကကို လှလှပပနှင့် အသာစီးကရင်ဆိုင်ချင်သလို သူလည်း ရင်ဆိုင်ချင်တာပေါ့။ သို့ပေမယ့် လောကအပေါ် ထားရှိသည့်၊ ဘဝအပေါ် မြင်ကြသည့် အမြင်ချင်း၊ ခံယူချက်ခြင်းမတူညီကြသည့်အခါ ရွှေစင်က ဒေါက်တာရွှေစင်ဖြစ်လာရပြီး ငွေစင်ကတော့ မွေးမြူရေးသမား။ နောက် အလယ်တန်းပြဆရာလေးဦးငွေစင်သာ ဖြစ်လာရပါသည်။

သို့သော် ငွေစင်ကျေနပ်တာပါပဲ။ ဘဝဆိုတာ လုပ်သင့်

လုပ်ထိုက်တာကိုလုပ်ရင်း ဖြစ်သင့်ဖြစ်ထိုက်တာတွေဖြစ်လာမည် ဆိုလျှင်လည်း ရောင့်ရဲထိုက်သည်မဟုတ်ပါလား။

ကိုယ့်တိုင်းပြည်မှာ ဆရာဝန်တွေချည်းပဲလိုအပ်တာမဟုတ်။ မွေးမြူရေးသမားလည်း လိုအပ်သည်။ ကျောင်းဆရာလည်းလို အပ်သည်။

မည်သည့်အလုပ်ကိုပင်လုပ်သည်ဖြစ်စေ စိတ်စေတနာ၊ နှလုံးသားဖြူစင်စွာနှင့်လုပ်ကိုင်ကြလျှင် တန်ဖိုးရှိကြမှာချည်းပါပဲ။

ဒေါက်တာမြကြိုးကြာတဲ့။ ချစ်စရာအမည်လေးနှင့် ချစ်စရာဆရာဝန်မလေး။ သူ ရှပ်ချော့လို့ ကိုယ့်အိမ်ကိုထိုးပေးထားတာမဟုတ်။

ငွေစင့်ခံယူချက်ကိုက ဤမြို့သို့ပြောင်းလာခါစ ဆရာဝန်၊ ဆရာဝန်မတွေ အိမ်အဆင်မပြေခင် နေရေးထိုင်ရေးအဆင်ပြေအောင် ကူညီဖြည့်ဆည်းပေးခဲ့စမြဲ။

ဖေဖေနှင့်မေမေ ဤဆေးရုံပေါ်မှာ ဆရာဝန်၊ ဆရာမတွေ၏ ကုသ၊ ပြုစု၊ ဂရုစိုက်မှုတွေကို ခံယူခဲ့ရတာ သူ့တစ်သက်မမေ့။ ကျေးဇူးဆိုတာ သိတတ်ရလိမ့်မည်။





ကြည့်စမ်း။ မမျှော်လင့်ဘဲ ပုသိမ်မြစ်ဆိပ်မှာ မော်တော်ပေါ်သို့ မတ်တပ်ရပ်ခါစ ကလေးတစ်ယောက်လို ယိုင်ထိုးယိုင်ထိုးလမ်းလျှောက်တက်သွားနေသည့် မိန်းကလေးတစ်ယောက်ကို ငွေစင် ဖမ်းပေး၊ ကယ်ဆယ်လိုက်ရဖူးသည်။

တိုက်တိုက်ဆိုင်ဆိုင် အဲဒီမိန်းကလေးဟာ မိမိမြို့ရဲ့ဆရာဝန်မလေးဖြစ်နေသည့်အခါ ငွေစင် တိတ်တဆိတ်ကြည်နူးရပါသည်။ နောက် ထုံးစံအတိုင်း ထိုဆရာဝန်မလေးတူဝရီး မိမိအိမ်မှာနေကြရသည်။

သူက ဇာတ်ကြောင်းတွေလှန်ခါ ကျေးဇူးတင်ခံချင်သူမဟုတ်သဖြင့် မျက်နှာတောင်သွားမပြခဲ့။ ယခုတော့ ရွှေစင်ပြန်ရောက်လာပြီး မြကြိုးကြာတို့နှင့်အတူ နေတော့မည်ဟုဆိုသောအခါ သူ ကြားထဲကအားနာနေမိသည်။

အဘယ်မိန်းမပျိုဟာ ယောကျ်ားတစိမ်းတစ်ယောက်နှင့် တစ်အိမ်ထဲနေလိုမတဲ့လဲ။ တော်တော်ဆိုးတဲ့ရွှေစင်။

ကိုယ်လည်း အမြဲနေနိုင်တာမဟုတ်ဘဲနှင့် ခါတိုင်းလိုပင် သူ့မွေးမြူရေးခြံမှာ လာနေပါတဲ့လား။ နောက် ပို့စတင်ကျတော့ ကျရာနေရာသို့သွားပေါ့။

မကြာမီ စက်ဘီးက ရွှေစင်တည်းခိုနေထိုင်တတ်ရာ သူ့သူငယ်ချင်းအောင်ထိုက်အိမ်ရှေ့သို့ရောက်သွားသည်။ အောင်ထိုက်တို့လည်း အတော်အဆင်ပြေနေတာပဲ။ တိုက်အိမ်ကလေးဆောက်ပြီးသည်မှာ မကြာသေး။

တိုက်ထဲမှာတော့ ဆူဆူညံညံ။ အောင်ထိုက်၏မိဘနှစ်ပါးနှင့် အောင်ထိုက်တို့မောင်နှမသုံးယောက်၊ နောက် ရွှေစင့်အသံပါကြားလိုက်ရသည်။

ငွေစင်ဝင်သွားလျှင် အားလုံးက ဖော်ရွေစွာပင် ဆီးကြိုနှုတ်ဆက်ကြသည်။

"လာဟော့. . ငွေစင်. . ရွှေစင်လည်း ဒီညနေသင်္ဘောပတ်နဲ့ပါလာတာ၊ မင်းဆီတောင်မရောက်သေးဘူးထင်တယ်"

အောင်ထိုက်စကားကိုနားထောင်ရင်း ငွေစင် ဧည့်ခန်းထဲမှာ ဝင်ထိုင်လိုက်သည်

"ရွှေစင်. . ဟိုအိမ်မှာနေမလို့ဆို"

ငွေစင့်အမေးက တုတ်ထိုးအိုးပေါက်။ ရွှေစင်ကလည်း ခပ်မှုန်မှုန်ပင် တုံ့ပြန်သည်။





"အာဖြစ်လဲကွ၊ ကိုယ့်အိမ်ကိုယ်နေတာပဲ၊ မင်းသာ ကိုယ့်အိမ်ကိုပစ်ထားပြီး တဲနဲ့သွားနေ"

သူတို့ညီအစ်ကို၏စကားကို အောင်ထိုက်က ကြားထဲမှ ဖြန်ဖြေပေးသည်။

"အဲဒီမှာ အသစ်ရောက်လာတဲ့ဒေါက်တာမလေးနေတယ် မဟုတ်လား၊ အဲဒီမှာက ဆရာဝန်အစဉ်အဆက်နေတာဆိုတော့ ဆေးခန်းဖွင့်လို့လည်းအဆင်ပြေတယ်လေ၊ ရွှေစင်ရယ်. . မင်းက အလုပ်ဝင်ရင် ပြန်ထွက်မယ့်ကောင်ပါ၊ ငါတို့အိမ်မှာနေနေ၊ မင်းညီငွေစင့်ဆီမှာနေနေ၊ ဖြစ်ပါတယ်"

"မနေနိုင်ပါဘူး၊ ကိုယ့်အိမ်နဲ့ကိုယ်နေတာလောက် ဘယ်မှာမှမကောင်းဘူး၊ မင်းမှာလည်း နှမနှစ်ယောက်နဲ့၊ ငါအားနာတယ်"

"ဒါဆိုလည်း ငွေစင့်မွေးမြူရေးခြံမှာသွားနေ"

"ပိုဝေးသေးတယ်၊ ဘဲချေးစော်နံ၊ ဝက်ချေးစော်နံ၊ နွားချေးစော်နံနဲ့ ကျန်းမာရေးနဲ့ လုံးဝမညီညွတ်ဘူး"

ရွှေစင်ပြောလျှင် အောင်ထိုက်၏ဖခင်ဦးမြထိုက်က ဝင်ပြောလေသည်။

"အေး. . အဲဒီဘဲချေး၊ ဝက်ချေးစော်နံနေတဲ့ခြံထဲကငွေနဲ့ပဲ မင်းဆေးကျောင်းဟက်ခဲ့ရတာမဟုတ်လား"

ဦးမြထိုက်၏စကားကြောင့် ရွှေစင် ချာကနဲဖြစ်သွားလျှင် ငွေစင်က အားလုံးကိုတောင်းပန်လိုက်သည်။

"ကဲ. . တော်ပါဦးလေးရယ်၊ ကျွန်တော်တောင်းပန်ပါတယ်၊ ဆိုလိုချက်တွေ ပျောက်ကုန်ပါပြီ၊ ရွှေစင်. . မင်းကိုငါတောင်းပန်ပါတယ်ကွာ ကိုယ့်အိမ်ဆိုပေမယ့် မင်းပြန်လာမှာလည်းမသိတော့ ဟိုဆရာဝန်မလေးကိုငှားထားမိလိုက်ပြီ၊ သူတို့မဆင်မပြေခင် ခေတ္တခဏတော့ စိတ်ချမ်းချမ်းသာသာနေပါစေကွာ၊ နောက် သူတို့ အိမ်ပြောင်းပေးနိုင်မှ မင်း ကိုယ့်အိမ်ကိုယ်ပြန်နေပါ၊ လောလောဆယ် ဒီမှာဖြစ်ဖြစ်၊ ငါ့တဲမှာဖြစ်ဖြစ် သည်းခံနေပေးလိုက်ပါကွာ. . နော်"

သို့သော် ရွှေစင့်အသွင်က ဒဏ်ရာရသည့်ကျားတစ်ကောင်နှယ်။

"မင်းက ငါပိုက်ဆံရှာပေးလို့ကျောင်းတက်ရတဲ့ကောင်ဆိုပြီး ငါ့ကိုခြေဗလာပေးနေတာလားငွေစင်၊ မင်းကို ငါ လုံးဝ





အထင်မကြီးဘူး၊ ဖေဖေနဲ့မေမေထားခဲ့တဲ့အိမ်ကို မင်းတစ်ယောက်တည်း လက်ဝါးကြီးအုပ်ပြီး ကြိုက်သလိုလုပ်နေလို့ရမလားကွ"

"ငါ့ကိုကျောင်းထားပေးရတယ်ဆိုပြီးတော့လည်း လာပြီးအသံကောင်းလွှင့်မနေနဲ့၊ မိဘတွေထားခဲ့တဲ့အိမ်ကိုရောင်းရင်မင်းကုန်ခဲ့တဲ့ငွေတွေအားလုံး ပြန်ရတယ်၊ ငါ့ကို လူရှေ့ သူရှေ့လာပြီးအရှက်ခွဲမနေနဲ့"

ရွှေစင့်ထံမှ ထိုစကားများကြားရလျှင် ငွေစင်မှာ ဘာဆက်ပြောရမှန်းမသိတော့ပါချေ။

"ဘာတွေလျှောက်ပြောနေတာလဲရွှေစင်၊ ငါ မင်းကို ဘာတစ်ခွန်းပြောလို့လဲ၊ အစကတည်းက ညီအစ်ကိုနှစ်ယောက်မှာတစ်ယောက်တော့ဆရာဝန်ဖြစ်ရမယ်ဆိုပြီး ငါ့စိတ်နဲ့ငါ ကြည်ကြည်ဖြူဖြူလုပ်နေခဲ့တာပါကွာ"

"အပိုတွေပြောမနေနဲ့ဟောကောင်၊ ငါတို့ခေါင်းပန်းလှန်တော့ ငါကခေါင်းကျတယ်လေ၊ ကံကြမ္မာကြီးကိုက ငါ့ဘက်ကရပ်တည်နေခဲ့တာပဲ၊ မင်းခေါင်းကျရင်လည်း အခု မင်းနေရာမှာငါဖြစ်ပြီး၊ ငါ့နေရာမှာ မင်းဖြစ်နေရမှာပဲမဟုတ်လား"

"ကဲပါကွာ၊ ငါအရှုံးပေးပါတယ်၊ မင်းကြိုက်သလိုသာစီစဉ်ပါတော့"

ငွေစင် လက်နှစ်ဖက်ကိုမြှောက်ပြီး ရွှေစင့်ထံမှထွက်ခွာလာလျှင် အောင်ထိုက်၏နှမလေးများမှာလည်း စကားတွေများလျက်။

"ကိုငွေစင်က ဗိုလ်ကိုကျပါတယ်၊ အမြဲတမ်းပဲ ဟိုလိုမလုပ်နဲ့၊ ဒီလိုမလုပ်နဲ့၊ ကြာတော့ ကိုကြီးရွှေစင်က ဘယ်ခံနိုင်တော့မလဲ"

"အေးလေ. . မြို့ထဲမှာလည်း သူကတော့ဟီးရိုးပေါ့လေ၊ အစ်ကိုကို အနစ်နာခံပြီး ကျောင်းထားပေးတယ်ပေါ့၊ တကယ်ဆို မိဘတွေထားခဲ့တဲ့အိမ်ကို ရောင်းပြီးထားလည်းရတာပဲ၊ သူဘာမှ သူ့ရဲ့ကောင်းလုပ်ပြနေစရာမလိုပါဘူး"

နီလာထိုက်နှင့်ကြည်ပြာထိုက်က မဲ့ကာ၊ ရွဲ့ကာနှင့်ပြောနေလျှင် မိခင်ဒေါ်သီတာက ဘာမှမပြောသော်လည်း ဦးမြထိုက်ကမူ မပြောဘဲမနေနိုင်ပြန်ချေ။

"ဘာပဲဖြစ်ဖြစ် ညီအစ်ကိုမောင်နှမဆိုတာ၊ သွေးရင်းသား





င်းတွေပဲ၊ တစ်ယောက်စကားတစ်ယောက်နားထောင်ပြီး တစ်ယောက်အရေးရှိရင် တစ်ယောက်ကကူညီကြရမှာပေါ့၊ နင်တို့ဘွ ဘာမှမြှောက်ထိုးပင့်ကော်ဝင်မလုပ်ကြနဲ့၊ ပြီးရင် သူတို့ညီအစ်ကိုတွေ အတူတူပဲ"

ယခုအချိန်ထိ စကားတစ်ခွန်းမှဝင်မပြောသေးသည့်ဒေါ်သီတာက ဒီတစ်ခါတော့ စကားဝင်ပြောလေသည်။

"ငွေစင်ပြောသလို မောင်ရွှေစင်က ခဏပဲနေရမှာမဟုတ်လား၊ ဆရာဝန်မလေးလည်းအဆင်ပြေအောင် အန်တီတို့အိမ်ပဲ နေလိုက်၊ နောက် မင်းအလုပ်ကျတော့လည်း ကျရာနေရာ းရမှာမဟုတ်လား၊ နီလာတို့ ကြည်ပြာတို့ကလည်း မကြာခင်သိမ်ပြန်သွားရမှာ၊ အိမ်က အကျယ်ကြီးပါကွယ်"

နီလာနှင့်ကြည်ပြာမှာ ပုသိမ်တက္ကသိုလ်မှ ကျောင်းသူသားတွေမဟုတ်ပါလား။

"ဟေး. . ဒါမှတို့မေမေကွ၊ ကိုကြီးရွှေစင်ရှိနေတော့ ညီမတို့လည်းမပျင်းရတော့ဘူးပေါ့၊ ကိုကြီးအောင်ထိုက်က သူ့စားသောက်ဆိုင်အလုပ်နဲ့သူ ရှုပ်နေတာပဲ"

"အေး. . အဲဒီဆိုင်ကပဲ နင်တို့ကိုကျောင်းထားပေးေ
တာ၊ ကျောင်းပိတ်ရက်မှာ ဆိုင်ကိုလည်းကူကြဦး"

အောင်ထိုက်၏စကားကြောင့် နီလာနှင့်ကြည်ပြာတို့ ဇ
ကလေးတွေပုသွားကြပြီး. . .

"လာပြန်ပြီငွေစင်တစ်ယောက်၊ ဆရာကြီးဟစ်ယောက်
ဟု ရေရွတ်လိုက်ကြလေသည်။



## အခန်း(၆)

ငွေစင့်မှာ သူ့ကိုကူညဲနေသည့်တပည့်လင်မယားနှင့်အတူ မွေးမြူရေးခြံမှာနေလေသည်။ မွေးမြူရေးခြံဆိုပေမယ့် အကြီးအကျယ်တော့မဟုတ်ပါချေ။

ဒီလိုပဲ တစ်နိုင်တစ်ပိုင်ကနေ စလုပ်လာခဲ့တာ ယခုဆိုလျှင် ဝက်က (၉)ကောင်၊ ဝက်သားပေါက်မတွေက (၂)ကောင်။

နောက် နို့စားနွားမက (၆)ကောင်၊ ဘဲက အကောင်တစ်ရာခန့်။ ခြံထဲမှာ အိမ်ခြေတံရှည်လေးနှစ်အိမ်။ တစ်အိမ်က သူ့တပည့်လင်မယားနေပြီး တစ်အိမ်က သူနေလေသည်။

နောက် နွားတင်းကုတ်တစ်ခု။ ဝက်ခြံက တစ်ခြံ။ သား

ပေါက်မတွေနှင့် ဝက်အကောင်ကြီးတွေကို ခွဲတော့ထားရတာပေါ့။

နောက် ဘဲခြံက တစ်ခြံ။ မြို့ပြင် လယ်ကွင်းစပ်တွေ၊ ယာ တောစပ်တွေမှာရှိသည်မို့ လေကောင်းလေသန့်တွေလည်း အမြဲ ဖြတ်သန်းတိုက်ခတ်မြဲ။

ရွှေစင်ပြောသလို ဘဲချေး၊ ဝက်ချေး၊ နွားချေးစော်တော့ နံတာပေါ့။ သို့သော် ခေတ်သစ်မွေးမြူရေးခြံမို့ သန့်သန့်ရှင်းရှင်း ရှိပါသည်။ ဒီလောက်ကြီးမဟုတ်ရပါ။

အင်း. . ရွှေစင်တာမနေချင်တာလည်း အဆိုးတော့မဆိုသာပါ။ သူက လူနှင့်သူနှင့် ဆူဆူညံညံမှနေချင်သူကိုး။

ငွေစင့်လို အလုပ်အားလျှင် စာတစ်အုပ်နှင့် ငြိမ်းချမ်း ပျော်မွေ့တတ်သူမှမဟုတ်တာ။

အလုပ်မရှိဖြစ်နေသည့် အားကိုးရာမဲ့တပည့်လင်မယား ကို သူ့ထံခေါ်ယူပြီး ထိုက်သင့်သည့်လစာပေးထားသည့်အခါ သူ့မှာ စေတနာတွေအမြန်အလျှန်ရောင်ပြန်ဟပ်ပြီး အစစအရာရာ စိတ်ချမ်းသာခဲ့ရပါသည်။





မနက်စောစော အိပ်ယာမှထ။ ထို့နောက် ဆရာတပည့် သုံးဦး တက်ညီလက်ညီ ဝက်ခြံ၊ နွားခြံ၊ ဘဲခြံသန့်ရှင်းရေးလုပ်ရသည်။

နောက် ငွေစင်နှင့်သူ့တပည့်မြဦးက နွားနို့ညှစ်ကြသည်။ ံးလင်းသည်နှင့် မြဦးက လက်ဖက်ရည်ဆိုင်တွေ၊ အိမ်တွေကို ၁က်ဘီးတစ်စီးနှင့် နွားနို့ပို့ရမည်။

မြဦးမိန်းမ ဖြူဖြူခိုင်က ဘဲဥတွေကောက်ပြီး ဈေးသို့ပို့ ရသည်။ ဆရာတပည့်သုံးယောက်လုံး မခိုမကပ်အလုပ်လုပ်ကြ သဖြင့် နံနက်(၈)နာရီမထိုးမီ တိရစ္ဆာန်တွေကိုလည်းအစာကျွေး ပြီး၊ သိမ်းပြီးဖြစ်သွားကြ၏။

ပြီးလျှင် ငွေစင်မှာ ရေမိုးချိုး၊ ဖြူဖြူခိုင်ချက်ပြုတ်ထား သည့်ထမင်းနှင့်ဟင်းကို စားသောက်ပြီးလျှင် စက်ဘီးတစ်စီးနှင့် ကျောင်းသွားရသည်။

သူ့ကျောင်းက သာပေါင်းအထက်တန်းကျောင်းတော်ကြီး ဖြစ်ပြီး သူ့အလုပ်က အလယ်တန်းပြဆရာ။ တစ်လတစ်ခါ၊ နှစ်ခါဆိုသလိုတော့ သူ့မွေးမြူရေးခြံအတွက် လိုအပ်သည့် တိရစ္ဆာန်အစားအစာတွေဝယ်ရသည်။

အဲဒီလိုသွားရင်းလာရင်းနှင့်ပင် ဒေါက်တာမလေးမြကြီး ကြာနှင့် ဆုံတွေ့ခဲ့ရခြင်းပင်ဖြစ်၏။

"ဟူး. ."

သူ့ဘဝ သူလှည့်မကြည့်စတမ်းသဘောထားခဲ့ပြီး ရွှေစင့် အတွက် အားကြိုးမာန်တက်ကြိုးစားခဲ့ပေမယ့်လည်း ဘယ်အရာ တွေကများ လွဲချော်ခဲ့ပါသလဲ။

ရွှေစင်သည် သူ့ကို ဘယ်တော့မှအကောင်းမမြင်နိုင်၊ သူပြောသလို ကိုယ်ဟာ မိဘအမွေအနှစ်တွေကို လက်ဝါးကြီး အုပ်လိုသူလား။

လျင်မြန်စွာပင် ငွေစင်ခေါင်းခါလိုက်သည်။ သူတို့ညီအစ်ကို ဆယ်တန်းကို သုံးဘာသာဂုဏ်ထူးစီဖြင့်အောင်သည့်နှစ်ကပင် မိဘနှစ်ပါးစလုံးလည်း ရှေ့ဆင့်နောက်ဆင့်ဆုံးပါးခဲ့ကြသည်။

ဆေးကုသစရိတ်တွေနှင့် ရှိစု၊ မဲ့စုလေးတွေချောသည့် အခါ သူတို့ညီအစ်ကိုမှာ နေသည့်အိမ်တစ်လုံးပဲ အမွေအဖြစ် ကျန်ရစ်ခဲ့ပါသည်။

ထိုအိမ်လေးကိုရောင်းလျှင်ရော သိန်း(၃၀)၊ (၄၀)လောက်





ာ အလွှန်ဆုံးရနိုင်မည်ဖြစ်ရာ ညီအစ်ကိုနှစ်ယောက်စလုံး ာယ်လိုလုပ်ပြီး ဆေးတက္ကသိုလ်တက်နိုင်မည်တဲ့လဲ။

ကျစ်ကျစ်လစ်လစ်သုံးစွဲလျှင်တောင်မှ ဆရာဝန်တစ် ယောက်ဖြစ်ဖို့ တစ်နှစ်လျှင် ငွေ(၁၀)သိန်းခန့် အနည်းဆုံး ာန်ကျမည်ဖြစ်ရာ အိမ်ရောင်းတောင်မှ နှစ်နှစ်၊ သုံးနှစ်စာ အလွှန်ဆုံးရပေလိမ့်မည်။

ဘယ်လိုလုပ်ပြီး တစ်ယောက်စာတောင် ပညာရေးဆုံးခန်း ာိုင်မည်တဲ့လဲ။ သည်အခါ ငွေစင်မှာ ကိုယ်ကအငယ်ဖြစ်ပေ မယ့်၊ ဆရာဝန်ဖြစ်ချင်ပေမယ့် မလွဲသာသည့်အဆုံး ညီအစ်ကို နှစ်ယောက်မှာ တစ်ယောက်တော့ဆရာဝန်ဖြစ်ပါစေတော့ဟူ သောစေတနာဖြင့် နောက်ဆုတ်ပေးခဲ့သည်မဟုတ်ပါလား။

ရွှေစင်လည်း စိတ်မဆင်းရဲရအောင် ခေါင်းနဲ့ပန်းလှန်ပြီး ာတ်ကွက်တစ်ခုဖန်ဆင်းပေးရသေးတာပေါ့။ ငွေစင်ပြုံးမိပါ သေးသည်။ ဦးလေးအောင်သူက ငွေပန်းထိမ်လုပ်ခဲ့ဖူးသူ။ သူ့ ာမှာရှိသည့် ခေါင်းချည်းပဲပါသည့်ငွေဒင်္ဂါးလေးကိုယူပြီး ခေါင်း ပန်းလှန်ပေးခဲ့တာလည်း ငွေစင်ဆိုသည့်သူပါပဲ။

*သို့သော် အခြေအနေတွေက ဒီလိုလုပ်မှဖြစ်တော့မည်* မဟုတ်ပါလား။ သူသာကျောင်းတက်ပြီး ရွှေစင်သာအပြင်မှာ ကျန်ခဲ့ပါက ဘဝကိုရင်မဆိုင်တတ်သူ၏လက်မှာ ညီအစ်ကိုနှစ်ယောက်စလုံး ဘာမှဖြစ်လာကြမည်လည်းမဟုတ်ပါချေ။

သည်တော့ ဘာမှဖြစ်မလာကြမည့်အတူတူ တစ်ယောက်တော့ ဖြစ်မြောက်ပါစေဆိုပြီး သူက ရွှေစင့်အတွက် အစစအရာရာပံ့ပိုးပေးနိုင်အောင် ရုန်းကန်ခဲ့သည်။ ကြိုးစားခဲ့သည်။

သို့သော် ဘယ်အရာတွေကများ လွှဲချော်ခဲ့လေသလဲ၊ ရွှေစင်သည် အမြဲလိုလို သူ့အပေါ် အမြင်ကြည်လင်ခဲ့လှသည်၊

အတွေးများကိုဖြတ်ပြီး ငွေစင် ကျောင်းသွားဖို့ဝတ်စုံလဲလိုက်သည်။ နောက် ဦးလေးအောင်သူတို့အိမ်အတွက် နွားနို့တစ်ပုလင်းထည့်သည်။

“အဲ. .”

မြကြိုးကြာရော နွားနို့ကြိုက်သလား။ သူမတို့တူဝရီးအတွက် နွားနို့ပေးဖို့သတိရပေမယ့် ကိုယ်က လူပျို သူကအပျို





မို့ တော်ကြာ အဓိပ္ပာယ်တွေတစ်မျိုးဖြစ်မည်စိုးသဖြင့် သတိရသော်လည်း ငွေစင် နွားနို့မထည့်ဖြစ်တော့ပါ။

စက်ဘီးနှင့်ထွက်ခွာလာပြီး ဒေါက်တာမြကြိုးကြာဆိုသည့် ဆိုင်းဘုတ်ကလေးကို သူလှည့်ကြည့်စဉ် အိမ်ထဲမှ မြကြိုးကြာနှင့် ရွှေစင်တို့ ရယ်ရယ်မောမောထွက်လာကြသည်ကို တွေ့လိုက်ရသည်။

“ဩော်. .”

နှစ်ယောက်လုံး ဆေးရုံသို့သွားကြမည့်ပုံပါပဲ။ ရွှေစင်ကတော့ ဆေးရုံမှာ လုပ်အားပေးမလို့ဖြစ်မည်။

“ဟော. . ကိုငွေစင်”

မြကြိုးကြာလှမ်းခေါ်သဖြင့် ငွေစင် စက်ဘီးရပ်လိုက်လျှင် ရွှေစင့်ရုပ်က ခပ်တည်တည်ဖြစ်သွား၏။

“ဘာတွေလဲ. . ဩော်. . နွားနို့တွေပါလား၊ ကျောင်းသွားရင်း နို့လည်းပို့သလား၊ စီးပွားရေးသောင်းကျန်းလိုက်တာနော်၊ ကြိုးကြာတို့လည်း နွားနို့လိုချင်တယ်၊ တစ်နေ့ တစ်ပိဿာလောက်

ပို့ခိုင်းပေးပါလား၊ ကိုငွေစင့်မွေးမြူရေးခြံကို တစ်နေ့ ပေါက် လိုက်ကြည့်ရဦးမယ်"

သူနှင့်တုန်းက စကားနည်းပြီး ငွေစင်နှင့်ကျမှ ရွှန်းရွှန်းဝေနေလျှင် ရွှေစင်မကျေမနပ်ဖြစ်ရသည်။ ကြည့်ပါဦး။ ရုပ်ချင်းတူသည်ဆိုပေမယ့် မိန်းမဆိုတာ အဆင်းကိုချည်းပဲမကြည့်နဲ့လေ။

လူမှာ အရည်အချင်းက အဓိကမဟုတ်ပါလား။ တစ်ယောက်က ဆရာဝန်။ တစ်ယောက်က ကျောင်းဆရာ။ နောက် မွေးမြူရေးသမား။

ရုပ်ချင်းတူသော်မှ အသွင်အပြင်က တစ်ခြားစီ။ ကိုယ့်ရုပ်ကိုတော့ ဘောင်းဘီနှင့်၊ လည်စီးနှင့်၊ နက်ကတိုင်နှင့် လှပခန့်ထည်နေသည်ဟု ရွှေစင်ထင်မိသည်။

ကြည့်ပါ။ ငွေစင့်ရုပ်က ဘဲချေးနံ့တောင် ပျောက်တာမဟုတ်သေး။ ဆံပင်တိုတို၊ မျက်နှာပြောင်ပြောင်မှာ ရှပ်အဖြူလက်ရှည်နှင့်၊ ပုဆိုးစိမ်းနှင့်၊ ပင်နီတိုက်ပုံနှင့်။ တကယ့်ကို တိုက်ဂေါ်ပါပဲ။

"စီးပွားရေးသောင်းကျန်းတာမဟုတ်ပါဘူးဗျာ၊ ဒီလိုပဲ





အားလုံးအဆင်ပြေအောင် ရှာရတာပေါ့၊ ဒီနွားနို့ပုလင်းကတော့ ဦးလေးအောင်သူတို့အိမ်အတွက်ပါ၊ ဒေါက်တာလိုချင်ရင် ညနေကျ မောင်မြဦးကိုပို့ခိုင်းလိုက်ပါ့မယ်၊ ကျောင်းချိန်နီးနေလို့ ကျွန်တော်သွားလိုက်ပါဦးမယ်"

မြကြိုးကြာကိုနှုတ်ဆက်ပြီး ငွေစင်ထွက်သွားလျှင် ရွှေစင်၏ ဒေါသတွေက အလိပ်လိုက်၊ အလိပ်လိုက်။

ကြည့်စမ်း။ စကားကို အနှောင့်အသွားမလွတ်ပြောသွားလိုက်တာ။

"ဒီလိုပဲ အားလုံးအဆင်ပြေအောင်ရှာရတာပေါ့"တဲ့။ ဒါသူ့ကို တာဝန်ယူနေရသည့်အကြောင်း မကျွပ်တိုင်ဖော်တက်ပြတာပေါ့။

တကယ်လည်း ရွှေစင်မှာ အလုပ်မရသေးသည်မို့ ဘာပဲလိုချင်၊ လိုချင် ငွေလိုလျှင် ငွေစင့်ထံမှာ လက်ဖြန့်ရစမြဲ။ သူကလည်း အဲဒါကို မခံချင်ဆုံးပါပဲ။

ဘာပဲဖြစ်ဖြစ် မိဘအမွေအနှစ်ဖြစ်သည့်ဒီအိမ်ကိုရောင်း

ရွှေစကားစာပေ

ပြီး စီးပွားရေးလုပ်လျှင် ယခုလောက်ဆို အောင်ထိုက်ပြောသလို သိန်းတစ်ရာလည်းဟုတ်၊ နှစ်ရာလည်းဟုတ်မှာပေ့ါ။

ယခုတော့ မြို့ထဲကလူတွေ၏အမြင်မှာ သူဟာ တစ်ကိုယ်ကောင်းသမားဖြစ်ပြီး ငွေစင်ကတော့ အနစ်နာခံတဲ့သူရဲကောင်းပေ့ါလေ။

အစ်ကိုက မွေးမြူရေးလုပ်၊ အပင်ပန်းခံပြီး ကျောင်းထားပေးသည်ပေ့ါ။ အလကား အပိုတွေ၊ အိမ်ကိုရောင်းပြီး ထိုငွေနှင့် စီးပွားရေးလုပ်ပါတဲ့လား။ ယခုတော့. . .

ရွှေစင်မှာ ငွေစင့်ကိုကြည့်ပြီး စိတ်တိုနေမိခိုက်မို့ စကားမပြောနိုင်ဖြစ်နေရလျှင် မြကြိုးကြာက လှည့်ကြည့်သည်။

"ဘယ်လိုလဲဆရာဝန်ကြီးရဲ့၊ စကားလေး၊ ဘာလေးပြောပါဦး၊ ဒီမြို့က သာယာတယ်နော်၊ ညနေဘက်ဆို မြစ်ကမ်းပါးကနေ ရှုမျှော်ခင်းတွေကြည့်ရတာ၊ လမ်းလျှောက်ရတာ အရမ်းပျော်စရာကောင်းတာပဲ"

"အင်း. . အဲ. . ဟုတ်တယ်ထင်တာပဲ၊ ကျွန်တော်တော့ တစ်ခါမှမကြည့်ဖူးသေးပါဘူးဗျာ၊ ကိုယ့်ဘဝကလည်း တစ်ခါမှ





အေးအေးလူလူ၊ စိတ်ချလက်ချမရှိခဲ့ရဘဲ အမြဲရင်,မနေခဲ့ရတာဆိုတော့. . "

"ဟင်. . အမြဲရင်,မနေရတယ် ဟုတ်လား"

ရွှေစင့်စကားကို မြကြိုးကြာနားမလည်နိုင်ဖြစ်နေရလျှင် သူက ရှင်းပြ၏။

"ဟုတ်တယ်လေ၊ ညီက မိဘအမွေအနှစ်ကိုလက်ဝါးကြီးအုပ်ပြီး သူချယ်လှယ်ချင်သလို ချယ်လှယ်နေတော့ ကျွန်တော့်မှာ ဆေးတက္ကသိုလ်တက်နေရပေမယ့် ကျောင်းမှဆုံးအောင်တက်ခွင့်ရပါ့မလားဆိုပြီး ရင်,မနေခဲ့ရတာပါ"

"ဪ. . ကိုရွှေစင်ရယ်"

သာပေါင်းမြို့၊ သာပေါင်းဆေးရုံမှာ ရက်သတ္တတစ်ပတ်မျှကြာခဲ့ပြီမို့ အပိုင်းအစလေးတွေကို ဆက်စပ်ကြည့်ခဲ့လေသမျှ ရွှေစင်ကတော့ သူ့ဘဝကို ဒီလိုမြင်ခဲ့ပါသတဲ့လေ။

ဒါဟာ အဆိုးမြင်တာလား။ အားငယ်တတ်တာလား။

နှစ်ယောက်အတူ လမ်းလျှောက်ရင်း သာပေါင်းဆေးရုံကြီးထဲသို့ဝင်သွားကြလျှင် ဆေးရုံနှင့်မဝေးလှသည့် အထက်တန်း

ကျောင်းတော်ကြီးမှ ကျောင်းတက်ခေါင်းလောင်းထိုးသံကို သူ
တို့ကြားလိုက်ကြရပါသည်။

အင်း. . ဘဲချေးတွေ ကြုံးခဲ့၊ လှဲခဲ့ရသည့်လက်နှင့် မြေဖြ
ကိုင်ပြီး ကိုငွေစင်တစ်ယောက် လောကကိုအလှဆင်နေပေတော့
မည်။



## အခန်း(၇)

သာပေါင်းဆေးရုံ၏ ဆွဲလွဲလေးများတဲ့။ ဒေါက်တာမြ ကြိုးကြာနှင့် ဒေါက်တာရွှေစင့်ကို အမည်နာမတပ်ကြသည်။

သည်အခါ ဘဝကိုအယုံမကျဟန်တွေပျောက်ပြီး ရွှေစင့် ရုပ်က ရယ်ရယ်မောမော။

"ကျွန်တော်က ဆရာဝန်မဖြစ်သေးပါဘူးဗျာ၊ ခုမှလုပ်အား ပေးပါ၊ ဆရာဝန်ဖြစ်ရင်လည်း ဒီမှာမနေရပါဘူး၊ ချင်းတောင် ပေါ်မှာ ပန်းသီးသွားစားရမလား၊ ဒါမှမဟုတ် ရှမ်းမတွေနဲ့ဒေတူ လက်ဖက်ခူးနေရမလားပါပဲ"

မည်သို့ပင်ဖြစ်စေ ဆေး:ုံမှာ လူစည်နေတာတော့အမှန်။

လူနာလာမေးကြသူများထဲမှ အပျိုရွယ်၊ လူပျိုရွယ်တွေက အများဆုံးဖြစ်သည်။ လက်ဆောင်ပစ္စည်းတွေကလည်း တဖွဲဖွဲ။

ဆေးရုံတက်သည့်လူနာတိုင်းလိုလို ဆရာဝန်၊ ဆရာဝန်မ၊ ဆရာမများကို လက်ဆောင်ပစ္စည်းပေးကြ၊ ကန်တော့ကြတာကလည်း နယ်ဆေးရုံတွေရဲ့ ဓလေ့တစ်ခုပမာ စွဲမြဲနေပေပြီ။

ဆရာဝန်၊ ဆရာဝန်မများ၊ ဆရာမများက လိုအပ်သလို ညွှန်ကြားကုသရင်း ကရုဏာဒေါသောဖြင့် ပြောဆို၊ ငေါက်ငမ်းလျှင်လည်း ကန်တော့ကြေးမရသေးသဖြင့်ဟု ထင်စမြဲ။

အင်းလေ. . ဆွမ်းဆန်ထဲကြွက်ချေးရော။ တစ်ချို့ဆရာဝန်တွေ၊ ဆရာမတွေကလည်း ဒီလိုပဲမဟုတ်ပါလား။ နောက် ခွဲစိတ်ခန်းကြေး။ အကြီးစားခွဲစိတ်ခ၊ အသေးစားခွဲစိတ်ခန်းခတဲ့။

ဘယ်ဆရာဝန်တွေလက်ထက်မှာ ဘယ်လိုသတ်မှတ်သွားသည်တော့မသိ။ မြကြိုးကြာစိတ်မချမ်းသာပေမယ့် သင့်တင့်လျောက်ပတ်သောခွဲစိတ်ကြေးတွေတော့ ခွဲဝေလက်ခံနေရစမြဲ။

ဒါပေမယ့်လေ မရှိဆင်းရဲသူတွေအပေါ်မှာတော့ အခမဲ့ဖြစ်ဖြစ်၊ စရိတ်မျှပေး လူနာအသွင်ဖြစ်ဖြစ် ကုသပေးနေကြတာ





ပဲ။ ဆိုပါစို့။ တတ်နိုင်သူကို တတ်နိုင်သလို။ မတတ်နိုင်သူကို မတတ်နိုင်သလို။

သည်ကနေ့ ဆေးရုံ၏လူနာဆောင်တွေကို လှည့်ပတ်ကြည့်ရှုစစ်ဆေးပြီးလျှင် မြကြိုးကြာတို့အဖွဲ့ နားနေခန်းမှာ ခေတ္တထိုင်ကြသည်။

ဆရာဝန်ကြီးဦးမင်းခင်၊ မြကြိုးကြာနှင့် လုပ်အားပေးဆရာဝန်လေးဒေါက်တာရွှေစင်တို့ဖြစ်သည်။ ဆရာမများကတော့ သူတို့ညွှန်ကြားခဲ့သည့်အတိုင်း ဆေးထည့်၊ ဆေးပေး၊ လိုအပ်သလို ဆက်လက်လုပ်ဆောင်နေခဲ့သည်။

ဆရာဝန်ကြီးက မြကြိုးကြာကို ဆရာဝန်အသစ်ပီပီ လုပ်ငန်းကိစ္စတွေရှင်းပြသည်။ အခြေအနေအရပ်ရပ်တို့ကို သင်ကြားခဲ့သည်။

"ဒီဆေးရုံမှာ အရေးပေါ်ခွဲစိတ်မှုမရှိရင် တစ်ပတ်မှာ နှစ်ရက်ပဲ ခွဲစိတ်မှုပြုလုပ်တယ်၊ ဆေးရုံကခပ်သေးသေးဆိုတော့ ရောဂါသည်သူတွေပဲ ခွဲကြရတယ်လေ၊ ခွဲစိတ်အထူးကုတွေမဟုတ်ပေမယ့် ဒီလိုပဲခွဲစိတ်ကြရတာပါပဲ၊ အရေးကြီးတဲ့ အကြီးစားခွဲစိတ်မှုတွေဆိုရင်တော့ ပိုင်းဆေးရုံကြီးကိုလွှဲရတာပေါ့ဗျာ"

"အရေးပေါ်မခွဲမဖြစ် ခွဲရမယ့်အခါဆိုရင်ရော ဆရာကြီ

ဒေါက်တာရွှေစင်ဝင်ပြီးမေးလိုက်လျှင် ဆရာဝန်ကြီး

မင်းခင်က သဘောကျသောအပြုံးဖြင့် ခပ်သောသောလေး

လိုက်သည်။

"ဒါကတော့ ဒေါက်တာလေးရယ်၊ ဘယ်လောက်ပဲအ

ပေါ်ပေါ် ကိုယ်မနိုင်တဲ့အလုပ်တစ်ခုကို ဝင်လုပ်မ မှ

ကိုယ်က ဘယ်လောက်ပဲစေတနာထားထား၊ စေတနာအမှား

လူတွေက ခွင့်လွှတ်နိုင်ကြမှာမဟုတ်ဘူးလေ၊ ကိုယ့်လက်ထဲ

လူနာအသက်ပျောက်သွားတာနဲ့ လူနာရှင်တွေရဲ့အထင်လွဲ

မှုကို ခံကြရမယ်၊ တစ်ချို့ဆိုရင် ရန်ငြိုးတောင်သိုတတ်၊ ဖွဲ့တ

ရန်ရှာတတ်ကြပါတယ်ဗျာ၊ ကျွန်တော်က ကိုယ်တွေ့ပါ"

ပြောရင်းမှပင် ဆရာဝန်ကြီး၏အသွင်က စိတ်မချမ်းမ

ပုံဖြစ်သွားလျှင် မြကြိုးကြာလည်း စိတ်ဝင်စားသွားမိ၏။

"ကျွန်မတို့ သင်ခန်းစာယူနိုင်အောင် ပြောပြပါလားဆ

ကြီး"

"ဟုတ်ပါတယ်ဆရာကြီး၊ ကျွန်တော်လည်း သိချင်ပါတ





ဒေါက်တာရွှေစင်နှင့် မြကြိုးကြာတို့တောင်းဆိုလျှင် ဆရာဝန်ကြီးက သက်ပြင်းတစ်ချက်ကို လေးပင်စွာချလိုက်သည်။

"ဆရာကိုယ်တိုင်ကြုံခဲ့ရတာပါ၊ အဲဒီတုန်းက ဆရာကြီးလည်း အသက်ငယ်ငယ်ပေါ့လေ၊ လက်ထောက်ဆရာဝန်အဖြစ်နဲ့ပေါ့၊ စေတနာကလည်း ထက်သန်၊ လူကလည်း တက်တက်ကြွကြွနဲ့လေ၊ ဘယ်အရာမဆို နှလုံးသားက ဟုန်းကနဲနိုးကြားတော့တာပဲ"

"တစ်နေ့မှာ ဓားထိုးခံရတဲ့လူနာယောက်ျားလေးတစ်ယောက်ရောက်လာတယ်၊ လူနာကလည်း အတွင်းဒဏ်ရာတွေရလို့၊ သူ့နောက်မှာလည်း သူ့အစ်မတွေဆိုတာ ကြွက်ကြွက်ညံပြီး သည်းသည်းကိုလှုပ်နေကြတာပဲ၊ ကံကဆိုးချင်တော့ အဲဒီနေ့မှာ ဆရာဝန်ကြီးကလည်း ဆေးရုံမှာမရှိဘူး၊ ခရီးထွက်နေတယ်၊ ဆေးရုံမှာ ဆရာနဲ့ဆရာမတွေပဲရှိတယ်"

"လူနာရှင်တွေကလည်း 'ကယ်ပါဦးဆရာရဲ့၊ လုပ်ပါဦးဆရာရဲ့'နဲ့ ဆူညံနေကြတာရယ်၊ ကိုယ်မှမကယ်ရင်လည်း အခြေအနေက ဘယ်လိုမှမကောင်းနိုင်တာရယ်ကြောင့် အခြေအနေတွေကိုသိသိကြီးနဲ့ အရေးပေါ်ခွဲစိတ်မှုကိုပြုလုပ်မိတယ်"

ဆရာဝန်ကြီးဦးမင်းခင်၏အသွင်က အဝေးသို့မျှော်ငေးကြည့်နေပြီး မြကြီးကြာတို့ကိုတောင် မေ့လျော့နေသည့်အသွင်။

သူမတို့မှာလည်း အသက်ပင်ရဲရဲမရှူဝံ့။ အဖြေကို ကြိုသိနေသလိုလို။

"ဆရာမိုက်တာပါပဲကွယ်၊ ကောင်လေးက ဆရာ့လက်ထဲမှာပဲ သေဆုံးသွားခဲ့တယ်၊ သူ့ဒဏ်ရာတွေက အတွင်းကလီစာတွေကိုထိသွားခဲ့ပြီကိုး"

"သိရဲ့သားနဲ့ဆရာကြီးရယ်"

မြကြီးကြာညည်းညူမိလျှင် ဆရာကြီးက မချိတင်ကဲအသွင်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ သိသိကြီးနဲ့ ဆရာလူမိုက်ဝင်လုပ်မိခဲ့တယ် ဒီအတိုင်း ဘာမှလုပ်မပေးလိုက်ရဘဲနဲ့ အသက်တစ်ချောင်းကို အရှုံးပေးလိုက်ရမှာစိုးလို့ စေတနာဗရပွနဲ့ဝင်ပြီးကယ်လိုက်တာ ဆရာ့မှာ မနည်းကိုဖြေရှင်းခဲ့ရတယ်ကွယ်"

"ဖြစ်မှဖြစ်ရလေဆရာကြီးရယ်"

အခန်းထဲမှာ အဟောင်းတွေ အသစ်ဖြစ်ပြီး စိတ်မချမ်း





မသာဖြစ်နေကြလျှင် ဆရာဝန်ကြီးဦးမင်းခင်က သူမတို့ကို ဆုံးမြွြဝါဒပေးသည်။

"တစ်ခါတစ်ခါမှာ ကိုယ့်စေတနာတွေက ကိုယ့်ကို ပြန်ပြီးဒုက္ခပေးတတ်တယ်၊ စေတနာနည်းလွန်းရင်လည်း မကောင်းဘူး၊ စေတနာများလွန်းရင်လည်း မကောင်းဘူး၊ အရာရာမှာ သတိရှိရမယ်၊ သတိတရားကို လက်ကိုင်ထားပြီး ကိုယ့်ပညာနဲ့ လောကကိုကောင်းကျိုးပြုတဲ့အခါ ကိုယ့်ဘဝကိုလည်း မထိခိုက်စေနဲ့၊ အဲဒါ မြဲမြဲသာမှတ်ကြပေတော့"

"ဟုတ်ကဲ့ပါဆရာကြီး၊ ကျွန်မတို့ မှတ်ထားပါ့မယ်"

မြကြီးကြာနှင့်ရွှေစင်တို့ ဆရာဝန်ကြီးဦးမင်းခင်ကို ကတိပေးလိုက်ကြသည်။

## အခန်း(၈)

မြကြိုးကြာနှင့်ရွှေစင်တို့နှစ်ယောက်အနက် ရွှေစင်မှာ လုပ်အားပေးဆရာဝန်ဖြစ်သည့်အတွက် မြကြိုးကြာက ပိုပြီး တာဝန်ရှိပါသည်။

သူကတော့ ပညာယူသည့်ဆရာဝန်။ လုပ်အားပေးနေသည့်ဆရာဝန်မို့ သူမလောက်တော့ ဇွဲမကောင်းနိုင်ပါပေ။

အချိန်မှန်မှန်လာပြီး၊ အချိန်မှန်မှန်ပြန်လို့ရသည်။ မြကြိုးကြာကတော့ အရေးတကြီးကိစ္စရှိတိုင်း၊ အရေးပေါ်ကိစ္စရှိတိုင်း ဆေးရုံသို့သွားရပါသည်။ သူမက ဆရာဝန်အစစ်မဟုတ်ပါလား။

သည်နေ့လည်း ဆရာဝန်ကြီးနှင့် ဒေါက်တာရွှေစင်ပြန်





သွားပြီးကာမှ ဆေးရုံတက်သည့်လူနာသုံးဦးရောက်လာခဲ့ကြသည်။ နှစ်ဦးက အဖျားသမားများဖြစ်ပြီး တစ်ဦးကတော့ မီးဖွားသည့်လူနာ။

ဆရာမများအကူအညီနှင့် အားလုံးစီစဉ်ညွှန်ကြားကုသချက်တွေရေးပေးပြီးမှ သူမပြန်လာခဲ့မိတော့ ညနေခြောက်နာရီကျော်ပေပြီ။

ဆေးရုံနှင့် သူမနေသည့်အိမ်က နည်းနည်းဝေးပေမယ့် မြကြိုးကြာ ခြေလျင်လျှောက်ပြီး အိမ်သို့ပြန်ခဲ့သည်။

မြို့ကလေးက အေးချမ်းသည်မို့ ဘာမှကြောက်စရာမရှိ။ ပြင် သူမကိုလည်း ဆရာဝန်မှန်းသိကြမှာပါ။

သဲဆန်သည့်လမ်းတွေပေါ်မှာ မြကြိုးကြာခပ်သွက်သွက်လျှောက်နေမိစဉ် ကောင်းကင်မှလည်း မိုးတွေညို့ပြီး အုံ့လာခဲ့သည်။

“ဒုက္ခပါပဲ”

ဘာမှမဖြစ်နိုင်ဘူးဆိုပေမယ့် အနေစိမ်းသေးသည့်မြို့လေးမှာ သူမအားငယ်လာသည်။

"ဟော. . "

မိုးကုန်လုပြီမို့ ထီးမေ့ကျန်ခဲ့ရသည့်ကြားထဲ မိုးဖွဲများတဖွဲဖွဲကျလာလျှင် မိန်းမသားပီပီ မြကြိုးကြာငိုချင်လာမိသည်။

လူနေကျဲပါးသည့် လမ်းတစ်လျှောက်လမ်းပေါ်မှာလည်း လူမရှိ၊ သူမရှိ။ မိုးကလည်း မှောင်လာ၊ ချုပ်လာခဲ့ပေပြီ။ သည်ကြားထဲ မိုးကလည်း တဖွဲဖွဲ။

ဘာပဲဖြစ်ဖြစ် ခပ်သုတ်သုတ်လျှောက်ရမှာပဲ။ အိမ်ရောက်မှ အဝတ်လဲပစ်ရမှာပေါ့။ အရေးထဲ လမ်းမီးကလည်း မလာသေး၊

ထိုစဉ် မိုးကလည်း ဖွဲရာမှ သည်းလာပြန်သည်။

"အို. . အမေ့. . "

လမ်းထောင့်ချိုးတစ်ခုမှ မိုးကာဝတ်စုံနှင့် လူတစ်ယောက်ဘွားကနဲထွက်လာပြီး မြကြိုးကြာထံသို့ ဖွင့်ပြီးသားထီးတစ်လက်ကမ်းပေးလိုက်လျှင် သူမ လန့်ပြီးအော်လိုက်မိ၏။

"ကိုရွှေစင်. . "

မြကြိုးကြာမှာ အားတက်သွားပြီး ထီးကိုလှမ်းယူလိုက်ပါ၏။ သူနှင့်အတူ အိမ်ပြန်ဖို့ ခြေလှမ်းကိုစတင်လှမ်းလိုက်ပြီး သူ့စကားတွေရွှန်းရွှန်းဝေလိုက်သည်။





ဘာပဲဖြစ်ဖြစ် သူ့ကို ကျေးဇူးတင်ရမှာပေါ့။ တစ်ယောက်တည်း မိုးသည်းသည်း၊ မိုးချုပ်စမှာ အားငယ်နေတုန်း။

"ကိုရွှေစင်ရယ်. . ဒီညနေမှ လူနာသုံးယောက်တောင်ထပ်ရောက်လာကြတယ်၊ တော်သေးတယ်၊ သိပ်ပြီး အရေးတကြီးလူနာတွေမဟုတ်ကြလို့၊ ရှင်တို့ကတော့ ဇိမ်ကျလို့ပေါ့လေ၊ ကျွန်မမှာ တစ်ယောက်တည်း အလုပ်ကိုဂျင်ဂျင်လည်သွားတာပဲ"

သူမက ထီးကိုဆောင်းပြီး ခပ်သွက်သွက်လျှောက်သော်လည်း သူက နောက်မှ အနည်းငယ်ခွာပြီးလိုက်၏။ ဘာစကားမှလည်းပြန်မပြောချေ။ အနည်းငယ်မှောင်နေသည်မို့ လမ်းကိုဓာတ်မီးထိုးပြီးပြရင်း နောက်မှ ဂရုတစိုက်လိုက်နေ၏။

"အဲ. . "

တစ်စုံတစ်ခုကိုသတိရမိပြီး မြကြိုးကြာ သူ့ကိုလှည့်ကြည့်လိုက်သည်။ သူဘယ်သူလဲ။ ရုပ်တွေတူပေမယ့် အသွင်သဏ္ဍာန်တွေတူပေမယ့် နူးညံ့မှုမှာကွာသည်လေ။

သူ့မျက်လုံးကို သေချာကြည့်ပြီး မြကြိုးကြာခွဲခြားလိုက်မိသည်။

"ကိုငွေစင်. ."

အံ့တော့အံ့ဩစရာပါပဲ။ သူဟာ မြို့စွန်က မွေးမြူရေးခြံမှာ နေသည်မဟုတ်ပါလား။ သူမအိမ်ပြန်နောက်ကျတာကို သူ ဘယ်လိုသိသလဲ။ ဘယ်လိုလာကြိုသလဲ။ သို့မဟုတ် သူ့လမ်းသူသွားရင်းနှင့် ဒါဟာ တိုက်ဆိုင်မှုတစ်ခုပေပဲလား။

မြကြိုးကြာ လမ်းဆက်လျှောက်လာခဲ့သည်။ ကိုငွေစင်ကလည်း သူနှင့်ခြေနှစ်လှမ်းစာလောက်ခွာပြီး နောက်မှလိုက်ပို့နေမြဲ။

တိတ်ဆိတ်စွာနှင့်ပင် သူမတို့အိမ်သို့ ရောက်ရှိလာခဲ့ကြသည်။

"အထဲဝင်ပါဦးကိုငွေစင်၊ ကျွန်မကိုကူညီတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ ကော်ဖီလေးတစ်ခွက်လောက်ဖြစ်ဖြစ်သောက်သွားပါ"

"ရပါတယ်၊ နေပါစေ၊ ကျွန်တော်. ."

"ဟာ. . ဘယ်ကရရမှာလဲ၊ အားမနာပါနဲ့၊ ကျွန်မကိုခင်တယ်ဆိုရင် ကော်ဖီလေးတော့သောက်သွားပါ၊ ရှင် အဝေးကြီးကိုပြန်ရမှာမဟုတ်လား၊ လမ်းမှာ အရမ်းအေးနေလိမ့်မယ်"





သူဟာ တော်တော်အားနာတတ်သည့်သူဖြစ်သည်။ ရွှေစင်ဆိုတော့ တစ်ခြားစီပဲ။ အင်းလေ. . ဟိုက ဆရာဝန်လောင်းပီပီ ညာရဲရင့်ပွဲလယ်တင့်ပေါ့။ သူကတော့ အားငယ်နေလေသလား။

အရာရာမှာ ရဲရင့်တည်ကြည်ပေမယ့် သူမရှေ့မှာ သိုးလေးလို နူးညံ့အားငယ်နေသူသည် ငွေစင်ဖြစ်သည်။

"မအေးပါဘူး၊ ကျွန်တော်သွားနေကျလမ်းတွေပါ၊ မြကြိုးကြာအအေးမိနေဦးမယ်၊ အဝတ်တွေမြန်မြန်လဲလိုက်ပါ၊ ကျွန်တော့်ကိုစည့်ခံနေရရင် အအေးမိသွားလိမ့်မယ်၊ ဒီနေ့ ရေချိုးနဲ့တော့နော်၊ ရေပြောင်း၊ မြေပြောင်းမှာ ဖျားနေလိမ့်မယ်"

တိုးညင်းစွာပြောပြီး သူချာကနဲလှည့်ထွက်သွားလျှင် မြကြိုးကြာမှာ အံ့အားသင့်ပြီးကျန်ခဲ့ရသည်။ သူဟာ ဘယ်လိုလူစားလဲ။

ဒီလောက်အတန်တန်ကော်ဖီတိုက်ချင်နေတဲ့ မိန်းမသားတစ်ယောက်ရဲ့စေတနာကို အသိအမှတ်မပြုဘူးတဲ့လား။ သူဟာ မြကြိုးကြာကို မခင်ဘူးလား။

"အို. ."

သို့သော် သူမ အအေးမိမှာစိုးတာ၊ ဖျားမှာစိုးတာကိုတော့ စကားနည်းသည့်ကြားမှ ဖော်ပြခဲ့လေသည်။

"ဟဲ့. . . သမီး. . အိမ်ထဲဝင်လေ၊ အပေါက်ဝကြီးမှာ အအေးမိတော့မှာပဲ"

အိမ်ပေါက်မှ ဒေါ်လေးမြမေခင်၏အသံကျယ်ကြီးကိုကြားရလျှင် ငွေစင့်အပေါ် မကျေမနပ်ဖြစ်နေမိရာမှ မြကြိုးကြာ၏စိတ်က ဒေါ်လေးအပေါ်သို့ ကောက်ချင်သွားလေ၏။

"တော်ပါ. . ကိုယ့်တူမလေး ဒီလောက်မိုးချုပ်နေတာကိုတော့ လာကြိုဖော်တောင်မရဘဲနဲ့၊ အိမ်ပေါက်ဝကစောင့်ပြီး စိုးရိမ်နေတယ်ပေါ့လေ၊ ဒေါ်လေးမေတ္တာကို မယုံတော့ဘူးသိလား"

တစ်ဦးတည်းသောဒေါ်လေးမို့ နွဲ့ဆိုးဆိုးရင်း နှုတ်ခမ်းစူနေလျှင် ဒေါ်လေးမြမေခင်က သူ့ရင်ဘတ်ကြီးကို ဖြန်းကနဲပုတ်လေ၏။

"အလိုတော်. . ကျုပ်ကိုအထင်မလွဲလိုက်ပါနဲ့ မောင်ငွေစင်ကို ကျုပ်လွှတ်လိုက်တာပါ"

ဒေါ်လေးက ဤသို့ပြောလျှင် မြကြိုးကြာ၏ခံစားချက်တွေ ရေစုန်မျှောရတော့မလို။ သူမ မခံရပ်နိုင်ပါ။





"ဟုတ်လို့လား၊ မှန်မှန်ပြောနော်၊ ဒေါ်လေးမညာနဲ့၊ ဒါဖြင့် ဒေါ်လေးကလွှတ်လို့ သူလာတာပေါ့၊ ဟုတ်လား၊ ဒေါ်လေးမလွှတ်ရင် သူလာမကြိုဘူးပေါ့လေ"

"ကဲပါမယ်မင်းကြီးမရယ်. . အဝတ်လဲစရာရှိရင် လဲပါ၊ ရေချိုးချင်လည်း ချိုးတော်မူပါ။ ပြီးမှ စကားတွေဆက်ပြောပါနော်"

ဩော်. . ဒေါ်လေးကတော့ ရေချိုးတဲ့။ ကိုငွေစင်က မချိုးနဲ့တဲ့။ မြကြိုးကြာ သူ့စကားကို ပိုပြီးနားထောင်ချင်မိနေသည်။ တစ်သက်လုံးက အသနိုကြိုက်လာခဲ့သူဖြစ်သော်လည်း ဒီညတော့ ရေမချိုးဖို့ ဆုံးဖြတ်လိုက်မိသည်။

"တော်ပြီ. . ကြိုးကြာရေမချိုးတော့ဘူး၊ နည်းနည်းပါးပါးဆေးကြောပြီး အဝတ်လဲမယ်၊ ဒေါ်လေး ကော်ဖီဖျော်ပေးထား၊ အရမ်းအေးတယ်သိလား၊ ဒုက္ခပါပဲ၊ သူလည်းအအေးပတ်နေတော့မှာပဲ"

တဗျစ်တောက်တောက်ပြောပြီး မြကြိုးကြာအဝတ်လဲနေလျှင် ဒေါ်လေးက ကော်ဖီဖျော်ပေးထားလေ၏။ ပြီးလျှင် ဧည့်ခန်းမှာ တူဝရီးနှစ်ယောက် ဒဲ့ကတ္တထိုင်ဖြစ်ကြသည်။

"ကဲ. . ပြော. . ဒေါ်လေးနဲ့ ကိုငွေစင် ဘယ်လိုလုပ်ပြီး တွေ့တာလဲ၊ သူနေတာ မြို့စွန်မှာမဟုတ်လား"

ကော်ဖီပူပူသောက်ရင်း မြကြိုးကြာ ဒေါ်လေးကို ပုလိပ် စစ်စစ်နေမိသည်။ သူမရင်ထဲမှာ မခံရပ်နိုင်ဖြစ်နေရပါ၏။ ကို ငွေစင်ဟာ ဒေါ်လေးခိုင်းလို့မဟုတ်ဘဲ သူ့စိတ်နှင့်သူ လာကြို တာသာဖြစ်စေချင်နေလေသည်။

"ညနေက မောင်ငွေစင် သွားနို့လာပို့တယ်လေ၊ သမီး မရောက်သေးဘူးလည်းဆိုရော ကျွန်တော်သွားကြိုလိုက်မယ် ဆိုပြီး လိုက်သွားတာပဲ၊ ထီးတွေ၊ မိုးကာတွေတော့ သူ့မှာပါမသွား ပါဘူး၊ အင်းလေ. . ဒါပေမယ့် သူက ဒီမြို့သားပဲ၊ ဘယ်မှာငှားငှား ရမှာပေါ့"

ဒေါ်လေး၏ဖြေရှင်းချက်ကြောင့် မြကြိုးကြာကျေနပ်သွား ရသည်။

"ဒါ ဒေါ်လေးခိုင်းတာမှမဟုတ်ဘဲ၊ သူ့အသိစိတ်နဲ့သူ လာကြိုတာပဲ"

မြကြိုးကြာရွှင်ပြုံးနေလျှင် ဒေါ်လေးမျက်မှောင်ကြုံ့ပြန်၏။





"ကောင်မလေးနော်. . ဘယ်လိုဖြစ်နေလဲ၊ ငါ့သဘော ကတော့ ရွှေစင်နဲ့ငွေစင်ဆိုရင် ရွှေစင့်ကို ပိုပြီးသဘောကျတယ်"

"အံမယ်. . ဘာဖြစ်လို့လဲ၊ ဒေါ်လေးပဲ ကိုငွေစင်က ကြိုးကြာကိုကယ်ခဲ့တာဆို"

မြကြိုးကြာ ဒေါ်လေးကိုစနေမိသည်။ ဒေါ်လေးနှင့်သူမက ပြောမနာ၊ ဆိုမနာ ငယ်ပေါင်းကြီးဖော်သူငယ်ချင်းလိုလည်း ပေါင်းလို့ရသည်။

"အံမယ်. . အံမယ်. . သူမကယ်လည်း မော်တော်ပေါ် မှာ လူတွေအများကြီး၊ တစ်ယောက်မှလက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး၊ ဆင်းတော့ဆယ်ကြမှာချည်းပဲ"

"ဒါပေမယ့် ကြိုးကြာရေတွေစိုကုန်မှာပေါ့၊ သူတို့မဆယ် ခင် ရေတွေမွန်းမှာပေါ့လို့ပြီး ဘယ်လောက်ကြောက်စရာကောင်း က်မလဲ၊ တကယ်လို့များ ဆယ်မတွေ့ရင်လည်း သေမှာလေ"

စပ်ဖြဲဖြဲနှင့် မြကြိုးကြာပြောနေလျှင် ဒေါ်လေးက သူမကို မျက်စောင်းထိုးလေ၏။

"ဘာပဲဖြစ်ဖြစ် အမှုံ့ညီအစ်ကိုတွေမို့ ရုပ်ချင်းအတူတူပါ ပဲအေ"

အတည်ပေါက်ကြီးပြောနေသည့်ဒေါ်လေးအား မြကြိုးကြာ စချင်မိသည်မို့ ကော်ဖီကိုကုန်အောင်သောက်လိုက်၏။ ပြီးမှ. .

"ကဲ. . ပြောပါဦး၊ ဒေါ်လေးရဲ့မဟာအမြင်တွေကို. ."

"ညည်းမနောက်ပါနဲ့၊ ငါပြောတာဂေါ်ချာနားထောင်၊ ရွှေစင်က ရည်မွန်တယ်၊ သွက်လက်ချက်ချာတယ်၊ လူမှုဆက်ဆံရေးပိုပြီးကောင်းတယ်၊ ပြီးတော့ ဆရာဝန်တစ်ယောက်ဖြစ်တဲ့အတွက် ညည်းနဲ့ရှေ့သွားနောက်လိုက်ညီမယ်လေ"

"ငွေစင်ကျတော့ သာမန်ပဲ၊ ရိုးတယ်၊ အေးတယ်၊ အနစ်နာခံတတ်တယ်၊ လူသားဆန်တယ်ဆိုတာလည်းအေ ဘာများသုံးလို့၊ စားလို့ရတာမှတ်လို့၊ အဓိကကတော့ ရေဗူးပေါက်တာ၊ မပေါက်တာထက် ရေပါဖို့သာလိုရင်းပါ"

ဒေါ်လေးက အိမ်ရှင်မကြီးပီပီ ဈေးတွက်တွေတွက်ပြနေလျှင် မြကြိုးကြာ နှာခေါင်းလုံးလုံးလေးကို လှုပစ္စာရှုံ့ပြလိုက်သည်။

"ဒေါ်လေးက အမျိုးမျိုးပဲ၊ ရှုံ့ချည်၊ နှပ်ချည်နဲ့၊ အဲဒါကြောင့် အပျိုကြီးဖြစ်တာသိလား၊ စိတ်ကိုက မတည်မငြိမ်နဲ့"

မြကြိုးကြာမှတ်ချက်ချသံကိုကြားရလျှင် ဒေါ်လေး၏မျက်နှာက မခံရပ်နိုင်စွာရှုံ့မဲ့လျက်. . .



"အလိုတော်. . ကျုပ်ဘာသာ အပျိုကြီးလုပ်ချင်လို့လုပ်တာပါ၊ ကျုပ်ကိုတော့ စိတ်မတည်ငြိမ်ဘူးလေး၊ ဘာလေးမပြောပါနဲ့၊ အငြိမ်လွန်လွန်းလို့ ဟိုဘက်တောင်ကျော်သွားဦးမယ်၊ ကျုပ်က ကိုယ့်တူမလေးအတွက်စဉ်းစားပြီး အဆင်ပြေသထက်ပြေအောင် စီမံရတာပါ"

ဒေါ်လေး၏ရှုံ့ရှုံ့ရှဲ့ရှဲ့ပုံစံကြီးကိုကြည့်ပြီး မြကြိုးကြာရယ်ငေးမောမိပါ၏။

"ကဲ. . ကဲ. . ဘာမှလည်းစီမံမနေနဲ့၊ ကြိုးကြာ ဘယ်သူ့ကိုမှလည်း မနှစ်သက်ပါဘူးနော်၊ ကဲ. . ထမင်းစားကြစို့"

တူဝရီးနှစ်ယောက် ထမင်းစားခန်းသို့ရောက်သွားကြပြီး ထမင်းစားကြတော့မှ စကားရည်လုပွဲလည်း ပြီးဆုံးသွားလေတော့၏။

ရွှေစကားစာပေ

## အခန်း(၉)

"ဒေါက်တာ. . ဒေါက်တာ. . "

တဒေါက်ဒေါက်တံခါးခေါက်သံနှင့်အတူ မဝံ့မရဲခေါ်သံ တစ်ခုကြောင့် မြကြိုးကြာ အိပ်ပျော်နေရာမှနိုးသွားသည်။ ညဦး ပိုင်းက မိုးတွေသည်းနေခဲ့သော်လည်း ယခုကျတော့ မိုးမရွာ တော့ပါချေ။

တူဝရိုးနှစ်ယောက်မှာ တစ်ခန်းစီအိပ်ကြသဖြင့် ဒေါ်လေး ၏အခန်းသို့ မြကြိုးကြာသွားနှိုးရ၏။

"အင်. . ဟင်. . ဘာလဲ. . ညကြီးမင်းကြီး. . "





"ထစမ်းပါဒေါ်လေးရဲ့၊ အရေးပေါ်လူနာတစ်ယောက် ယောက်ဖြစ်မှာပေါ့၊ အိမ်ကိုထမ်းလာသလား၊ ဒါမှမဟုတ် သူတို့ အိမ်ကိုပင့်မှာလားမသိဘူး၊ လာ. . သွားကြည့်ကြစို့"

မြကြိုးကြာပြောလျှင် ဒေါ်လေးမြမေခင်မှာ အအိပ်စုံမက် သုပ်ပီ ပွစိ၊ ပွစိနှင့်ရေရွှတ်မြည်တွန်ရင်း နောက်မှလိုက်လာ၏။

"အိုအေ. . ကိုယ်က ဆရာဝန်ဆိုပေမယ့် မိန်းကလေးပဲ၊ သူတို့ဘာသာ အရေးကြီးရင်လည်း ဆေးရုံဖြစ်ဖြစ်၊ ဆရာဝန်ကြီး ဆီပဲဖြစ်ဖြစ် ခေါ်သွားကြပေါ့၊ ညည်းနော်. . ပြောထားပါပေရဲ့၊ သူတွေအပေါ် သိပ်ပြီးစေတနာတွေပိုမနေပါနဲ့၊ ကိုယ့်ကိုယ်ကို လည်း မိန်းမဆိုတာသတိရပါဦး၊ ပြီး ကိုယ်က ဒီမြို့နဲ့သိပ်အသား ကျသေးတာမဟုတ်ဘူး၊ တော်ကြာ ပြန်ပေးတွေ၊ ဓားပြတွေလည်း ဖြစ်နေဦးမယ်"

ဒီလောက်အစိုးရိမ်တွေကြီးပြီး ဂျီးထူလှသည့်ဒေါ်လေး အား လက်ဆွဲပြီး မြကြိုးကြာအောက်ထပ်သို့ဆင်းခဲ့သည်။

"ဒေါ်လေးကလည်း ဒီခေတ်ကြီးထဲမှာ ပြန်ပေးတွေ၊ ဓားပြ

တွေမရှိတော့ပါဘူး၊ ဆရာဝန်ဆီလာပါတယ်ဆိုမှ လူနာပဲဖြစ်ရမှာပေါ့"

"အေးပါ. . အေးပါ. . ညည်းနဲ့တော့ ခက်သေးတယ် အနည်းဆုံးအေ ကိုယ်က ဆရာဝန်မချောချောလေးဆိုတော့ ကိုယ့်ကိုလိုချင်တဲ့သူတွေက တစ်ဖက်လှည့်နဲ့လာပြီး ညာခေါ်ပြီးမှ ခိုးပြေးတာတွေ၊ ဘာတွေဆိုရင် ညည်း ဘုမႉ ဘမသိနဲ့ ယောကျ်ားရနေမှ ဟုတ်ပေ့ဖြစ်နေလိမ့်မယ်"

"အမယ်လေး. . ဒေါ်လေးကလည်း. . အရေးထဲမှာ ဇာတ်လမ်းတွေဆင်နေရပြန်ပါပြီ၊ စိတ်ချ. . ကြီးကြာလည်း ဒေါ်လေးလိုပဲအပျိုကြီးလုပ်မှာ"

ပြောရင်းနှင့်ပင် အောက်ထပ်သို့ရောက်ခဲ့ကြသည်။ တံခါးခေါက်သံခပ်ဖွဖွနှင့် မဝံ့မရဲခေါ်သံတစ်ခု ထွက်ပေါ်လာပြန်သည်။

"ဒေါက်တာ. . ဒေါက်တာ"

အသံမှာ မိန်းကလေးသံဖြစ်သဖြင့် မြကြီးကြာ ရဲရဲတင်းတင်းပင် တံခါးမင်းတုန်းကိုဖြုတ်လိုက်၏။

"အို. . "





မိန်းမငယ်လေးတစ်ယောက်တည်း။ ညကြီးမင်းကြီးမှာ တစ်ယောက်တည်းလာသည်ကိုထောက်ခြင်းအားဖြင့် လူနာသည် အလွန်အရေးကြီးပေလိမ့်မည်။

"ကဲ. . ပြော. . ဘာဖြစ်လို့လဲ"

မြကြီးကြာက အိမ်ထဲသို့ဝင်စေပြီး မေးလိုက်လျှင် ကြောက်ရွံ့နေပုံရသည့်မိန်းကလေးက တုန်ရီစွာဖြေလေ၏။

"ကျွန်မနာမည် ဖြူဖြူခိုင်ပါ၊ ဆရာဦးငွေစင်ရဲ့ တပည့်တွေပါ၊ ကျွန်မယောကျ်ားကိုမြဦးက ဆရာ့အနားမှာနေခဲ့ပါတယ်၊ ဆရာ့ကိုကယ်ပါဦးဒေါက်တာရယ်၊ ဆရာလေ. . ဆရာ ကျွန်မတို့ရဲ့ ကျေးဇူးရှင်ကြီး. . "

ပြောရင်းမှ ဖြူဖြူခိုင်ငိုလေလျှင် မြကြီးကြာ အရမ်းစိုးရိမ်သွားမိ၏။

"အို. . မငိုနဲ့လေ၊ သူ. . ကိုငွေစင်. . ဘာဖြစ်လို့လဲ"

ညဦးပိုင်းက မိုးမိသွားလို့ အဖျားဝင်နေပြီလား။ သို့သော် ဖြူဖြူခိုင်ငိုနေပုံက ဒီ့ထက်မက။ မြကြီးကြာမှာ တဆုံးတွေးမိရင်း စိုးရိမ်ပူလောင်လာသည်။

ကောင်မလေးမှာလည်း ချက်ချင်းပင် အငိုတိတ်အော
ကြိုးစားပေမယ့် ရှိုက်သံများက ဗလုံးဗထွေး။

"ဘယ်အချိန်ကတည်းက ဖြစ်လာခဲ့တယ်မသိပါဘူ
ဒေါက်တာရယ်၊ ကျွန်မတို့လင်မယားနဲ့ ဆရာက တစ်အိမ်စီ
ကြတာပါ၊ စောစောကမှ ဆရာ့အိမ်ဘက်ကညည်းသံကြား
ကိုမြဦးနဲ့ကျွန်မ သွားကြည့်ကြတော့မှ ဆရာ့မှာ ဓားဒဏ်ရာ
နဲ့"

"ဟင်.."

ယခုတော့ မြကြီးကြာပင်မက ဒေါ်လေးမြမေခင်ပါ မျ
လုံးပြူးရပါချေပြီ။ မြကြီးကြာမျက်လုံးပြူးတာက စိုးရိမ်လို့ဖြစ်
ဒေါ်လေးမျက်လုံးပြူးတာကတော့ 'ရှုပ်ရှုပ်ယှက်ယှက်ကြီး'ဆို
ပြူးသွားတာဖြစ်သည်။

"ဒုက္ခပါပဲ၊ သွေးထွက်တွေလွန်ကုန်တော့မှာပဲ၊ ဆေးရုံ
ကြဘူးလား၊ ကျေနပ် ကျွန်မကိုလာကြိုပြီး အိမ်အပြန်မှာ ဓား
ခံရတယ်နဲ့တူတယ်"





မြကြီးကြာမှာ အရမ်းစိုးရိမ်သွားပြီး ဆေးအိတ်ကိုအပြေး
ယူနေလျှင် ဒေါ်လေးမြမေခင်က သူမကိုလိုက်တားနေ၏။

"မဖြစ်ဘူးကြီးကြာ၊ ဒါ ရာဇဝတ်မှုပဲ၊ ပြီးတော့ ညည်းကို
လာကြိုရင်းနဲ့ဖြစ်တာနော်၊ အဆင်မသင့်ရင် ကိုယ်ပါ အမှုထဲပါ
နေရဦးမယ်၊ ညည်းလိုက်လို့မဖြစ်ဘူး၊ သူတို့ဘာသာ ဆေးရုံကို
ထမ်းသွားပစေ၊ ညည်း သူ့ကို ဆေးရုံကျမှကုပေးပါ"

ဒေါ်လေးညွှန်ကြားသော်လည်း မြကြီးကြာမနာခံနိုင်ပါ။
သူ့ဒဏ်ရာ ဘယ်လောက်အထိကြီးသလဲ။ ချက်ချင်း အရေးပေါ်
ကုသဖို့လိုလေမလား။

သူလည်း ပညာတတ်တစ်ယောက်ပဲ။ အနည်းဆုံး ဘွဲ့
တော့ရထားသည်မဟုတ်ပါလား။ ဒါ ရာဇဝတ်မှုနှင့်ဆက်နေတယ်
ဆိုတာ သူလည်းသိမှာပါပဲ။

တစ်စုံတစ်ယောက်ကိုငဲ့ညှာပြီး ဆေးရုံသို့မသွားဘဲ ပေ
ကတ်နေတာဖြစ်မှာပေါ့။ ဟုတ်တယ်။ သူ ကိုငွေစင်ဟာ မည်သူ့
အပေါ်မှာပဲဖြစ်ဖြစ် ငဲ့ညှာတတ်သူ။ စာနာတတ်သူ။

မြကြိုးကြာ ဒေါ်လေးကိုဖျောင်းဖျနှစ်သိမ့်ရင်း ဖြူဖြူခိုင့်ထံ ဆေးအိတ်ပေးလိုက်၏။

"မကြောက်ပါနဲ့၊ မစိုးရိမ်ပါနဲ့ဒေါ်လေးရယ်၊ သူ တစ်ခုခု ဖြစ်သွားမှာ ကြိုးကြာစိုးရိမ်တယ်၊ ပြီးမှ သင့်တော်သလိုစီမံတာပေါ့၊ ကဲ. . ဒေါ်လေး. . ကျန်ခဲ့၊ ကြိုးကြာ ဖြူဖြူခိုင်နဲ့လိုက်သွားလိုက်မယ်"

ချက်ချင်းပင် လက်နှိပ်ဓာတ်မီးကိုယ်စီနှင့် မြကြိုးကြာနှင့် ဖြူဖြူခိုင်တို့ ကိုငွေစင်၏မွေးမြူရေးခြံသို့ သုတ်ခြေတင်လိုက်ကြတော့သည်။

* ✕ *



"အင်း. . ဟင်း. . "

သူ့ဝါးအိမ်လေးပေါ်သို့တက်လျှင်တက်ချင်း ညည်းသံကြီးကိုကြားလိုက်ရသဖြင့် မြကြိုးကြာရင်ထဲမှာ ပူလောင်သွားရသည်။

ဓားဒဏ်ရာက အသည်းတွေ၊ နှလုံးတွေများ ထိသွားသလား။ လူမမာအနားသို့ သူမအပြေးကပ်သွားပြီး သွေးများစိုခနေသည့်စောင်ကိုဆွဲခွာလိုက်သည်။

"အို. . "

သွေးတွေက သူ့အကျီမှာစိုရွှဲနေပြီး သူ့တစ်ကိုယ်လုံး ပူခြစ်နေလေလျှင် မြကြိုးကြာငိုမိပြီ။ ငိုသံပါနှင့်ပင် ကျန်နှစ်ယောက်ကို ကြိမ်းမောင်းမိတော့သည်။

"ရှင်တို့ ဒီလောက်တောင်ပေါ့ဆရသလား၊ ကျွန်မဆီ စောစောကတည်းက လာခဲ့ပါလား၊ ဆေးရုံမပို့ချင်လည်း စောစော က လာပါလား"

ချက်ချင်းပင် သူ့ဒဏ်ရာကိုလှန်ပြန်ရှာနေလျှင် သူက ကြင်နာစွာဖျောင်းဖျနေ၏။

"ဒဏ်ရာက ရှပ်ထိသွားတာပါ၊ မသေလောက်ပါဘူး ကိုယ်လည်း သူတို့ကို မန္တီးမိခဲ့ဘူးလေ"

"အို. . ဒဏ်ရာကြီးတယ်၊ သေးတယ်ပြောရအောင် ရှင်က ဘာသိလို့လဲ၊ ပြီး အခု သွေးထွက်လွန်နေပြီရှင့် သိရဲ့လား၊ ရှင် ဆေးရုံတက်ရမယ်"

သူ့အင်္ကျီကိုဆွဲချွတ်လိုက်မှ ရင်အုံမှဒဏ်ရာကိုတွေ့လိုက် ရသည်။ သူပြောသလို အတွင်းသို့နက်ဝင်မသွားသဖြင့် မြကြိုး ကြာ သက်ပြင်းချရ၏။ သို့သော် သူ့အပေါ် ကရုဏာစိတ်ဖြင့် ဒေါသကမပြေချင်သေး။

ဘက်ထရီမီးရောင်အောက်မှာ ကိုမြဦးနှင့်ဖြူဖြူခိုင်တို့





လင်မယားက သူမညွှန်ကြားသမျှ ကူညီပေးနေသလို၊ သူမက လည်း လျှင်မြန်သွက်လက်စွာနှင့်ပင် သူ့ကိုကုသပေးနေခဲ့သည်။

ဒဏ်ရာကိုဆေးကြောပြီး ချုပ်ခြင်း၊ ဆေးထည့်ခြင်း၊ ဆေး ထိုးခြင်းများပြုလုပ်ပြီးသောအခါ မြကြိုးကြာမှာ ခြေကုန်လက် ပန်းကျလုလု။

သူမကို မျက်လုံးကြီးအပြူးသားနှင့်ကြည့်နေသည့်သူ့ကို ယခုတော့ မြကြိုးကြာ ဆူမာန်၊ မြည်တွန်ရုံသာတတ်နိုင်တော့ သည်။

"ဘာကြီးမှန်းလည်းမသိဘူး၊ သွေးထွက်လွန်ရင် သေတတ် တာ ရှင်နားမလည်ဘူးလား၊ ခုတောင် ကိုယ်တွေပူနေပြီ၊ အနာ ရှိန်ရယ်၊ သွေးထွက်လွန်တာရယ်၊ ရှင်ဟာလေ လူပုံကြည့်တော့ နူးညံ့သလိုလိုနဲ့ တော်တော်ခေါင်းမာတယ်"

သူမ ဆူမာန်နေလျှင် ငွေစင်မှာ သူ့ကို အကြင်နာတွေ ပေးနေသည်ဟုမျှ ထင်နေသလားမသိ။ မျက်နှာတစ်ခုလုံးမှာ ပီတိအရောင်တွေသာ ဖိတ်ဖိတ်တောက်ဝင်းပလျက်။

ပြီးလျှင် သူ့တပည့်များကို ညွှန်ကြားလိုက်သေး၏။

"ဖြူဖြူခိုင်. . ကြီးကြာအတွက် နွားနို့ပူပူလေးနဲ့ ကြက်ဥ နှစ်လုံးလောက်ကြော်ပေးပါကွယ်၊ သူ့ခမျှာ မောလှပါပြီ"

သူ့စကားကြောင့် မြကြီးကြာ သူ့ကိုမျက်စောင်းထိုးမိပြန်သည်။ အလို. . သူမရင်ထဲ သူ့အပေါ် ဘယ်တုန်းက ဘယ်လို ရင်းနှီးသွားမိခဲ့ပါလိမ့်။

စေတနာတွေကလည်း ပိုမိလိုက်တာ။ သူခံထိုးခံရသည်ကို ကိုယ်ခံရသည့်အတိုင်းပင် ခံစားနေရ၏။

"ဘာမောလှပြီလဲ၊ ဒါ ကျွန်မကို စကားများရလို့ မောပြီလို့ပြောလိုက်တာပေါ့လေ"

"မဟုတ်ရပေါင်ဗျာ၊ ဒီလောက်တောင် မြို့ထဲကနေ မြို့စွန်ကိုပြေးလာရ၊ ကုသပေးရတာ တကယ်မောမှာပါ၊ ကြီးကြာကို ကျွန်တော် အရမ်းကျေးဇူးတင်တယ်ဗျာ"

တကယ်ပင် ရင်ထဲမှလှိုက်လှဲကြင်နာသံနှင့် စကားသံကို ကြားလိုက်ရသဖြင့် မြကြီးကြာ သူ့အပေါ် မဆူ၊ မမြည်နိုင်တော့ပါချေ။





သူစီစဉ်ပေးသည့် နွားနို့ပူပူနှင့်ကြက်ဥကြော်တို့ကိုစားပြီး သူမကလည်း ပြန်လည်စီစဉ်ပေးခဲ့ရပါ၏။

"ရှင် မပေါ့နဲ့၊ ရှင့်ရင်အုပ်ကမာဆယ်တွေ မာလွန်းလို့သာ ချုပ်ထိသွားတာ"

"ကိုယ်က အားကစားသမားလေ"

သူက ပြုံးပြုံးကြီးနှင့်ဝင်နောက်လျှင် မြကြီးကြာ သူ့ကို မျက်စောင်းထိုးရပြန်သည်။ အို. . သူဟာ လူဆိုးပါ။

"ကြီးကြာပြောတာနားထောင်ပါ၊ လောလောဆယ် ရှင့်ဒီ မွေးမြူရေးခြံက ကျန်းမာရေးနဲ့မညီညွတ်တဲ့အတွက် ရှင်နေရာပြောင်းနေရမယ်၊ ဆေးရုံလည်းမတက်ချင်ဘူးမဟုတ်လား"

မြကြီးကြာ၏စကားကိုကြားရလျှင် ပြုံးရွှင်နေသည့်သူ့ မျက်နှာမှာ ချက်ချင်းပင်တည်တံ့သွား၏။

"ကိုယ့်မှာ ထောက်ထားညှာတာစရာတွေရှိနေတဲ့အတွက် ဆေးရုံတက်လို့မဖြစ်ဘူး၊ ဘယ်သူ့ကိုမှ ပြဿနာမတက်စေချင်ဘူးကွာ၊ ကိုယ်လည်း သေသွားတာမှမဟုတ်ဘဲ"

"ဆေးရုံမတက်ချင်တာကားပါ၊ ဒါပေမယ့် ရှင် ဒီမှာနေလို့

မသင့်တော်ဘူး၊ ကြက်ချေး၊ ဝက်ချေး၊ နွားချေးနံ့တွေနဲ့ လှိုင်နေတာကြီးကို. . "

မြကြိုးကြာထောက်ပြလျှင် ငွေစင် ငြိမ်သက်နေပါ၏။ သူမက ဆက်လက်ပြီးဖိအားပေးရသည်။

"အဲဒီတော့ ရှင် ကြိုးကြာတို့နဲ့အတူ လိုက်ပြီးနေပါ"

"အို. . ဒါတော့ မဟုတ်တာ၊ မိန်းမပျိုလေးရှိတဲ့အိမ်မှာ လူပျိုနေလို့ဘယ်သင့်တော်မလဲ"

သည်စကားကို သူလျင်မြန်စွာပြောလျှင် မြကြိုးကြာ ငွေစင့်ကို ပို၍လေးစားမြတ်နိုးရပါသည်။ သူတို့ညီအစ်ကိုဟာ စိတ်သဘောထားချင်းမတူကြဘူး။

"ဒါပေမယ့် ကျွန်မကလည်း ရိုးရိုးအပျိုလေးမဟုတ်ဘူးလေ၊ ဆရာဝန်ပဲ၊ ပြီး ရှင်ကလည်း ရိုးရိုးလူပျိုမှမဟုတ်ဘဲ၊ ဓားဒဏ်ရာရထားတဲ့လူနာ၊ ဒီတော့ လူနာနဲ့ဆရာဝန်လို့သဘောထားပြီး ရှင် ကျွန်မတို့အိမ်. အဲလေ. . ကိုယ့်အိမ်မှာ ကိုယ်ပြန်နေပါ၊ ခဏဖြစ်ဖြစ်နေလိုက်ပါ"





မြကြိုးကြာပြောသော်လည်း ငွေစင်ကတော့ ခေါင်းကိုသာ ဘွင်တွင်ခါနေသည်။

"ကျွန်တော့်ကြောင့် ကြိုးကြာဂုဏ်သိက္ခာကျဆင်းမှာ၊ အိုဘာ. . သူများစေ့စေ့ကြည့်ခံရမှာ မလို့လားဘူး"

"ဒီတော့ ရှင်က ကျွန်မစကားကိုမနာခံဘူးပေါ့၊ ဆရာဝန်ရဲ့စကားကို လူမမာက မနာခံဘူးပေါ့လေ"

ထိုင်နေရာမှထပြီး မြကြိုးကြာအိမ်ပြန်ဖို့ပြင်သည်မှာ သူ့ကိုစိတ်ဆိုးလွန်းလို့ပါပဲ။ သူတစ်ပါးယောကျ်ားသားတွေလို အခွင့်အရေးယူဖို့ဝေးစွ။ လိုအပ်လို့ ဆရာဝန်အနားမှာခေါ်ထားမှာကိုပင် သူက အတွင်သားငြင်းနေသည်။

ကြာတော့ မြကြိုးကြာရှက်လာပါ၏။ ကောက်ညှင်းကစေး၊ ဆန်ကြမ်းကစေးဆိုတာ ဒါမျိုးပဲဖြစ်ရမည်။

သည်တော့မှ ရှိုးခိုးဦးချပုံစံလုပ်ရင်း ငွေစင်က သူမကိုပြောဆိုက်သည်မှာ ဖျာဖျာသလဲ။

"ကျွန်တော် မြကြိုးကြာတို့အိမ်မှာတော့ မနေပါရစေနဲ့၊ မြကြိုးကြာတို့ခေါင်းရင်းက အညာဦးအောင်သူနဲ့ အဘွားဒေါ်

ဝင်းခင်တို့အိမ်မှာ ရွှေ့နေလိုက်ပါ့မယ်၊ စိတ်တော့မဆိုးလိုက်ပါနဲ့ ဆရာဝန်မကြီးရယ်၊ ကျွန်တော့်ဒဏ်ရာလေးပျောက်ကင်းအောင်တော့ ကုသပေးခဲ့ပါဦးနော်”

“ဒါဆိုလည်းပြီးရော၊ မနက်ဖြန်ကစပြီး ရှင် အဘဦးအောင်သူတို့ခြံမှာ ပြောင်းနေရမယ်၊ ဒါမှ ရှင့်ရဲ့ဒဏ်ရာကို ကျွန်မ လိုသလိုကုသပေးလို့ရမှာ”

နောက်ဆုံးပြေလည်မှုရမှပင် ကိုမြဦးက ဒေါက်တာမြကြိုးကြာကို အိမ်သို့ပြန်ပို့ပေးလေသည်။



## အခန်း(၁၀)

ငွေစင်မားထိုးခံရသည့်ကိစ္စနှင့် ရွှေစင်မြို့မှပျောက်သွားသည့်ကိစ္စသည် ဘယ်လိုဆက်စပ်ပါလေသလဲ။

တိုက်တိုက်ဆိုင်ဆိုင် ငွေစင်ကလည်း သူမားထိုးခံရသည့်အမှုကိုတိုင်ချက်မဖွင့်ဘဲ သူ့ဘာသာ ကြိတ်ပြီးခံခဲ့သဖြင့် လူတွေမှာ ဇဝေဇဝါဖြစ်ကြရမလို။

ညီအစ်ကိုအချင်းချင်းပဲ ရန်ဖြစ်ကြလေသလား။ အမွေလုကြသလား။ သို့တည်းမဟုတ် ရည်းစားပဲလုကြလေသလား။

မြို့မှလူတွေ၏အမြင်မှာ သည်ကိစ္စသည် စိတ်ဝင်စားဖွယ်။ ရွှေစင်၊ ငွေစင်နှင့် မြကြိုးကြာ။ အရွယ်ညီ၊ အရွယ်လှသည့်သုံးယောက်ပါပင်။

မြို့မှလူတွေမှာ ရွှေစင့်ပရိသတ်ကလည်း အများသား၊ ရွှေစင်ကလည်း ချိုသာပြုံးရွှင်သောရွှေစင်။ သွက်လက်ချက်ချာ သော လုပ်အားပေးဆရာဝန်လေးရွှေစင်မဟုတ်ပါလား။

ငွေစင်ကတော့ ရိုးရိုးကြီးဧယျနှယ်။ ဘဝကို ရိုးရိုးနှင့် ရဲရဲရင့်ရင့်ဖြတ်သန်းရင်ဆိုင်ခဲ့သူပီပီ အပြောလည်းမချို။ အနေ အယာလည်း မရွှင်။

သည်တော့ ဒေါ်လေးမြမေခင်တို့လို စိတ်ခပ်နုနုအပျိုကြီး တွေအမြင်မှာ ငွေစင်ထက် ရွှေစင်က ပိုမိုသနားစဖွယ်ကောင်း နေခဲ့သည်။

မြကြိုးကြာမှာ မနက်လင်းသည်နှင့် ငွေစင်ရှိရာခေါင်းရင်း ခြံသို့ ဆေးကုသသွားရန်ပြင်ဆင်မြဲ။ သည်အခါ ဒေါ်လေးမြမေ ခင်နှင့် အမြဲစကားများရမြဲ။

"အပိုအလုပ်တွေပါတော်၊ ဒီကောင်လေးကိုက လူတွင် ကျယ်လုပ်လွန်းတယ်၊ စတန့်ထွင်လွန်းတယ်၊ ဆေးရုံတက်ပါဆို လည်း မတက်ဘူး၊ ငါ့အထင်တော့ ညည်းနဲ့ပိုပြီးနီးစပ်မှုရှိရအောင် ဒီလိုလုပ်တယ်ထင်တာပဲ၊ ကြည့်လေ. . ဆေးရုံမှာဆိုရင် အများ





နဲ့ဆက်ဆံရမှာမဟုတ်လား၊ ခုလို ဘယ် နှစ်ယောက်တည်းနီးနီး ကပ်ကပ်နေရမလဲ၊ ငါတော့ နင်တို့ကို မျက်စိစပါးမွေးစူးလာပြီ ဟေ့"

"ဟာ. . ဒေါ်လေးကလည်း အမျိုးမျိုးပဲ၊ ဆေးရုံမတက် တာလည်း သူ့အကြောင်းနဲ့သူဥစ္စာ၊ အခုလည်း ကြိုးကြာက ဒီအိမ်မှာနေခိုင်းတာပါနော်၊ အခွင့်အရေးမယူချင်လို့ဘဲ အဘ ငြိုးအောင်သူတို့အိမ်မှာ သွားနေရှာတာပါ"

ဆေးအိတ်ပြင်ရင်း ငွေစင့်ဘက်မှ မြကြိုးကြာစကားဖာ ေျှင် ဒေါ်လေးအသွင်က ဆွေ့ဆွေ့ခုန်မတတ်။

"အလိုတော်. . အပိုတွေပါ၊ ဒါပဲနော်၊ ဘာမှမဟုတ်တဲ့ အနုတ်စုတ်၊ ဂုတ်စုတ်နဲ့တော့ သဘောမတူနိုင်ဘူး၊ ဆရာဝန် လောက်နဲ့မှ အနည်းဆုံးသဘောတူနိုင်မယ်"

"သူ့ကို ဒေါ်လေး ဘာလို့ဒီလောက်မုန်းနေတာလဲ၊ သူက တော့ သဘောကောင်းလိုက်တာ၊ အိမ်ဆိုလည်း ထိုးပေးထား ပါက်တာပဲ"

"ဒေါ်လေး ငွေစင့်ကိုမမုန်းပါဘူး၊ ဒါပေမယ့် ဒီကောင်

လေးမှာ ပဟေဠိတစ်ခုရှိသွားပြီ၊ လူဆိုတာ အများနဲ့အလည်လွယ် အောင် ရိုးသားသူဖြစ်သင့်တယ်၊ အခုကျ သူ့မှာ ဘာလို့မေးထို ခံရသလဲ၊ ဘယ်သူကထိုးသလဲ၊ ဘာပဲဖြစ်ဖြစ် သူမကောင်းလို့ ပေါ့၊ ဒေါ်လေးကတော့ ကိုယ့်တူမလေးကို ဆိုက်ဆိုက်တန်တန် ပဲဖြစ်စေချင်တာပဲ"

"ကဲပါ. . . ဒီလောက်လည်း အစိုးရိမ်တွေပိုမနေပါနဲ့ ကြိုးကြာ သွားပြီးဆေးကုလိုက်ဦးမယ်"

မြကြိုးကြာက ဆေးအိတ်လေးဆွဲပြီး တစ်ဖက်ခြံသို့သွား လျှင် ဒေါ်လေးမှာ ထုံးစံအတိုင်း မျက်စောင်းထိုးလျက်ကျန်ခဲ့ လေသည်။

* ✖ *



"အား. . ကျွတ်. . ကျွတ်. . ကျွတ်. . "

ရင်အုံကြီးတစ်ခုလုံးပွင့်အောင် ဓားထိုးခံထားရသူပီပီ ငွေစင့်အသားတွေ၊ အသည်းတွေ နာနေခဲ့သည်။

လူဆိုတာ သူ့ဗီဇနှင့်သူ လာခဲ့လေသလား။ ဗီဇဆိုတာက ရော ပတ်ဝန်းကျင်က အများဆုံးဖန်တီး၊ လွှမ်းမိုးထားလေသလား။

အမြွှာညီအစ်ကိုချင်းတူပေမယ့် သူနှင့် ရွှေစင်၏စိတ်သည် မတူညီခဲ့ပါ။ ကမ္ဘာပေါ်မှာ သွေးသားသံယောဇဉ်ဆိုလို့ ဒီညီ အစ်ကိုနှစ်ယောက်သာရှိတော့သဖြင့် ငွေစင့်သဘောကတော့ ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးရှိစေချင်ပါသည်။

သို့သော် ရွှေစင့်ကို သူစည်းရုံးလို့မရနိုင်သေးပါ။ ရွှေစင်သည် သူဖြူလျှင် မည်းပြီး သူမည်းမှ ဖြူလိုသူ။

"ရှယ်တူချင်း မင်းဆရာကြီးမလုပ်ပါနဲ့"ဟူသောစကားဖြင့် သူ့အပေါ် အမြဲဆန့်ကျင်အနိုင်ယူလိုသူ။ ယခုလည်း ကိုယ့်အိမ်မှာ ဒေါက်တာမြကြိုးကြာတို့ကိုတင်ထားသဖြင့် မွေးမြူရေးခြံမှာ လာနေဆိုတော့လည်း မနေ။

သူ့ကိုဆန့်ကျင်ရပြီးရောဟူသည့်သဘောဖြင့် အောင်ထိုက်တို့အိမ်မှာသွားနေသည်။ အောင်ထိုက်အကြောင်း သူဘာသိလို့လဲ။

စီးပွားရေးသမား။ လူတစ်ယောက်ကိုကြည့်လျှင် ဒီလူ့ဆီက ငွေဘယ်လောက်ရမလဲဟူသောအကြည့်ဖြင့် ကြည့်တတ်သူ၊ အမြတ်ထုတ်တတ်သူ။

အောင်ထိုက်မြှောက်ပေးသဖြင့် မိဘအမွေဖြစ်သည့်အိမ်ကို ရောင်းဖို့တဲ့။ သူနှင့်ရွှေစင် အမြဲစကားများနေရသည်။

"မင်းက ငါကျောင်းထားပေးရတယ်ဆိုပြီး အိမ်ကိုအပိုင်စီးဖို့ကြံတာလား၊ ရွှေစင်ဆိုတဲ့ကောင်ကလည်း မင်းကို လုံး၀





ချမစိုက်ဘူး၊ မင်းလက်ဝါးကြီးအုပ်ထားတာကိုမခံနိုင်လို့ ပြောနေရတာ"

ညီအစ်ကိုချင်းစကားများရတာလောက် ရင်နာစရာကောင်းတာမရှိ။ ငွေစင့်သဘောထားက ကိုယ့်မိဘခေါင်းချသွားရာ အိမ်ကလေး၊ မိမွေ၊ ဖမွေအိမ်ကလေးမှ ခင်တွယ်တန်ဖိုးထားခြင်းပင်။

အပိုင်စီးဖို့ရာလည်း တစ်ခါမှစိတ်မကူးခဲ့ရပါ။ ဓားထိုးခံရသည့်နေ့က သူ မြကြိုးကြာကိုကြိုပြီး အိမ်သို့ပို့ပေးခဲ့သည်။

နောက် မွေးမြူရေးခြံသို့မပြန်ခင် ရွှေစင်မှာထားသဖြင့် သူရှိရာ အောင်ထိုက်အိမ်သို့လျှောက်ခဲ့ရပြန်သည်။

ဟင်း. . အိမ်ရောင်းဖို့ပြောဦးမှာပါပဲ။ သက်ပြင်းချရင်း အောက်ထိုက်တို့အိမ်ဘက်သို့ ငွေစင်လျှောက်လာခဲ့လျှင် မိုးတွေသည်းနေသည့်ရှေ့အမှောင်ရိပ်မှာ လူသုံးယောက်သား လုံးထွေးနေတာကို မြင်လိုက်ရသည်။

"ဟင်. ."

ဒါ. . ဘာလဲ။ လုယက်နေကြတာလား။ မဟုတ်သေးဂါဘူး။ အရေးကြုံလျှင် အကူအညီပေးနိုင်ဖို့ရန်အတွက် ငွေ၈င်

အပြေးကပ်သွားမိသောအခါ တစ်ယောက်မှာ မထင်မှတ်သဲ ရွှေစင်ဖြစ်နေ၏။

ရွှေစင့်ကို ကောင်လေးနှစ်ယောက်က ဝိုင်းဝန်းသတ်ပုတ် နေကြခြင်းဖြစ်သည်။

"ရွှေစင်. ."

သူ လှမ်းအော်ပြီး ရန်ပွဲထဲသို့ဝင်လိုက်ရ၏။

"နောက်ဆုတ်. . ရွှေစင်. . နောက်ဆုတ်. ."

သူနှင့်စာလျှင် ရွှေစင်က ရွှေမင်းသား။ နုနုလှလှ။ ယခု ကိုပဲ ဟိုနှစ်ယောက်လက်ချက်ဖြင့် ဖူးယောင်ကွဲပြဲနေလေပြီ။ သူကတော့ အကြမ်းခံ၊ ရေစိမ်ခံ။

ပါးစပ်မှတောင်းပန်ရင်း ထိုနှစ်ယောက်ကို ရှိခိုးဦးချလုပ် ပေမယ့် ရန်ငြိုးကြီးပုံရသည့်ထိုနှစ်ယောက်က သူ့ကိုပါ ရန်ပွဲထဲ သို့ ဆွဲထည့်လေ၏။

"အား. ."

ထိုစဉ် မမျှော်လင့်ဘဲ သူ့ရင်အုံထဲသို့ ပူကနဲ ဓားနှင့်အထိုး





ခံလိုက်ရပြီး နှစ်ယောက်သားထွက်ပြေးသွားကြလျှင် ရွှေစင်နှင့် သူသာ ကျန်ခဲ့တော့သည်။

မိုးရေထဲမှာ သွေးတွေက နီနီရဲရဲ။

"ရွှေစင်. . အဲဒါ မိုးဟန်နဲ့ညီပုမဟုတ်လား"

"ဟုတ်တယ်၊ အဲဒါနီလာနဲ့ကြည်ပြာရဲ့ရည်းစားတွေ၊ ငါ့ကို အထင်လွဲပြီး ရန်စတာ"

"အစကတည်းက ငါပြောသားပဲ၊ မိန်းကလေးတွေရှိတဲ့ အိမ်မှာနေတော့ ပြဿနာတက်တာပေါ့၊ အခုဘယ်လိုလုပ်ကြ မလဲ"

ငါ မတွေးတတ်၊ မကြံတတ်တော့ဘူး၊ ငါ အမှုလည်း မဖြစ်ချင်ဘူးကွာ၊ ငါ့ရာဇဝင်မှာ အမည်းစက်မတင်ချင်ဘူး"

"ဟိုကောင်တွေက မင်းကိုအခဲကြေပါ့မလား"

"သူတို့လည်း ခံရတာပဲ၊ ဒါပေမယ့် မင်းက ပိုခံရတယ် လေ၊ ကဲ. . ဒဏ်ရာကြည့်ရအောင် ငါ့အိမ်လိုက်ခဲ့"

ရွှေစင့်အသွင်က တုန်တုန်လှုပ်လှုပ်။ မကောင်းတတ်လို့ သာခေါ်သည့်ပုံ။ ငွေစင်ဆုံးဖြတ်ချက်ချလိုက်သည်။

"အကောင်းဆုံးကတော့ မင်းခဏရှောင်နေလိုက်၊ ငါ ဒဏ်ရာက ကိစ္စမရှိပါဘူး၊ မြကြိုးကြာဆီသွားလိုက်မယ်၊ မင်း ပြန်လာရင်လည်း အောင်ထိုက်အိမ်မှာ မနေနဲ့တော့၊ လောလော ဆယ် ဒီလက်စွပ်သာရောင်းသုံးပေတော့"

လက်စွပ်ကိုချွတ်ပေးလိုက်လျှင် မိုးရေထဲမှာ ရွှေစင်ပြေး ထွက်သွားတော့သည်။

"အား. . ကျွတ်. . ကျွတ်. . တွတ်. . "

ဒဏ်ရာကနာပေမယ့် ငွေစင် မြကြိုးကြာထံမသွားရပါ။ သူမ ထိတ်လန့်လိမ့်မည်။ နောက် မလိုလားအပ်ဘဲ အမှုတွေ ဖြစ်ရလိမ့်မည်။ ရွှေစင်က အမှုအခင်းမဖြစ်လိုပါတဲ့။

နောက်ဆုံး ကိုယ့်ဒဏ်ရာကိုယ်ပြန်ကြည့်တော့လည်း ဒီ လောက်မဟုတ်ပါဘူးဟုဆုံးဖြတ်ကာ ငွေစင် အိမ်ပြန်လာခဲ့ခြင်း ဖြစ်သည်။

မနက်ကျမှ တစ်ခုခုစီစဉ်တော့မည်ဟူ၍ပါ။ ယခုတော့ သူ့တပည့်မလေးဖြူဖြူခိုင်၏ကောင်းမှုကြောင့် မြကြိုးကြာ သူ့ အပေါ်ထားသည့်စေတနာတို့လည်း ပွင့်ထွက်ခဲ့ပေပြီ။





နာသည့်ကြားမှပြုံးမိရင်း သူ့မျက်နှာကြည်ကြည်လေးကို မြင်ယောင်နေမိစဉ် ငွေစင့်အခန်းထဲသို့ အဘွားဒေါ်ဝင်းခင် ဝင် လာ၏။

"လူကလေး. . အနာကနာသေးလား၊ အံ့ပါရဲ့တော်၊ ဒီ မြို့ဒီရွာမှာ လူကလေးနဲ့မတည့်တဲ့လူ၊ ရန်ဖြစ်ရမယ့်လူလည်း မရှိပါဘူး၊ အဲဒီဓားထိုးတဲ့လူကိုရော သားမသိလိုက်ဘူးလား"

အဘွားမှာ သူ့အတွက် တော်တော်ခံပြင်းနေပုံရလေ၏။ ငွေစင် အဘွားကိုကြင်နာစွာပြုံးပြမိပါသည်။

"ကိစ္စမရှိပါဘူးအဘွားရယ်၊ ဒါ ဘာမှကြီးကျယ်တဲ့ပြဿနာ မဟုတ်ပါဘူး၊ ကဲ. . ခုမနက် ကျွန်တော်ဘာစားရမှာလဲ၊ ဆာပြီ အဘွားရဲ့"

"မောင်မြဦးလေး နွားနို့ပို့သွားပြီလေ၊ အဘွား ပျစ်နေ အောင်ကျိုထားတယ်၊ ဒေါက်တာမလေးအတွက်ပါပေါ့၊ နွားနို့နဲ့ ပလာတာစားရမယ်"

"ကောင်းတယ်၊ ကဲ. . အဘွား အပြင်ကပဲစောင့်ပါ၊ ကျွန်

တော် အိပ်ယာသိမ်းပြီးထွက်ခဲ့မယ်၊ တော်ကြာ ကြိုးကြာလာတော့မယ်"

စောင်သိမ်းဖို့ ငွေစင်ပြင်လျှင် အဘွားက ဖျာဖျာသလဲနှင့် သိမ်းဖို့ပြင်၏။

"သားကို ငြိမ်ငြိမ်နေရမယ်လို့ ဒေါက်တာမလေးပြောထားတယ်မဟုတ်လား၊ အလုပ်လုပ်မှာစိုးလို့ ဒီမှာအနားယူခိုင်းထားတာ၊ ငြိမ်ငြိမ်နေစမ်းပါလူကလေးရယ်၊ မင်းမှာ တစ်ဘဝလုံး ပင်ပန်းလှပါပြီ၊ အဘွား အများကြီးသန်ပါသေးတယ်ကွယ်၊ နောက်အဘွားတို့အိုမင်းမစွမ်းကျရင် သားကိုပဲအားကိုးရမှာလေ"

အဘွားဒေါ်ဝင်းခင်မှာ တကယ်လည်း ငွေစင့်ကို သူ့မြေးအရင်းနှယ် ကြင်နာသနားသူဖြစ်ပါသည်။ ဖြူဖြူဖွေးဖွေးနှင့်ပေါ့ပေါ့ပါးပါးရှိသည့်အဘွားကို သူကလည်း ကိုယ့်အဘွားအရင်းနှယ်ချစ်ပါသည်။

"ဒါတွေကတော့ ပြောနေစရာတောင်မလိုပါဘူးအဘွားရယ်. . ဟော. . "

အိမ်ရှေ့မှဝင်လာသည့်မြကြိုးကြာကို လှမ်းမြင်လိုက်ရ





သဖြင့် ငွေစင့်စကားလုံးတွေ လမ်းတစ်ဝက်နှင့်ပင်ရပ်တန့်သွားရသည်။

ချစ်သူ. .

ကိုယ့်ရင်ထဲကချစ်ရသူရယ်။ ကမ္ဘာဦးသူတို့ နေနှင့်လကိုတမ်းတသလို မင်းကို ရင်ထဲမှာ အမြဲတမ်းတနေမိရတာ ဘာကြောင့်လဲ။

မင်းဟာ လကလေးပါပဲကွယ်။ ကိုယ့်ရင်ထဲက လကလေးပါပဲ။ ကန္တာရထဲမှာ လမ်းပျောက်နေတဲ့ကုလားအုပ်တစ်ကောင်လို ရင်ထဲမှာ မောပန်းဆို့နင့်နေခဲ့ရသမျှ မင်းမျက်နှာငွေလကိုမြင်လိုက်ရလျှင် ရင်ထဲမှာ ထာဝရငြိမ်းချမ်းပြီး အနာတရတွေကင်းစင်ပပျောက်သွားခဲ့ရပါတယ်။

မင်းဟာ ကိုယ့်ရဲ့မိုးတိမ်ကလေး. . ။ မင်းဟာ ကိုယ့်ရဲ့လကလေးပါပဲကွယ်။

စကားပြောရင်းတန်းလန်းမှ ငွေစင့်အသံတွေဆွံ့အသွားပြီး ရင်ထဲမှာ ကြည်နူးမောလျသွားလေလျှင် သူ ဒေါက်တာမလေးကို အရမ်းအားနာသွားမိပါသည်။

သူမဟာ မိုးတိမ်လေးပါပဲ။ ငါက မြေပြင်က စမ်းချောင်းတစ်ခု။ စမ်းချောင်းမှာ တိမ်ရိပ်ထင်တာဟာ အရိပ်အယောင်တစ်ခုပါ။ ငါမသာယာသင့်ဘူး။ သူ့စေတနာတွေကို အလွဲသုံးစားမလုပ်သင့်ဘူး။

နေနဲ့လ၊ ရွှေနဲ့မြဆိုတာ အလွန်သာယာနာပျော်ဖွယ်ကောင်းတဲ့စကားပါ။ ငါက လလည်းမဟုတ်ဘူး၊ မြလည်းမဟုတ်ဘူး။

နေလည်း မဟုတ်ဘူး။ ရွှေလည်း မဟုတ်ဘူး။ အသံတိတ်စကားသံများက ငွေစင့်ရင်ထဲတွင် ချိန်ကိုက်ဗုံးများလို တဝုန်းဝုန်းကြေကွဲနေကြစဉ် စေတနာရှင်မလေးကတော့ အပြုံးဖြင့်သူ့အခန်းထဲသို့ဝင်လာခဲ့သည်။

“လူမမာရဲ့အခန်းကလည်း မွှေးကြိုင်လင်းချင်းလို့ပါလား၊ ကောင်း အဘွားရဲ့လက်ရာထင်တယ်၊ ကြည့်စမ်းပါဦး. . ဒီစံပယ်ခြေတံရှည်လေးက မွှေးလိုက်ဟာနော်၊ ရင်ထဲကို နင့်သွားတာပဲ၊ ကြီးကြာ အရမ်းကြိုက်တယ်၊ စံပယ်ပန်းကို ပန်းအိုးထိုးထားတာလည်း ဒီတစ်ခါပဲမြင်ရတယ်၊ အဘွားကခေတ်မီတယ်နော်၊ ပြီးကိုငွေစင့်ကိုလည်း တော်တော်ချစ်တယ်နော်”





သူ့ကုတင်ဘေးမှ ကုလားထိုင်တွင်ဝင်ထိုင်လိုက်ရင်း ဖန်ပန်းအိုးသေးသေးလေးထဲမှ စံပယ်ခြေတံရှည်အခိုင်လေးတစ်ခုကိုသူမက ဆွဲထုတ်ယူလိုက်သည်။

အဘွားကလည်း မြကြီးကြာကိုချစ်ခင်သူပီပီ စကားတွေက ရေပက်မဝင်။

“ချစ်ရတာပေါ့ဆရာမလေးရယ်၊ အဘွားလက်ပေါ်မှာကြီးလာကြတာပဲ၊ ဒီလိုပဲ နှစ်အိမ်ခွစားရင်း နှစ်အိမ်လုံးကို အလုပ်ကူလုပ်ပေးရင်းနဲ့ သားလေးခမျာ ကြီးလာရတာလေ”

“ကိုရွှေစင့်ကိုရော အဘွားမချစ်ဘူးလား”

“ချစ်ပါတယ်၊ သူက လည်တယ်လေ၊ အားလုံးကို ပိယါစာစကားနဲ့ သိမ်းပိုက်တတ်တယ်၊ ဒီအငယ်လေးကတော့ စကားည်းတယ်၊ သူ့ရင်ထဲကမေတ္တာ၊ စေတနာကို အလုပ်နဲ့ပဲ သက်သေပြတယ်၊ မျက်ဝန်းနဲ့ပဲ သက်သေပြတတ်တယ်”

အဘွား၏စကားကိုကြားရလျှင် ငွေစင်မှာ လျှင်မြန်စွာျက်စိမှိတ်လိုက်ပြီး မြကြီးကြာကတော့ သဘောကျစွာရယ်မောသည်။

"ကြဲကြဲဖန်ဖန်အဘွားရယ်၊ ကဲ. . ကိုငွေစင့်အနာကို ဆေး ထည့်မယ်၊ ကျွန်မက မအားဘူးရှင့်၊ တော်ကြာ ဆေးခန်းဖွင့်ရ မယ်၊ နောက် ဆေးရုံကိုသွားရမယ်၊ ကိုငွေစင်ကတော့ လော လောဆယ် ကျောင်းပိတ်နေတယ်မဟုတ်လား"

သူ့ကို အိပ်ယာပေါ်မှာလှဲလျောင်းစေပြီး အဖျားတိုင်းဖို့၊ အနာကြည့်ဖို့ပြင်လျှင် ငွေစင့်မှာ အားနာမှုတွေနှင့်အတူ ဝမ်းနည်း လာမှုတွေကလည်း ရင်ထဲမှာ တနင့်နင့်။

မအားဘူးလို့ ဘာလို့ပြောရတာလဲကွယ်။ ပိုက်ဆံမရတဲ့ လူနာကြီးမို့ စိတ်ရှည်တော့ဘူးလား။ ပိုက်ဆံပေးတော့လည်း မြကြိုးကြာက စိတ်ဆိုးလေသည်။

အိပ်ယာပေါ်မှာ မျက်ဝန်းကိုမှိတ်ပြီး လူသေတစ်ယောက် လို သူ အတောင့်လိုက်ငြိမ်သက်သွားမိသည်။ ကြည့်စမ်းပါဦး. . ကျားကိုးစီးတောင်စားလို့မကုန်တဲ့ ကိုယ်ခန္ဓာကြီးနဲ့ ကမ္ဘာကြီး ကိုတောင် ခါးစောင်းတင်မယ့်ငါဟာ သူ့စကားလေးတစ်ခွန်း အတွက် ဒီလောက်ခံစားသွားရသတဲ့လား။

သူ့နှလုံးသားကြီးက ဒီလောက်တောင် နုရ၊ နွဲ့ရသတဲ့





း။ သူမ၏လက်ကလေးနှင့် သူ့ကိုကုသလုပ်ကိုင်ပေးနေလျှင် ဘွားက မြကြိုးကြာ၏အကူ။

ခပ်သွက်သွက်နှင့် ဆရာဝန်မလေးသည် သူ့ကို သဘော နှင့်ပြုစုကုသပေးနေတာပေါ့။ ရှေးရှေးတုန်းက နိုက်တင်ဂေးလို၊ ကတော့ ကမ္ဘာဦးက မံမီရုပ်အလောင်းကြီးလို။

ဆေးထိုးပေးတော့လည်း မလှုပ်။ အနာကို သန့်စင်၊ ဆေး သွင်းပေးတော့လည်း မလှုပ်။ မျက်ဝန်းများလည်း နည်းနည်းမှ မကြည့်။

အဘွားပြောသလို သူ့ရင်ထဲမှမေတ္တာတွေ မျက်ဝန်းမှ ဆင့် မြကြိုးကြာမြင်သွားမှာ ငွေစင်အလွန်စိုးရိမ်၊ အားနာမိ သည်။

မတူ၊ မတန်ပါဘူး။ လကလေးဟာ နေနဲ့ပဲထိုက်တန်တယ်။ လေးဟာ ရွှေနဲ့ပဲထိုက်တန်တယ်။ အတွေးနှင့် ရင်ထဲမှာ ဘင်ဘင်ခတ်သွားသည့်အခါ သူ့မျက်ဝန်းထဲမှာ မျက်ရည် ဖြင့် ပြည့်လျှံလုလု။

"အလိုတော်. . ကြည့်စမ်းပါဦး. . ရှေးရှေးတုန်းက ဘုရင့်

နောင် သူရဲကောင်းရွှေသလိုကြီးပါလား၊ သူ့ကိုယ်သူများ လက်
သည်းကြားမှာအပ်စိုက်ပြီး တူနဲ့အထုခံနေရတယ်များ မှတ်သလား
မသိဘူး၊ ဆေးထိုးလည်း မလှုပ်၊ အနာဆေးထည့်လည်း မလှုပ်နဲ့
ဒီလောက်ခေါင်းမာတဲ့လူကြီး အနာချုပ်ရိုးဖြေမှ ခပ်စပ်စပ်လေး
လုပ်ပေးလိုက်မယ်၊ အယ်. . "

မြကြိုးကြာ သူ့ကို ထူးထူးခြားခြားငြိမ်သက်လွန်းသဖြင့်
ပြောပစ်လိုက်မိစဉ် သူမှိတ်ထားသည့်မျက်ဝန်းမှ မျက်ရည်စ
တို့ကိုတွေ့လိုက်ရ၏။

"ကိုငွေစင်. . အနာက နာလို့လား၊ ဟုတ်လား၊ အဘွား
ရေ. . အဘွားရဲ့ဒုက္ခအိုးလေးက ညည်းသံ၊ ညူသံတော့မထု
လွှင့်ဘဲ ဒီမှာ မျက်ရည်တွေထုတ်လွှင့်နေပါလား"

စိတ်မကောင်းပေမယ့် မြကြိုးကြာရယ်မောမိပါသည်။ သူ
ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သူမကတော့ မသိရှာ

ငွေစင် အရှက်လွန်သွားသဖြင့် မျက်ရည်မျက်ဝန်းကို သူ
မမြင်စေရန် အိပ်ယာပေါ်မှာစောင်းမှောက်လိုက်သည့်အ





မကျက်သေးသည့် ရင်ဘတ်မှအော်ရာက အသည်းခိုက်မတတ်
နာကျင်သွားရပါ၏။

"အား. . "

ဒါ အစ်ကိုအတွက် ပထမဆုံးရသည့် ရင်ဘတ်ကအော်ရာ။
ချစ်သူရယ်. . မင်းအတွက်ခံစားနေရတာက ဒီအနာထက်ပိုပါ
တယ်။

သူ နာကျင်စွာအော်မိလျှင် အဘွား ပျာပျာသလဲဖြစ်သွား
ပြီး မြကြိုးကြာကတော့ ယခုမှသက်ပြင်းချလေသည်။

"ဟုတ်ပြီ၊ ခုမှ ပုံမှန်ပြန်ဖြစ်သွားတော့တယ်၊ လူနာဟာ
လူနာနဲ့တူမှပေါ့၊ ခုတော့ ရှင့်အသားတွေမနာတတ်တော့ဘူး
သားလို့ ကျွန်မမှာ စိုးရိမ်လိုက်ရတာ၊ ကဲ. . အားလုံးပုံမှန်ပြန်
ဖြစ်သွားပြီနော်၊ ပက်လက်ပြန်နေပါ၊ ကျွန်မပြန်တော့မယ်၊ ဟို
ဘက်မှာ လူနာတွေရောက်ကုန်ကြပြီ၊ အနာသက်သာရင် တစ်နေ့
ဘစ်ခါပဲလာကြည့်တော့မယ်နော်၊ ထူးခြားရင်လည်းပြော၊
ဒေါက်တာက ကမ္ဘာခြားနေတာမှမဟုတ်ဘဲ၊ ဟိုဘက်အိမ်တင်
နေတာပဲနော်"

နှာခေါင်းလုံးလုံးလေးကို ချစ်စရာကောင်းအောင်ရှုံ့ရင်း မြကြိုးကြာရယ်ရယ်မောမောထွက်ခွာသွားလျှင် သူမရှေ့မှာ အသက်တောင်မရှူရဲသမျှ ယခုမှအသက်ဝဝရှူရင်း သူမျက်ရည်ဝဲရပါလေသည်။

ချစ်သူရယ်. .

ကိုယ့်ကို အရှုံးလို့မမှတ်လိုက်ပါနဲ့နော်။ ကိုယ်ဟာ ကမ္ဘာလောကရဲ့ သူ့ရဲကောင်းတစ်ဦးပါ။ မင်းရှေ့ကျမှ အချစ်ရဲ့သံ့ပန်းတစ်ဦးဖြစ်သွားရတာပါ။

မစာနာတတ်ရင်တောင်မှ လှောင်ပြောင်မရယ်မောလိုက်ပါနဲ့ကွယ်။ ကိုယ့်ရင်တွေ ပူလောင်လွန်းလို့ပါ။



## အခန်း(၁၁)

ငွေစင့်ကိုဆေးကုပေးပြီး အိမ်ဘက်သို့ပြန်လာခဲ့လျှင် ဒေါ်လေးမြမေခင်၏ မျက်နှာထားတင်းတင်းကြီးကို အိမ်ပေါက်ဝမှာ တွေ့မြင်လိုက်ရ၏။

မြကြိုးကြာဟာ လူကြီးမိဘကို ရိုသေလေးစားတတ်သူပါ။ သို့သော် ဒေါ်လေးလုပ်ပုံကလည်း တဆိတ်လွန်နေပြီထင်ပါသည်။

သူမ၏ဆေးခန်းလေးမှာလည်း လူနာလေးငါးယောက်မျှ ဘန်းစီစောင့်နေလို့ပါလား။ ဒေါ်လေးကို ဘာရှင်းချက်မှမထုတ်တော့ဘဲနှင့် မြကြိုးကြာ ဆေးခန်းထဲသို့သာဝင်လိုက်ပါတော့သည်။

လူနာအများစုမှာ ဖျားသည့်လူနာနှင့် ရာသီပေါ်ရောဂါ လေးများသာမို့ မြကြိုးကြာအတွက် မပင်ပန်း။ သို့သော် ဆရာဝန်မ ချောချောလေးမို့ ကာလသားလူမမာတွေလာလာနေတတ်ကြ တာကိုတော့ မြကြိုးကြာ နည်းနည်းစိတ်ညစ်သည်။

"ကျွန်မမှာ ချစ်သူရှိတယ်၊ ရှင်ငရဲကြီးလိမ့်မယ်"လို့ပြော လွှတ်ရအောင်လည်း မြကြိုးကြာမှာ ယခုချိန်ထိ ချစ်သူလက်ဆုပ် လက်ကိုင်မရှိသေး။

ကြိုက်မယ့်သူတစ်ယောက်မှမရှိလို့တော့လည်း မဟုတ်ပါ။ နှလုံးသားရေးရာဆိုတာကလည်း အခက်သား။ ဗိုလ်ခြေတစ်ထောင် ဝန်းရံနေသည့် ပင်တိုင်စံမင်းသမီးလေး ဗိုလ်ခြေတစ်ယောက် မှ မျက်စိထဲမမြင်သလို မြကြိုးကြာ၏မျက်စိထဲမှာလည်း ဘယ် ယောကျ်ားသားတစ်ယောက်ကိုမှ ထူးပြီးမမြင်။

အင်း. . ဒါပေမယ့် အခုကျတော့ရော ကိုငွေစင်၏သနား စဖွယ်၊ အားငယ်သည့်မျက်နှာလေးကိုမြင်ယောင်မိသည့်အခါ ြကြိုးကြာ ရင်ထဲမှာနင့်နေမိသလိုလို။

ကြည့်စမ်းပါဦး. . ကေသရာဇာခြင်္သေ့တစ်ကောင်လို ဘ





ဲ့ ရဲရဲဝံ့ဝံ့ဦးဆောင်တိုက်ပွဲဝင်ခဲ့သူဟာ အချစ်နှင့်တွေ့တော့ သိုး လေးလို၊ ယုန်ကလေးလို အားငယ်ပျော့ညံ့သွားရသတဲ့လား။

မြကြိုးကြာဟာ လူလည်ပန်ကာ ချစ်ကဝေဆရာမကြီး ဟုတ်ပေမယ့် သူခံစားနေရတာကိုတော့ သူ့မျက်ဝန်းတွေမှိတ် ားသည်ဖြစ်စေ သူမ သိရှိနားလည်နေမိပါသည်။

ကိုယ်ကျင့်သိက္ခာကို လေးစားသည့်မြန်မာအမျိုးသမီး ကောင်းလေးပီပီ ယောကျ်ားတစ်ယောက်ကို ရေလာမြောင်းပေး တွမလုပ်နိုင်ပေမယ့် သူဖြစ်နေတာကိုကြည့်ပြီး မသိချင်ယောင် ဆောင်ရတိုင်း ရင်ထဲမှာနင့်ကျင်ရတာတော့အမှန်။

သူ့ဘဝကောက်ကြောင်းကို တစ်စွန်းတစ်စရေးခြစ်ကြည့် သမျှ လူ့တာဝန်ဝတ္တရားကျေပွန်ပြီး လူသားချင်းစာနာထောက် ားတတ်တာတွေ၊ မိသားစုအပေါ်၊ မိဘအပေါ်၊ အစ်ကိုအပေါ် နစ်နာခံတတ်၊ ကြင်နာယုယတတ်တာတွေ။

အေးလေ. . သူက သာမန်အဝေးသင်ဘွဲ့လေးတစ်ခုသာ တော့ ပညာရေးနဲ့ပတ်သက်ပြီး အားငယ်နေမှာပေါ့။

ရှေးရှေးတုန်းကပုံပြင်တွေထဲမှာ ဘုရင့်သမီးတော်နဲ့

စောင်းသမားလေး ချစ်ကြိုးသွယ်ခဲ့ကြပေမယ့် အပြင်လော
မှာကျတော့ ဆရာဝန်မချောချောလေးတစ်ယောက်ဟာ သာမ
မွေးမြူရေးသမား၊ ကျောင်းဆရာလေးတစ်ယောက်ကို လက်ထ
နိုင်ပါ့မလား။

ခေါင်းစားသည့်လူမမာတွေမပါသည်မို့ သာမာန်ဆေးချ
တွေနှင့်ကုသရင်း မြကြိုးကြာ သူ့အကြောင်းတွေခေါင်းထဲဝ
နေမိစဉ် ဆေးခန်းအပြင်ဘက်မှာ ဆူဆူညံညံတွေကြားလိုက
ရသဖြင့် သူမ ခေါင်းထုတ်ပြီး ကြည့်မိလိုက်သည်။

"အား. . ရောမ ဗိုက်ကြီးသည်လူနာတစ်ယောက်ပါလား"

ပုံကြည့်လိုက်သည်နှင့် စိုးရိမ်ရန်ရာနှုန်းပြည့်နေသည်
ကုလက်စ ကာလသားလူနာကို တီးတိုးတောင်းပန်ခဲ့ပြီး မြကြိ
ကြာ အခန်းအပြင်သို့ အပြေးတစ်ပိုင်းထွက်လိုက်မိသည်။

"ရှင်တို့ ဆေးရုံကို အမြန်ဆုံးတန်းသွားပါ၊ ကျွန်မ အခ
ချက်ချင်းနောက်ကလိုက်ခဲ့ပါ့မယ်၊ ဆရာဝန်ကြီးကိုလည်း ကျွန်
ချက်ချင်းအကြောင်းကြားခိုင်းလိုက်ပါ့မယ်. . နော်. . "





ပုံကြည့်ရတာ ကိုယ့်အိမ်၊ ကိုယ့်ရွာတင် အရပ်လက်သည်နှင့်မွေးဖွားစေပြီးမှ မနိုင်လို့ရောက်လာကြပုံပင်။

ဒီခေတ်ကြီးထဲမှာ ဒီလောက်နုံအညံ့ဖျင်းရသလားဆိုပြီး စိတ်ဆိုးချင်စဖွယ်။ သို့သော် မြကြိုးကြာ စိတ်မဆိုးမိပါ။ မိခင်ဗိုက်ကြီးသည်အတွက်သာ အင်မတန်စိုးရိမ်လိုက်မိသည်။

လူနာကို စောင်ပုခက်နှင့်ထမ်းလာကြပြီး စောင်ထဲမှာလည်း သွေးတွေက အပြင်သို့တစက်စက်စီးယိုလျက်။

လူနာက ယဲ့ယဲ့လေး။ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်တော့ ဖြစ်တော့မည်။ သူမက ဆေးရုံသို့အတင်းလွှတ်နေပေမယ့် ထိုလူအုပ်က မနာခံပါချေ။ မြကြိုးကြာကိုသာ တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းတောင်းပန်နေကြလေသည်။

"ဆရာမလေးရယ်. . ဆေးရုံမှာ ဒီအချိန် ဘယ်သူမှမရှိကြပါဘူး၊ အစောကြီးရှိပါသေးတယ်၊ ကျွန်တော်တို့တွေ အကြာကြီးထမ်းလာကြရတာပါ၊ အားကိုးတကြီးလာကြတာပါ၊ နည်းနည်းဖြစ်ဖြစ် ကြည့်ပေးပါဦး၊ နည်းနည်းဖြစ်ဖြစ် ကုပေးပါဆရာမလေးရယ်၊ ကျွန်တော်တို့ ဆရာမတောင်းသလောက်ပေးပါ့မယ်"

မြကြိုးကြာ၏ဦးခေါင်းထဲမှာ မိုက်ကနဲဖြစ်သွားသည်။ သူမ၏မျက်စိထဲမှာ၊ နားထဲမှာ ဆရာဝန်ကြီးဦးမင်းခင်၏စကားများကို မြင်ယောင်၊ ကြားယောင်သွားမိသည်။

ဘုရား. . ဘုရား. . ငါလည်း ဆရာဝန်ကြီးလိုဖြစ်တော့မှာပဲ။ နားလည်မှုတွေလွဲတော့မည်။ အဓိပ္ပာယ်တွေလွဲကုန်တော့မည်။ သူမ၏နားထဲမှာ အချက်ပေးခေါင်းလောင်းသံတွေက တစီစီ။

တုန်တုန်ယင်ယင်နှင့်ပင် မြကြိုးကြာတောင်းပန်မိပါသည်။ သူတို့လူနာကဖြင့် ယဲ့ယဲ့လေး။ အားတွေလည်း ရှိပုံ၊ ကျန်ပုံမရတော့။ သူတို့ဘာသာ ဖြစ်ချင်တိုင်းဖြစ်၊ လုပ်ချင်တိုင်းလုပ်လာခဲ့ပြီးမှ တရားခံလာလုပ်ကြတော့မည်ထင်ပါသည်။

"ဆေးရုံကိုသာပြေးကြပါရှင်၊ ကျွန်မငး ည်း ရှင်တို့နဲ့အတူ ထပ်ချပ်ရောက်လာရပါစေမယ်ရှင်၊ ဆရာဝန်ကြီးကိုလည်း ကျွန်မ အကြောင်းကြားခဲ့ပါ့မယ်၊ တစ်ခါတည်း ဝင်ခေါ်ခဲ့ပါ့မယ်နော်၊ ဟိုမှာမှ ဆေးစုံ၊ လူစုံ၊ ကိရိယာစုံနဲ့ အားရပါးရကုလို့ရမှာမို့ပါ"

မြကြိုးကြာတုန်ယင်နေမိသည်မှာ သူငယ်တန်းကလေးကို





ဆယ်တန်းမေးခွန်းဖြေခိုင်းနေသည့်အတိုင်း။ ရောမပြဿနာကြီးကို သူမ မကိုင်တွယ်ဝံ့။

"အသက်ကယ်ဆေးဖြစ်ဖြစ် ထိုးပေးလိုက်ပါဆရာမရယ်၊ ကျွန်တော့်မိန်းမ ဆေးရုံမရောက်မှာစိုးလို့ပါ၊ ဆေးကုသမခံလိုက်ရမှာစိုးလို့ပါ"

လူနာ၏ခင်ပွန်းသည်မှာ မျက်ရည်လည်ရွှဲ။ လူငယ်တစ်ယောက်ပါပဲ။ သူ့အသွင်ကလည်း ခံစားမှုတွေနှင့် တစ်ကိုယ်လုံးထုံလျက်။

မြကြိုးကြာ အကြောက်လွန်နေမိသည်။ ခါးခုတ်ရာလက်လျှို။ ဘာမှစမ်းသပ်ချက်တွေမပြုလုပ်ဘဲနှင့် ဘာဆေးမှလည်း ရမ်းမထိုးရဲ။

ကော့စ်က အကြီးအကျယ်ကော့စ်။ သူမက ဆရာဝန်မပေါက်စလေး။ သူမမျက်စိထဲမှာ လက်ထိတ်တွေပင်မြင်ယောင်လာသလိုလို။

"အားဆေးလေးဖြစ်ဖြစ် ထိုးပေးပါဆရာမရယ်"

"ဟာ. . ရှင်တို့ဥစ္စာက လူနာကိုစိုးရိမ်ရင်လည်း စောစော

စီးစီးကမစိုးရိမ်ကြဘူး၊ ကဲ. . ကျွန်မ အားဆေးတစ်လုံးထိုး ပေးမယ်၊ ပြီးရင် ဆေးရုံသာမြန်မြန်သွား၊ ကျွန်မ ချက်ချင်းပဲ နောက်ကလိုက်ခဲ့မယ်"

သူမ၏ဆေးခန်းထဲမှာ လူတွေဝိုင်းလျက်။ ဒေါ်လေးမြမေ ခင်လည်း ရင်တုန်၊ ပန်းတုန်နှင့် အနားသို့ရောက်ရှိလာသည်။

ထို့အတူ တစ်ဖက်ခြံမှကိုငွေစင်လည်း ဆူဆူညံညံအသံ များကြောင့် ဒဏ်ရာတစ်ဖက်နှင့်ပင် ဒီဘက်သို့ လျှောက်လာ ကူးလာခဲ့ပေပြီ။

လူနာကို ပုခက်ထဲမှမချစေဘဲနှင့် အားဆေးထိုးပေးလိုက် ဖို့ မြကြိုးကြာ ဆေးခန်းထဲသို့ပြန်ဝင်လိုက်၏။ ရင်ထဲမှာလည်း တုန်တုန်ယင်ယင်။ ကိုယ့်အတွက်ပူတာလည်းပါသည်။ လူနာ အတွက်လည်း စိတ်ပူပါသည်။

ဘုရား. . ဘုရား. . ဘုရားရှင် ကယ်တော်မူပါ။

မိခင်ရော၊ ကလေးရော ဘာမှမဖြစ်ကြပါစေနဲ့တော်။

ငါလည်း ဘာပြဿနာမှ မတက်ရပါစေနဲ့။





လူနာကိုဆေးထိုးဖို့ သူမ အမြန်ဆုံးပြင်ဆင်နေစဉ်မှာပင် အပြင်ဘက်မှ စီကနဲအော်သံများ၊ ငိုသံများကိုကြားလိုက်ရသည်။

သွားပြီ. . ။ အားလုံးအတွက်ပူပန်ရင်း ဆေးထိုးအပ်ကို ကိုင်လျက် သူမပြေးထွက်လိုက်လျှင် ပုခက်ထဲမှ ဇက်ကျိုးကျသွား သောလူနာကောင်မလေးနှင့် စုပြုံဝိုင်းအုံနေကြသော သူတို့အဖွဲ့ ကို မြင်လိုက်ရသည်။

လူနာကောင်မလေး၏ယောကျ်ားမှာ အရူးတစ်ပိုင်း။ မျက်လုံးတွေနီရဲပြီး မေးကြောကြီးများ ထန်တင်းလျက်၊ လက်သီး ဆုပ်ကြီးများကလည်း တင်းမာလျက်။

လူနာ၏မိခင်က အော်ဟစ်ငိုယိုနေရာမှ ဆေးထိုးအပ်ကိုင် ထားသည့်မြကြိုးကြာကိုမြင်သွားသည်။ အဒေါ်ကြီးမှာ သူ့ရင်ဘတ် ပြန်းကနဲရိုက်ပြီး သူမကိုလက်ညှိုးငေါက်ငေါက်ထိုးတော့သည်။

"အကြင်နာတရားမရှိတဲ့မိန်းမ၊ မိန်းမချင်း ကိုယ်ချင်းမစာ နာတတ်တဲ့မိန်းမ၊ ငါ့သမီးလေးကို တစ်ချက်တောင်ငုံ့မကြည့်ဘူး၊ ဆေးလေးတစ်လုံးတောင်မထိုးပေးလိုက်ရဘဲနဲ့ ငါ့သမီးလေးသေသွား

ခဲ့ရပြီ၊ ငါ့မြေးလေးမှာ ဗိုက်ထဲကတောင် အပြင်မထွက်လိုက်ရဘူး၊ ဟဲ့. . လူစိတ်မရှိတဲ့အကောင်မ. . ”

ဘာမှနားမလည်သည့် လူတန်းစားတွေ၊ စရိုက်ကြမ်းလှသည့်လူတွေပါလား။

မြကြိုးကြာမှာလည်း မျက်ရည်လည်ရွဲ။ သူတို့ပြောတာ ဟုတ်သလား။ ငါ အကြောက်လွန်သွားခဲ့မိသလား။ အို. . မဟုတ်သေးပါဘူး။ သူတို့လူနာကဖြင့် ရောက်လာကတည်းက အသက်ယဲ့ယဲ့လေး။

သို့သော် လူပြိန်းတွေက ဒါကိုနားလည်နိုင်ပါ့မလား။ သူမကိုနင်းကန်ပြောဆိုနေကြလျှင် မြကြိုးကြာဘက်မှမခံနိုင်သူများကလည်း ပြန်လှန်ပြောဆိုကြပါသည်။

ငွေစင်ကတော့ မြကြိုးကြာ၏အနီးမှာ စိုးရိမ်တကြီးကပ်ရပ်လျက်။ ဒေါ်လေးမြမေခင်ကလည်း ပြန်လှန်ဖျောင်းဖျပြောဆိုနေခဲ့ပါလေသည်။

“ရှင်တို့လူမမာက လွန်နေပြီကိုး၊ ကျွန်မတူမလေးကလည်း ဆေးရုံမှာဆိုရင်ပိုကောင်းမှာမို့ ဆေးရုံကိုညွှန်တာပါ၊ ဒီလောက်





အသည်းအသန်လူမမာကို သူ ကုလို့ဘယ်ရမလဲ၊ ကုခွင့်ဘယ်ရှိမလဲ”

“မဟုတ်ဘူး၊ မဟုတ်ဘူး၊ ရောက်ရောက်ချင်းကတည်းက သူသာ လူစိတ်ရှိပြီးကုပေးခဲ့ရင် ကျွန်မတို့လူမမာမသေဘူး၊ အခုမသေသင့်ဘဲနဲ့သေရတာ”

လူနာရှင်ဘက်က ဤမျှတရားလွန်အောင်ပြောဆိုလာခဲ့လျှင် ငွေစင် မြကြိုးကြာဘက်မှ တည်ငြိမ်ရဲရင့်စွာဝင်ရောက်ပြောဆိုပေးရတော့သည်။

“ခင်ဗျားတို့ တရားလက်လွတ်၊ စကားလက်လွတ်စပယ်မပြောကြပါနဲ့၊ လူနာရောက်လာတာလည်း ခဏလေးပဲရှိသေးတာပါ၊ ကိုယ့်ရွာမှာ ရမ်းသမ်းလုပ်ပြီး လွန်မှကျုံ့မှရောက်လာကြတာလည်း ထည့်တွက်ကြပါဦး၊ ကဲ. . ခင်ဗျားတို့လူနာကိုပြန်သာထမ်းသွားကြပါတော့”

ငွေစင်က အေးဆေးစွာပြောသော်လည်း သောက၊ ဒေါသများနှင့် မွန်ထူပူပြောနေသည့် လူနာကောင်မလေး၏ယောကျ်ားမှာ ငွေစင်အား ပြေး၍လက်သီးနှင့်ထိုးတော့သည်။

"ခင်ဗျားက ဘာစကားဝင်ပြောတာလဲ၊ ခင်ဗျားတို့အကြင်နာစိတ်မရှိလို့ ကျုပ်မိန်းမသေရတာ၊ ခင်ဗျားတို့ကို ကျုပ်ဘယ်တော့မှမကြေဘူး"

ငွေစင်နှင့်ထိုသူ လုံးလားထွေးလားဖြစ်နေကြစဉ် မနေနိုင်သူတစ်ဦး၏ဖုန်းဆက်ခေါ်မှုကြောင့် ရဲစခန်းမှ နယ်ထိန်းများကားနှင့်ချက်ချင်းရောက်လာကြလေသည်။

အခြေအနေများကို မေးမြန်း၊ စစ်ဆေးကြလျှင် သူတို့အုပ်စုဘက်မှ စွဲချက်များက မကြားဝံ့၊ မနာသာ။

သို့သော် အခြေအနေအရပ်ရပ်ကို ရဲအရာရှိတို့ နားလည်သဘောပေါက်ကြပါသည်။

ငွေစင်နှင့်မြကြိုးကြာ၏ရှင်းပြချက်များကို နားထောင်ကြပြီးလျှင် လူနာရှင်အုပ်စုကို ရဲအရာရှိများက ဖျောင်းဖျပြီး လူ
ခွဲစေ၊ ပြန်စေပါသည်။

အားမတန်လို့ မာန်လျှော့ကြရသည့်ပုံမျိုးများနှင့် သူတို့အသွင်များက အံတကြိတ်ကြိတ်။





ရဲအရာရှိဦးဝင်းအောင်မှာ ငွေစင်နှင့်လည်း ရင်းနှီးကျွမ်း
သဖြင့် ငွေစင့်ကို သူက ဖျောင်းဖျစကားပြောသည်။

"သူတို့က ပညာနည်းပါးတာရယ်၊ ဆေးပညာဗဟုသုတ
ရှိတာရယ်၊ နောက် ရိုင်းလည်းရိုင်းတော့ သောက၊ ဒေါသတွေ
ပါက်ကွဲသွားကြတာပေါ့ဗျာ၊ ဒေါက်တာ့ကိုလည်း ကြားထဲက
ျွန်တော်တောင်းပန်ပါတယ်၊ လွန်တာက သူတို့လွန်တာပါ၊
ါပေမယ့် သောကရောက်နေကြတဲ့လူတွေမို့ အရေးလည်းမယူ
င်ပါဘူး၊ ပြီး အရေးယူရလောက်အောင်လည်း မဟုတ်သေးဘူး
ဟုတ်လား"

မြကြိုးကြာမှာလည်း ငွေစင့်အနားမှာရပ်ပြီး တုန်တုန်ယင်
င်နှင့်. . .

"ကျွန်မလည်း လူနာအတွက်စိတ်မကောင်းပါဘူး၊ သူတို့
 သနားကြင်နာမိပါတယ်၊ ဒါပေမယ့် ကျွန်မ ဘယ်လိုမှမတတ်
င်တော့တဲ့အနေအထားကြီးဖြစ်နေလို့ပါ"

"ဟုတ်ပါတယ်ဗျာ၊ ဒေါက်တာ ဘယ်လိုမှစိတ်မကောင်း
ဖြစ်ပါနဲ့၊ အခြေအနေတွေလည်း ငြိမ်းချမ်းသွားပါပြီ"

ရဲအရာရှိဦးဝင်းအောင်က အားပေးဖျောင်းဖျပြီးလျှင် ငွေစင်မှာမူ တွေးတွေးဆဆ။

"ကျွန်တော့်စိတ်ထဲမှာတော့ ထင့်နေတယ်ဗျာ၊ သူတို့တွေက လူဆိုး၊ လူမိုက်တွေဗျ၊ နားလည်မှုတွေလွဲသွားကြပြီ၊ တော်ကြာ ဒေါက်တာ့ကိုရန်ရှာ၊ ရန်မူနေကြမှာစိုးပါတယ်"

"ဟုတ်တယ် . . ကြီးကြာလည်း အဲဒါကို စိတ်ပူနေမိတယ်"

မြကြိုးကြာပါဝင်ရောက်ပြောဆိုစိုးရိမ်နေလျှင် ဒေါ်လေးမြမေခင်မှာ နေစရာနေရာပင်မရှိပါတော့ချေ။

"ဟုတ်ပါတယ်ရဲအရာရှိကြီးရယ်၊ ကျွန်မတို့တူဝရီးရဲ့လုံခြုံရေးလေး၊ ဘာလေးလည်းစီစဉ်ပေးပါဦး၊ ကျွန်မတို့မှာ အားကိုးလည်းမရှိပါဘူးရှင်၊ စောစောကဖြစ်ပျက်ပုံကြီးကြည့်ပြီး ကျွန်မဖြင့် တူမလေးခေါ်ပြီးတော့သာ ပြန်ပြေးလိုက်ချင်တော့တယ်ရှင်"

"ဟာ . . ဒီလောက်မစိုးရိမ်ပါနဲ့အန်တီရယ်၊ ကျွန်တော်တို့မြို့ကအေးချမ်းပါတယ်၊ အခုကိစ္စကလည်း သူတို့သွေးပူနေတုန်းမို့ပါ၊ စိတ်ချပါဒေါက်တာ၊ ကျွန်တော်တို့ ညဘက်ဆိုလည်း ပတ္တရောင်လှည့်ပေးပါ့မယ်၊ ပြန်တော့မပြေးလိုက်ကြပါနဲ့ဗျာ





ဒေါက်တာ့ကို တစ်မြို့လုံးက လေးစား၊ အားထားကြပါတယ်"

ငွေစင်ကလည်း မြကြိုးကြာတို့တူဝရီးကို ဝင်ရောက်အားပေးရှာပါသည်။

"ဘာမှမစိုးရိမ်ကြပါနဲ့ဗျာ၊ အရေးအကြောင်းရှိရင် ခေါင်းရင်းခြံမှာ ကျွန်တော်တို့လည်းရှိပါတယ်၊ ကျွန်တော်နဲ့အဘဦးအောင်သူတို့လည်း နိုးနိုးကြားကြားနေပေးပါ့မယ်"

နောက်ဆုံး ဝိုင်းဝန်းအားပေးလိုက်ကြမှ မြကြိုးကြာတို့တူဝရီးမှာ မျက်နှာကလေးငယ်ငယ်နှင့် ခေါင်းညိတ်လိုက်ကြရပေတော့သည်။

## အခန်း(၁၂)

ည(၈)နာရီခန့်ပင်ရှိသေးသော်လည်း သည်းသည်းမည်းမည်းရွာနေသည့်မိုးကြောင့် တစ်လောကလုံး မှောင်မည်းတိတ်ဆိတ်နေတော့သလို။

မြကြိုးကြာနှင့် ဒေါ်လေးမြမေခင်မှာ ထမင်းစားပြီးကတည်းက အိမ်တံခါးများကို လုံခြုံအောင်ပိတ်လိုက်ပြီး အပေါ်ထပ်ဧည့်ခန်းထဲတွင် မျက်နှာချင်းဆိုင်ထိုင်နေမိကြသည်။

တီဗွီလည်းမဖွင့်ရဲ။ ဗွီစီဒီလည်းမဖွင့်ရဲ။ အပြင်လောက အသံတစ်ခုကို မကြားမိလိုက်မှာစိုးရိမ်နေကြသည်။





နေ့လည်ကလည်း ဆရာဝန်ကြီးရော၊ ဆရာမများပါ သူမကို ဝိုင်းဝန်းအားပေးကြပါ၏။ ဆေးရုံမှလူများနှင့် မြို့မှလူတွေပါ မြကြိုးကြာဘက်မှပါကြသော်လည်း သူမမှာ အထူးပင်ကြောက်လန့်၊ စိတ်မကောင်းဖြစ်နေမိသည်။

လူနာသေဆုံးသွားတာ ငါ့ပယောဂများပါလေသလား။ ဟုတ်တာပေါ့။ ဆေးလေးတစ်လုံးတောင်မထိုးလိုက်ရဘူး။ အရေးထဲကျမှ ရွှေစင်ကလည်း မြို့မှာမရှိ။ ငွေစင့်ကို ပိုမိုအားကိုးမိပေမယ့် သူက အထူးပင်တိတ်ဆိတ်ငြိမ်သက်လှသူဖြစ်သည်။

ရွှေစင်သာဆိုလျှင်ဖြင့် တစ်ဖက်သားအားရှိအောင် ရွှန်းရွှန်းဝေနေလိမ့်မည်။

"ဟော. . ဘာသံလဲ"

ဒေါ်လေးမြမေခင်မှာ အထူးပင်အကြောက်ကြီးနေလေသဖြင့် မြကြိုးကြာ သူ့ကိုပြန်အားပေးနေရသည်။

"ဒေါ်လေးကလည်း. . မိုးခြိမ်းသံပါ၊ သစ်ရွက်တွေလေတိုက်တဲ့အသံပါ၊ ဒေါ်လေးအကြောက်လွန်နေတာနဲ့ ကြိုးကြာသာ နှလုံးရောဂါရှိရင် ချက်ချင်းသေလောက်ပြီ"

"သတိဆိုတာ ပိုတယ်မရှိဘူးအေ့၊ တကယ့်တကယ်ကျ တော့ တို့အနားမှာ ဘယ်သူမှရှိတာမဟုတ်ဘူး၊ ငါတော့ ညည်း ကို တစ်လလောက်ခွင့်ယူပြီး ပြန်စေချင်တယ်အေ"

"ဟာ. . ဒေါ်လေးကလည်း ဒီမှာ ဆေးရုံမှာလူနာတွေ လည်းအများကြီး၊ အားတာလည်းမဟုတ်ဘူး၊ ကြိုးကြာ ခွင့်ယူ လို့မဖြစ်သေးပါဘူး၊ ဒေါ်လေးဘာမှမဖြစ်ဘူး၊ စိတ်ချ၊ ဟိုက သတ် ချင်းသတ် ကြိုးကြာကိုလာသတ်မှာ၊ ဒေါ်လေးနဲ့အနေသာကြီး"

"ညည်းပြောရတာ တယ်ခက်တာပဲ၊ ညည်းလည်း မသေ မသေစေချင်ဘူး၊ ငါလည်း မသေချင်သေးဘူး၊ ခွင့်သာယူလိုက် ပါအေ၊ မမကိုလည်း တွေ့ချင်နေမိတယ်၊ ငါ့မမလည်း တစ်ယောက် တည်း ဘယ်လိုများနေရှာပါလိမ့်၊ ဩော်. . ဒုက္ခ. . ဒုက္ခ. ."

ဒေါ်လေးမှာ အစ်မဖြစ်သူထံစိတ်ရောက်သွားပြီး ညည်း တွားနေလျှင် ကြိုးကြာ ကိုယ့်ဒေါ်လေးကို သနားမိပါသည်။ ဒေါ်လေးသည် အသည်းငယ်လှသည်။ ယုန်သူငယ်လေးအတိုင်း ပါပဲ။

"ကဲ. . ကဲ. . ဒေါ်လေး. . ကိုယ့်အတွက်ပဲကိုယ်ပူ၊ မမေ့





အတွက် လုမ်းပြီးပူမနေနဲ့၊ မေမေက ဟိုမှာ ချစ်လှစွာသောခင်ပွန်း သည်ကြီးကို ပြုစုယုယရင်း ကောင်းကောင်းစား၊ ကောင်းကောင်း ၁တ်၊ ကောင်းကောင်းနေရတာပါ၊ ဘာပြဿနာမှမရှိပါဘူး"

"ညည်းပြောသလောက်လည်း ငါ့အစ်မဘဝက မချောမွေ့ ပါဘူးအေ၊ ဦးကျော်သွင်ဘက်က ကိုယ်ရင့်နတူ သားကြီးသမီး ကြီး၊ မြေးတွေရဲ့မျက်နှာကိုကြည့်ပြီး လှုပ်ရှား၊ နေထိုင်ရတာပါ အေ၊ ငါ့အစ်မခမျာ ကံကိုဆိုးပါတယ်၊ ငါရှိရင်တော့ တော်သေး တာပေါ့၊ တိုးတိုးဖော်လေးရှိသေးတာပေါ့"

"အံမယ်. . ဘာလဲ. . ဒေါ်လေးက ရန်ကုန်ပြန်ပြေးချင် ပြီလား၊ ကြိုးကြာကိုတစ်ယောက်တည်းထားပစ်ခဲ့ချင်ပြီပေါ့လေ"

"မဟုတ်ရပါဘူးအေ၊ အဖြစ်ပြောတာပါ၊ တကယ်တော့ လည်း သူ့ဘဝနဲ့သူပါပဲလေ၊ ငါတို့ ဘာမှမတတ်နိုင်ကြပါဘူး၊ ဟော. . ဘာသံလဲ"

စကားပြောနေရင်းမှပင် ဒေါ်လေး၏မျက်နှာလေး ဆီးရွက် လောက်ငယ်သွားလျှင် ကြိုးကြာ သက်ပြင်းချမိပါတော့သည်။

"ဒေါ်လေးတော့ ကိုယ့်စိတ်နဲ့ကိုယ် ကြောက်လန့်နေရတာ

နဲ့ပဲ လိပ်ပြာလွင့်တော့မယ်၊ ဘာမှမကြောက်ပါနဲ့ဒေါ်လေးရဲ့ အိမ်ကလည်းလုံတယ်၊ ပြတင်းပေါက်မှာလည်း သံတိုင်တွေနဲ့ ဘာမှမဖြစ်ဘူး၊ သူတို့ဒုက္ခပေးချင်ရင် အိမ်ထဲကိုတော့ဝင်ပေး လို့မရဘူး၊ အိမ်ပြင်ထွက်မှပဲပေးလို့ရမယ်"

ဒေါ်လေး၏စိတ်တွေ အကြောက်မှသက်သာပါစေတော့ ရယ်ဟု မြကြိုးကြာ ဆူညံသည့်သီချင်းစီဒီတစ်ချပ်ကိုဖွင့်ထား လိုက်တော့သည်။

သည်ပုံနှင့်တော့ ဒေါ်လေးသာမက သူမပါ အိပ်လို့ပျော် မည်မထင်တော့။ မြကြိုးကြာ၏မျက်လုံးထဲမှာလည်း လူနာ ကောင်မလေး၏ယောကျ်ားနှင့်မိခင်ကိုသာ မြင်ယောင်နေမိသည်။

သူတို့ တဒင်္ဂရူးသွပ်နေကြတယ်။ သူတို့ရဲ့သောကတွေကို ဒေါသအဖြစ်အသွင်ပြောင်းပြီး ငါ့ခေါင်းပေါ်ပုံချချင်ကြတယ်။

အရူးမှာ ဆေးမရှိဘူး။ ဘုရားအရှင်. . ကယ်တော်မူပါ။ သူတို့ကို တရားချတဲ့သူ အမြန်ဆုံးပေါ်ပြီး အမြင်မှန်တွေ အမြန် ဆုံးရပါစေ။





မြကြိုးကြာနှင့်ဒေါ်လေးမှာ ဘုရားကိုအချိန်အကြာကြီး ရှိခိုးကြပြီး မေတ္တာသုတ်ကို ရွတ်ဆိုကြသည်။

မြကြိုးကြာကတော့ မနက်က သေဆုံးသွားသည့်ကောင် မလေး၏မိသားစုကို အထူးပင် မေတ္တာပို့နေမိပါသည်။

“ခွမ်း. .”

“အမယ်လေး. .”

သူမ၏အခန်းထဲမှ တစ်စုံတစ်ခုကျကွဲသံကြားလိုက်ရလျှင် မြကြိုးကြာ အိပ်ယာမှလန့်နိုးသွားပြီး လိပ်ပြာလွင့်မတတ်လည်း ခံစားလိုက်ရသည်။

“ဘယ်သူလဲ. . ဒေါ်လေးလား. .”

သူမ၏ခေါင်းရင်းဘက်မှ ပြတင်းပေါက်လည်းပွင့်နေပြီး လဆုတ်ည၏လရောင်က မပီဝိုးတဝါးထိုးဝင်နေသည့်အခါ သူမ၏အခန်းထဲမှာ လူတစ်ယောက်ရောက်နေကြောင်း မြကြိုးကြာ မြင်လိုက်ရသည်။





ဘဝပေးအသိအရ ကုတင်ပေါ်မှ လျှင်မြန်စွာခုန်ဆင်း လိုက်ပြီး အခန်းထောင့်သို့ သူမပြေးကပ်လိုက်သည်။ ဒေါ်လေး ဟုတ်တာသေချာသွားပြီမို့ အကြောက်လွန်ပြီး မြကြိုးကြာမှာ ဘစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေမိလေသည်။

ဒုက္ခပဲ။ ဒီအရူးက ငါ့ကိုသတ်တော့မယ်ထင်တယ်။

“ရှင်. . ရှင်. . ဘယ်သူလဲ၊ ကျွန်မကို ဘာလုပ်မလို့လဲ”

မီးခလုတ်ဖွင့်ရအောင်လည်း ခြေလှမ်းမရွှေ့ဝံ့တော့သဖြင့် အခန်းထဲမှာ အမှောင်ထုကသာ ခပ်များများ။

တစ်ဖက်လူက အသံခပ်အက်အက်ဖြင့် သူမကိုပြော လိုက်သည်။

“နင့်ကိုသတ်မလို့၊ ငါ့မိန်းမသေသလို နင်လည်း သေရ မယ်၊ ဟိုဘဝကျမှ ငါ့မိန်းမကို ဆေးထိုးပေးလိုက်. .”

သေချာပါသည်။ သူ ရူးနေလေပြီ။ သူ ဘယ်လိုလုပ်ပြီး အိမ်ထဲဝင်လာသလဲ။ အခန်းထဲရောက်လာတာလဲ။

သေခြင်းတရားနှင့်ရင်ဆိုင်ရတော့မှာမို့ မြကြိုးကြာမှာ ဇာချွေးတွေက စို့နစ်လာခဲ့လေသည်။

“ရှင် နားလည်မှုလွဲနေပြီ၊ ရှင့်မိန်းမက ရွာမှာကတည်းက

သေလုနေပြီ၊ ကျွန်မ ဘာတက်နိုင်မှာလဲ၊ ရှင့်မိန်းမသေသွားတာ ကျွန်မကြောင့်မဟုတ်ဘူး"

ဒေါ်လေးများ အိပ်ပျော်နေသလား။ သည်ဖက်အခန်းမှာ ဒီလောက်ကမ္ဘာပျက်မတတ်ကြောက်ရွံ့နေရတာ ဒေါ်လေး မကြားဘူးလားမသိ။

"အပိုတွေပြောမနေနဲ့၊ ငါ့မိန်းမနောက်ကို နင်လိုက်သွားရမယ်"

ထိုအရှူးက မြကြိုးကြာဘက်သို့ တရွေ့ရွေ့တိုးကပ်လာလျှင် သူမ အသံကုန်အော်ဟစ်မိ၏။

"အမယ်လေး. . ကယ်ကြပါဦး"

အခန်းထဲမှာ ကြွက်နှင့်ကြောင်လို တတ်နိုင်သမျှ ပြေးလွှား၊ ရှောင်လွှဲနေရင်းမှ တစ်ခါတွင် မြကြိုးကြာခြေချော်လဲကျသွား၏။

တစ်ဖက်မှ အရူး၏ဟားတိုက်ရယ်မောသံကြီးကို အသည်းတုန်၊ အူတုန်ကြားလိုက်ရပြီးလျှင် မြကြိုးကြာ သတိလစ်၊ မူးမေ့သွားခဲ့မိတော့သည်။

"မြကြိုးကြာ. . မြကြိုးကြာ. . "

နားထဲမှာ အကြင်နာမြစ်တစ်စင်း စီးဆင်းနေသလို သူမအတွက် စိုးရိမ်ကြင်နာလွှမ်းလှသည့်သံစဉ်တစ်ခုကြောင့် မြကြိုးကြာဆတ်ကနဲနိုးသွားလေသည်။

"အမယ်လေး. . "

သူမကို ယောကျာ်းတစ်ယောက်ကပွေ့ထားသဖြင့် သူမကိုဒုက္ခပေးမည့်အရူးလားဟု မြကြိုးကြာ လန့်ဖြန့်အော်မိ၊ ကြုံးထမိလျှင်. . .

"ကြိုးကြာ. . ကျွန်တော်ပါ၊ ငွေစင်ပါ၊ ဘာမှမကြောက်နဲ့တော့နော်၊ ဘာအန္တရာယ်မှမရှိတော့ပါဘူး"

"ဟို. . ဟိုလူရော. . ဘယ်ရောက်သွားပြီလဲဟင်၊ ကြိုးကြာ ကြောက်လိုက်တာကိုငွေစင်ရယ်၊ ဒေါ်လေးရော. . ဒေါ်လေး ဘာဖြစ်သွားသေးလဲ"

တုန်လှုပ်ကြောက်လန့်စွာဖြင့် သူမအသွင်က ဆောက်တည် ရာမရ။ ငွေစင်မှာ ကြင်နာစွာရှင်းပြရပါသည်။ သူမတို့၏အနား မှာ အဘွားဒေါ်ဝင်းခင်လည်းရှိနေသည်။

"ဒေါ်လေးလည်းရှိပါတယ်၊ ဒါပေမယ့် အကြောက်ကြီးပြီး ကြောင်သလိုဖြစ်နေတယ်၊ သူ့အနားမှာ အဘဦးအောင်သူစောင့် နေတယ်"

ကြားရသည့်သတင်းကြောင့် မြကြိုးကြာ အကြီးအကျယ် စိတ်ညစ်ညူးသွားပုံရလျှင် ကျန်သည့်သတင်းများကို ငွေစင် ခေတ္တလျှို့ထားလိုက်ရသည်။

"ဒါဖြင့် ကျွန်မတို့ ဒေါ်လေးဆီသွားကြည့်ရအောင်၊ ဒေါ် လေးဘယ်မှာလဲ"

"အောက်ထပ်ဧည့်ခန်းမှာ. . ."

မိုးမလင်းသေးသည်မို့ လူတွေဝိုင်းမလာကြတာကိုပဲ တော်





ေပသေးသည်ဟု ငွေစင်မှတ်ယူမိရသည်။ အဘွားဒေါ်ဝင်းခင် ှာလည်း တဖွဖွဖျောင်းဖျလျက် နောက်မှာပါလာသည်။

"ဘာမှမကြောက်နဲ့တော့နော်၊ သမီးဘာမှမဖြစ်တော့ပါ ဘူးကွယ်၊ ဟိုလူကို ရဲတွေဖမ်းသွားကြပါပြီ၊ ဘာမှအန္တရာယ်မရှိ ေတာ့ဘူး၊ အဘွားတို့မြို့လေးက အေးချမ်းပါတယ်ကွယ်၊ ဒီလိုမျိုး ဘစ်ခါမှဖြစ်လေ့ဖြစ်ထမရှိဖူးပါဘူး"

ကြုံရ ကြားရသည့်အဖြစ်အပျက်များကြောင့် မြကြိုးကြာ ၏စိတ်တွေ အထူးတုန်လှုပ်ရသော်လည်း သူမ ကိုယ့်စိတ်ကို ေဖြလို့ရပါသည်။

ဘာပဲဖြစ်ဖြစ် အရေးကြုံလျှင်စောင့်ရှောက်မည့် ကိုငွေစင် ရှိသားပဲလေဟု ဖြေလျော့စွာတွေးမိပါသည်။

"အို. ."

အောက်ထပ်ဧည့်ခန်းမှာ တဟီးဟီးထိုင်ငိုနေသည့်ဒေါ်လေး ကိုကြည့်ပြီး ကြိုးကြာ စိတ်မကောင်းကြီးစွာဖြစ်ရသည်။ ဒေါ်လေး ၏အနားသို့ သူမ အပြေးလေးကပ်သွားမိသည်။

သို့သော် သူမကိုယ်တိုင်လည်း ကယိမ်းကယိုင်။

"ဒေါ်လေး. ."

ဒေါ်လေးက မြကြိုးကြာကို အားကိုးတကြီးလှမ်းဖက်ပြီး.

"တူမလေးရယ် ဒေါ်လေးတို့ ရန်ကုန်ပဲပြန်ကြပါစို့ကွယ်၊ နယ်ပြောင်းရင်ပြောင်း၊ မပြောင်းရင်လည်း အလုပ်ထွက်လိုက်ပါတော့နော်၊ ဒေါ်လေးကြောက်တယ်"

မြကြိုးကြာကြည့်လိုက်လျှင် ဒေါ်လေး၏လက်မောင်းမှာ ပတ်တီးစည်းထားသည်ကိုတွေ့လိုက်ရသည်။ လူရှူးသည် ဒေါ်လေးကိုလည်း ခြိမ်းခြောက်သွားဟန်တူသည်။ လောလောဆယ် ဒေါ်လေးအားရှိစေရန် သူမဖျောင်းဖျရပါသည်။

"အင်းပါ. . ဒေါ်လေးစိတ်ချမ်းသာစေရပ့ါမယ်၊ ကြိုးကြာလည်း ခဏဖြစ်ဖြစ်ခွင့်ယူလိုက်ဖို့ စိတ်ကူးပြီးသားပါ၊ ဒေါ်လေးကလည်း အားတင်းစမ်းပါ၊ ဒီမှာ ကိုငွေစင်တို့၊ အဘတို့၊ အဘွားတို့လည်းရှိသားပဲဟာ"

"အိုအေ. . ဘာပဲဖြစ်ဖြစ် အတူနေကြတာမှမဟုတ်တာ၊ တကယ့်တကယ်ကျတော့ အချိန်မီရောက်မလာကြပါဘူး၊ ကျွတ်. . ကျွတ်. . လက်မောင်းကနာလိုက်တာအေ၊ ငါ့လက်မောင်း





ခားနဲ့ထိုးသွားတယ်၊ ငါတော့ ဒီမှာဆက်နေရရင် လိပ်ပြာလွင့်သေမယ်ထင်မိတယ်"

ငွေစင်နှင့် အဘဦးအောင်သူ၊ အဘွားဒေါ်ဝင်းခင်တို့ကသည်း ဝိုင်းဝန်းအားပေးကြပါသည်။

"ဘာပဲဖြစ်ဖြစ် မြမေခင်တို့တူဝရီးကို အနီးကပ်စောင့်ာက်ပေးနေမှာပါ၊ အခုလည်း သူ့ကိုဖမ်းသွားကြပြီလေ၊ ဘာန္တရာယ်မှမရှိတော့ပါဘူး"

မြကြိုးကြာမှာ အဖြစ်အပျက်တွေကိုနားမလည်သဖြင့်းမိလေသည်။

"ကြိုးကြာသတိလစ်သွားတုန်း ဘယ်လိုတွေရောက်လာတာလဲ၊ အချိန်မီသာမရောက်ရင် ကြိုးကြာတော့ သေမှာပဲ၊ ငွေစင့်ကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးဗျာ၊ ကျွန်တော် မြကြိုးကြာတို့အိမ်အတွက်ခိုမ်နေတာနဲ့ ညကမအိပ်ဘဲ ကျွန်တော့်အခန်းကနေ စောင့်သ့်နေမိတယ်၊ အဲဒါ ညလယ်လောက်မှ လူတစ်ယောက် အိမ်ဝင်သွားတာတွေ့လိုက်ရတာနဲ့ ရဲစခန်းကိုအကြောင်းကြားလိုက်

ပြီး ကျွန်တော်လည်း ဒီဘက်အိမ်ထဲကို အမြန်ဆုံးပြေးဝင်ခဲ့တာပါ"

"ဩော်. . တံခါးတွေ ဘယ်လိုပွင့်သွားလဲမသိဘူးနော်"

"မြတင်းပေါက်တစ်ခုကနေ သံတိုင်ချိုးပြီးဝင်တာ၊ ကျွန်တော်လည်း သူ့အတိုင်းလိုက်ဝင်ပြီး အချိန်မီရောက်လာခဲ့ပါတယ်၊ တကယ်တော့ဗျာ. . သူလည်း အခိုက်အတံ့ရှုံးသွပ်နေပါပြီ"

"အို. . သူရှုံးတာက သူများတွေကိုဒုက္ခလိုက်ပေးနေတာပဲ၊ ဘယ့်နှယ့်တော်. . ကိုယ့်အပြစ်ကို သူများအပြစ်လုပ်၊ ပုံချနေတဲ့သူ၊ ဒေါ်လေးတော့ ဒီမှာ ဘယ်လိုမှမနေရဲတော့ဘူး၊ နေစမ်းပါဦးမောင်ငွေစင်၊ ရဲတွေက သူ့ကိုထောင်ချပစ်မယ်မဟုတ်လား၊ သူ ဒေါ်လေးတို့ကို လာပြီးဒုက္ခမပေးတော့ဘူးမဟုတ်လား"

"အို. . ဒေါ်လေးကလည်း. . သူ့ခမျာ ရှုံးနေရှာတာပါ"

တူဝရီးနှစ်ယောက်ပြောဆိုနေကြလျှင် အဘဦးအောင်သူကလည်း ဝင်ရောက်၍. . .

"ကျွန်းမာရေးဆေးရုံကို ပို့မှာပေါ့လေ၊ ပြီးမှ အမှုကတစ်မျိုး



ပေါ့၊ ဘာပဲဖြစ်ဖြစ် အန္တရာယ်မရှိတော့ပါဘူး၊ အားလုံးအေးချမ်းသွားပါပြီ"

တစ်ယောက်နှင့်တစ်ယောက် နောက်ထပ်ဘာစကားမှ မပြောဖြစ်ကြတော့ဘဲ ငါးယောက်လုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်နေမိကြပြန်သည်။

ရှေ့ဆက် ဘာလုပ်ရမှာလဲဟူသောအတွေးများကြားမှာ ကိုယ့်အတွက် မအိပ်ဘဲ စောင့်ရှောက်ကြည့်ရှုပေးရှာသည့်ငွေစင့်စေတနာကို မြကြိုးကြာမှာ မှတ်မှတ်ထင်ထင်ခံစားနေမိသည်။

သူ့ဒဏ်ရာများကို ထိခိုက်မိသေးသလား။ မိုးကလည်း မလင်းနိုင်သေး။ ဒေါ်လေးကလည်း ကြောက်ဒူးတုန်နေလိုက်တာမည်သူ့ကိုမှပြန်ခွင့်မပေး။

ဧည့်ခန်းထဲမှာ ငုတ်တုတ်ထိုင်ရင်းနှင့်ပင် မိုးလင်းခဲ့ရသည်။ ထိုညသည် ငွေစင်နှင့်မြကြိုးကြာအတွက်တော့ သည်းထိတ်ရင်ဖိုရုံတင်မက ရင်ခုန်ရသည့်ညလေးလည်းဖြစ်ခဲ့သည်။

ဧည့်ခန်းထဲမှာ ဒီအတိုင်း ဘာမှမစားရ မသောက်ရဘဲ

နှင့် ငါးယောက်သားစုပြုံပြီး ထိတ်လန့်၊ တုန်လှုပ်နေရပုံကြီးကို မြကြိုးကြာ သည်းမခံနိုင်တော့။

"ကဲ. . ဒီမှာခဏနေကြဦး၊ အဘနဲ့အဘွားက ဒေါ်လေး အနားမှာထိုင်ပြီး အားပေးနေကြပါဦးနော်၊ ကြိုးကြာ စားစရာ တစ်ခုခုစီစဉ်ပေးမယ်"

"ကျွန်တော်လည်း ကူမယ်"

ငွေစင်ပါထရပ်ပြီးတောင်းဆိုလျှင် နှစ်ယောက်အတူ မီးဖိုချောင်ဘက်သို့လျှောက်လာခဲ့ကြသည်။

"လက်ဖက်ရည်ဖျော်မယ်၊ ကြက်ဥကြော်မယ်၊ မုန့်ကတော့ ဘီစကွတ်နဲ့ပေါ့"

"ကျွန်တော်လုပ်ပါ့မယ်၊ ကြိုးကြာ အရမ်းပင်ပန်းတုန်လှုပ်နေပါပြီ"

"အို. . မဟုတ်တာ၊ ကိုငွေစင့်မှာ ရင်ဘတ်ကဒဏ်ရာလည်းပျောက်သေးတာမဟုတ်ဘူး၊ ကြိုးကြာသတိလစ်နေတုန်း ကိုငွေစင်ရောက်လာတော့ ဟို. . သူက သတ်ဖို့ပြင်နေမှာပဲနော်၊ တွေးမိရင် အရမ်းကြောက်မိတယ်၊ လူဆိုတာ သေဘေးနဲ့ရင်ဆိုင်





လိုက်ရမှ သေရမှာဘယ်လောက်ထိကြောက်မိကြောင်း ကြိုးကြာ သိလိုက်ရပြီ၊ အရမ်းကျေးဇူးတင်ပါတယ်ကိုငွေစင်ရယ်၊ ကိုငွေစင် ကြိုးကြာကိုကယ်တာ နှစ်ခါရှိပြီနော်"

နူးညံ့ညိုးငယ်သောမျက်နှာလေးနှင့် မြကြိုးကြာပြောနေလျှင် ငွေစင့်ရင်ထဲမှာ သူမအပေါ် သနားကြင်နာရလွန်းသဖြင့် တစစ်စစ်ပင်နာကျင်လာသည်။

သို့သော် သူက လူရိုးကြီးပီပီ သူမကိုနှစ်သိမ့်ဖို့ တော်တော်နှင့်စကားလုံးရှာမရ။ အရာအားလုံးလောက်နီးပါး သူတတ်နိုင်ခဲ့ပေမယ့် ချစ်သူရှေ့မှာ ဖွယ်ဖွယ်ရာရာစကားလုံးတွေဆိုဖို့ရာ သူ့မှာ အားမွေးလို့မရ။ အတန်ကြာမှ. . .

"ကိစ္စမရှိပါဘူးကြိုးကြာရယ်၊ တိုက်ဆိုင်မှုတွေပါ၊ ကျွန်တော့်အတွက် အပန်းမကြီးပါဘူး၊ ကြိုးကြာကို ဒီလိုလုပ်ပေးခွင့်ရတဲ့အတွက် ကျွန်တော့်ဘဝ နေပျော်ရပါတယ်"

သူ ပြောတတ်သလိုပင် ကြင်နာစွာပြောဆိုလိုက်လျှင် မြကြိုးကြာကျေနပ်ကြည်နူးရပါသည်။

"ကဲ. . ကြိုးကြာ. . ဒီကုလားထိုင်မှာထိုင်၊ ကျွန်တော့်ကို

ညွှန်ကြား၊ ကျွန်တော်လုပ်ပေးပါရစေ၊ ဒါမှ ကျွန်တော် နေသာထိုင်သာရှိမှာ”

“အဆန်းပဲနော်”

“ဟုတ်ကဲ့၊ ဒီလိုမျိုး ကျွန်တော်လည်း တစ်ခါမှမကြုံဖူးပါဘူး၊ ခံလည်းမခံစားဖူးပါဘူး၊ ရင်ထဲမှာ နင့်နေတာပဲဗျာ”

သူမကိုကျောပေးပြီး လျှပ်စစ်မီးဖိုမှာ သူရေနွေးအိုးကြိုရင်းပြောနေလျှင် မြကြိုးကြာမှာ ထိတ်လန့်၊ ကြောက်ရွံ့ခဲ့သမျှတွေပြေပျောက်ပြီး သူ့အပေါ် စချင်၊ နောက်ချင်စိတ်လေးဖြစ်ပေါ်လာမိသည်။

သဘာဝတရားကြီးကိုက ယောကျ်ားလေးရဲလျှင် မိန်းကလေးကပြေးပြီး ယောကျ်ားလေးက ရှိုး,အ၊ ကြောက်ရွံ့နေပုံရသော အခါ မိန်းကလေးက စချင်နောက်ချင်လာမိသည်မဟုတ်ပါလား။

“ရင်ထဲမှာနင့်နေတာပဲဟုတ်လား၊ ဟုတ်မှာပေါ့လေ၊ အဲဒီရင်ဘတ်ကြီးမှာ ဓားဒဏ်ရာကြီးနဲ့မဟုတ်လား၊ နင့်တယ်လို့မပြောရဘူးကိုငွေစင်ရဲ့၊ နာတယ်လို့ပြောရတယ်”





စောစောကညိုးနွမ်းသောမျက်နှာလေးက အရယ်ရိပ်ဖြင့် ကြည်လင်လာလျှင် ငွေစင် တစ်ခါတော့ လှမ်းခိုးကြည့်မိသည်။

မင်းဟာ မိုးတိမ်လေးပါပဲ။ ကိုယ့်လက်နဲ့အလှမ်းဝေးလွန်းတယ်။ ဒါပေမယ့် ကိုယ့်စိတ်တွေ အစိုးမရတော့ဘူး။

အဲဒီမိုးတိမ်လေးကို အခါခါခိုးနမ်းရှိုက်မိပါတော့တယ်။

ထို့နောက် သူမကိုကျောခိုင်းပြီး သူလုပ်စရာရှိသည်တို့ကိုသာ တစ်ခုပြီးတစ်ခုလုပ်ကိုင်နေမိသည်။

နာရီဝက်မျှကြာလျှင် ငွေလင်ပန်းလေးထဲမှာ လက်ဖက်ရည်တစ်အိုး၊ ကြက်ဥကြော်တစ်ပန်းကန်နှင့် ဘီစကွတ်မုန့်တစ်ပန်းကန်ရရှိသွားပေပြီ။

ဘာစကားတစ်ခွန်းမှမပြောဘဲ အလုပ်တွေကိုသာကြုံးလုပ်နေသည့်ငွေစင့်ကို မြကြိုးကြာ သနားကြင်နာစွာနှင့်ငေးကြည့်နေမိစဉ် သူမဘေးမှ ပြတင်းမှန်တွင် မိန်းမကြီးတစ်ယောက်၏ မျက်နှာကြီးပေါ်ထွက်လာလျှင်. . .

“အမယ်လေး. . ”

ထိုင်နေရာမှကြုံးထပြီး မြကြိုးကြာ ငွေစင့်ကိုပြေးဖက်

ထားမိသည်။ သူမတစ်ကိုယ်လုံး တုန်လှုပ်ယိမ်းယိုင်နေသည်မှာလည်း အဆမတန်။

"ကို. . ကိုငွေစင်. . ကယ်. . ကယ်ပါဦး. . ကြိုးကြာကြောက်တယ်၊ ကြောက်တယ်"

"ကြိုးကြာ. . ကြိုးကြာ. . ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

ဒူးများခွေညွတ်ကျလာသည့်မြကြိုးကြာကို ဆီးပွေ့ထားရင်း ငွေစင်ပါ မီးဖိုကြမ်းပြင်မှာ အထွေးလိုက်လဲကျသွား၏။

သူ့ခြေထောက်တွေ မခိုင်မာတော့ပါ။ ချစ်သူအတွက် ကာကွယ်ပေးနေရသည်နှင့် သူ့ခွန်အားတွေ ဆုံးရှုံးသွားလို့လား။

သို့သော် ယခုနေ ဘီလူးကြီးတစ်ကောင်ပေါ်လာပြီး ချစ်သူ့ကို အန္တရာယ်အယှက်ပေးမည်ဆိုလျှင်တောင်မှ ကေသရာဇာခြင်္သေ့မင်းလို သူ ချစ်သူအတွက် ကာကွယ်ပေးနိုင်ပါဦးမည်။

ပြောင်လက်နေသည့်မီးဖိုကြမ်းပြင်မှာ နှစ်ယောက်သား အထွေးလိုက်လဲကျနေသည့်အခါ ငွေစင့်မှာ ရင်ခုန်သံတွေ ~ဒိုင်းဒိုင်း။

ဒါကို ချစ်သူကြားသွားမှာလည်း စိုးပါသည်။ သူလေး





ကတော့ သူ့လည်ကိုတွယ်ဖက်ပြီး အကြောက်တွေလွန်နေလိုက်သည်မှာ ဘာမှန်း၊ ညာမှန်းပင်သိပုံမရ။

"ကြိုးကြာ. . ဘာဖြစ်သလဲ၊ ကျွန်တော့်ကိုပြောလေ"

"ဟို. . ပြတင်းမှန်ဘေးမှာ မိန်းမကြီးတစ်ယောက်. ."

ငွေစင်လှမ်းကြည့်လျှင် မည်သူမှမရှိတော့ပါ။ တကယ်ရောရှိရဲ့လား။ မြကြိုးကြာအကြောက်လွန်နေတာလည်း ဖြစ်နိုင်ပေသည်။

"ဘယ်သူမှမရှိပါဘူး"

"ရှိတယ်၊ စောစောက ကြိုးကြာ အသေအချာမြင်လိုက်ရတာပါ"

"ဒါဆို ကျွန်တော်သွားကြည့်လိုက်မယ်"

မြကြိုးကြာကို ညင်သာစွာထူပေးပြီး ကုလားထိုင်မှာထိုင်စေပြီးမှ ငွေစင် ပြတင်းပေါက်ကိုဖွင့်ပြီး ဟိုဟိုဒီဒီကြည့်လိုက်လျှင် ဘာအရိပ်အယောင်မှမတွေ့ရတော့ပါ။

"စောစောကရှိချင်ရှိမယ်၊ ဒါပေမယ့် အခုမရှိတော့ပါဘူး"

ကွယ်၊ အို. . မငိုပါနဲ့ကြိုးကြာရယ်၊ ကိုယ်ရှိနေရက်နဲ့ မင်း ဘာမှ မဖြစ်စေရဘူး"

မျက်ရည်များနှင့်မြကြိုးကြာကို ငွေစင်မကြည့်ရက်တော့။ သူ့စိတ်တွေ တဒင်္ဂလွတ်ထွက်သွားလျှင် သူ့ရင်ထဲမှမိုးတိမ်လေးကို ကြင်နာစွာပွေ့ဖက်ထားမိတော့သည်။

ထိုအခါ သူ့နှလုံးသွေးတွေ စီးဆင်းလည်ပတ်မှုနှုန်းက ရင်ဘတ်ကြီးတစ်ခုလုံး ပွင့်ကွဲထွက်လုလု။ ချစ်လိုက်ရတာ ကြိုးကြာလေးရယ်။

"ဘာအန္တရာယ်တွေပဲဖြစ်လာလာ မင်းအတွက် ကိုယ်သေရဲပါတယ်ကွယ်"

တိတ်ဆိတ်နေသည့်အခန်းလေးထဲမှာ ငွေစင့်ရင်ခုန်သံတွေဆူညံနေပြီး အကြင်နာမြစ်ကြီးတစ်စင်း စီးဆင်းနေလျှင် မြကြိုးကြာသတိရသွားသည်။

အချစ်တွေနှင့် မွှန်းကျပ်နစ်ဝင်နေသည့်သူ့ကို အရင်လွှပ်နိုး၊ တွန်းဖယ်ပစ်ရသည်။

"ရပြီ. . ရပြီ. . ကျွန်မ မကြောက်တော့ဘူးနော်၊ ကျွန်မ





အနားမှာ ကိုငွေစင်ရှိနေတာပဲ၊ ကဲ. . ကျွန်မတို့ အိမ်ရှေ့ထွက်ရအောင်"

လက်ဖက်ရည်နှင့်မုန့်များထည့်ထားသည့် လင်ပန်းကို ယူပြီး မြကြိုးကြာတည်ငြိမ်စွာထွက်ခွာသွားလျှင် ငွေစင် ထိတ်သန့်စွာကျန်ခဲ့ရသည်။

မိန်းကလေးတို့ရဲ့စိတ်ဟာ တစ်မျိုးပါလား။ စောစောက သူ ပွေ့ဖက်နမ်းရှိုက်မိသည့်အတွက် သူမ စိတ်ဆိုးသွားပြီထင်ပါသည်။

စောစောက အဆမတန် ကြောက်ရွံ့တုန်လှုပ်နေသော်လည်း ယခုကျ ပြန်လည်တည်ငြိမ်ရဲရင့်သွားပြန်သည်။ မိန်းမတို့ရဲ့စိတ်ဟာ မိုးတိမ်လိုပဲလား။

ပင်ယံမြင့်က ပန်းသဇင်လို လေယူရာတိမ်းတတ်၊ ယိမ်းတတ်ကြသလား။

အချစ်ရယ်. . ကိုယ့်ကို အကြင်နာတွေပေးသယောင်နဲ့ အမုန်းတွေမပေးလိုက်ပါနဲ့နော်။ ရင်ထဲမှာ မီးဖိုကြီးတောက်

လောင်နေသလိုခံစားရင်း အချစ်ကြီးချစ်မိသမျှ ငွေစင်မှာ ဆောက်တည်ရာမရတော့သလို။

နွေးကွေးသောခြေလှမ်းများဖြင့် သူ ညည့်ခန်းထဲသို့ထွက်လာမိသောအခါ လူတွေအားလုံး၏ရယ်မောသံကိုကြားလိုက်ရသည်။

ဘာတွေရယ်မောနေကြသလဲ။ ကြောက်ရွံ့ခြင်းတွေတဒင်္ဂပြေးထွက်သွားပြီး စိတ်တွေဖြေဆည်ရာရသွားတာကို ငွေစင်ကျေနပ်နိုင်ပါသည်။

သို့သော် မြကြိုးကြာ ရုတ်တရက်ရဲရင့်သွားတာကိုတော့ ငွေစင်နားမလည်နိုင်တော့ပါချေ။





## အခန်း(၁၃)

မြွေပူရာကင်းမှောင့်တာလား။ ဒါမှမဟုတ် ဗူးလေးရာဖရုံဆင့်တာပဲလား။

မနက်မိုးလင်းပြီးသည်နှင့် မြကြိုးကြာတို့အိမ်တံခါးဝသို့ ဧည့်သည်ရောက်ရှိလာခဲ့သည်။ ထိုဧည့်သည်ကိုကြည့်ပြီး မြကြိုးကြာက စိတ်ညစ်သွားသော်လည်း ဒေါ်လေးမြမေခင်ကတော့ ဝမ်းသာ၊ အားတက်သွားပုံရလေသည်။

"မောင်မျိုးကျော်သွင်ပါလား၊ အစောကြီးရောက်အောင် လာခဲ့ပါလိမ့်ကွယ်၊ လာ. . လာ. . မမတို့ရောနေကောင်းကြလား၊ အစ်ကိုကြီးရော နေကောင်းတယ်မို့လား"

မျိုးကျော်သွင်သည် မြကြိုးကြာ၏ပထွေးတော်သူဦးကျော်သွင်၏ သားဖြစ်သည်။ လူကတော့ အသားဖြူဖြူ ခပ်နွဲ့နွဲ့နှင့် မိန်းမချော ချောပါသည်။ သို့သော် မြကြိုးကြာ ဘယ်တုန်းကမှ ကြည့်မရခဲ့သူပင်။

"ခရီးရောက်မဆိုက်ကြီး ဒေါ်လေးရာ၊ နားပါရစေဦးနော်၊ ပြီးမှ လာရတဲ့အကြောင်းရင်းကိုပြောပြပါ့မယ်၊ သိပ်လည်းစိတ်မပူကြပါနဲ့၊ စောစောရောက်တာကတော့ ကျွန်တော့်သူငယ်ချင်း စက်လှေနဲ့လိုက်ပို့လို့လေ၊ သူက ပုသိမ်မှာ လုပ်ငန်းရှင်ကြီးဖြစ်နေပြီ"

"ဒေါ်ခဲ့ရောပေါ့ကွယ်၊ အခု ပြန်သွားပြီလား"

"သူကအလုပ်များတယ်ဒေါ်လေးရဲ့၊ ကုန်းပေါ်တောင်မတက်ဘူး၊ ချက်ချင်းပဲလှည့်ပြန်သွားပြီ"

ရှုပ်ယှက်ခတ်နေသောဝတ်စားဆင်ယင်မှုနှင့် စတိုင်များလှသောမျိုးကျော်သွင်သည် ယခုတော့ ဒေါ်လေးမြမေခင်၏ ကောက်ရိုးတစ်မျှင်။

စောစောကပင် အဘဦးအောင်သူတို့အိမ်သားတွေ ပြန်သွားပြီဖြစ်၍ အိမ်မှာ သူမတို့တူဝရီးနှစ်ယောက်ထဲရှိပေ၏။





လောလောဆယ် ဖြစ်ပွားထားသည့်လူသေမှုကြောင့်ပင်လားမသိ။ မြကြိုးကြာ၏ဆေးခန်းသို့ မည်သည့်လူနာမှရောက်ရှိမလာခဲ့ပါပေ။

ကိုယ်ဝင်ငွေမရမှာကို ပူသည်မဟုတ်ပေမယ့် သူမကိုမယုံကြည်ကြတော့ပြီလား။ သူမ၏စေတနာကို မယုံကြတော့ပြီလားဟု တွေးမိသည့်အခါ မြကြိုးကြာအားငယ်မိပါသည်။

ဒေါ်လေးကတော့ လောလောဆယ်ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်များကို မျိုးကျော်သွင်အား ရှင်းပြနေလေ၏။

မည်သို့ပင်ဖြစ်စေ လောလောဆယ် သူ့ကို လူရင်းထားလိုက်ပြီထင်ပါသည်။ မြကြိုးကြာကတော့ သူ့အနားမှာ မနေလိုသည်နှင့် မီးဖိုဘက်သို့ဝင်သွားမည်ပြင်စဉ် အိမ်ရှေ့သို့မောင်မြဦးနွားနို့လာပို့လေသည်။

"ဒေါက်တာ. . ဆရာ့ရင်ဘတ်က သွေးတွေစိမ့်နေတယ်"

နွားနို့ပုလင်းကိုလှမ်းပေးရင်း မောင်မြဦးပြောလျှင် မြကြိုးကြာစိတ်ပူသွား၏။ ဟုတ်သားပဲ။ သူ့ဒဏ်ရာက မကျက်သေး

ရသည့်ကြားထဲ ညက လူဆိုးနှင့်သတ်ရ ပုတ်ရသေးသည်မဟုတ်ပါလား။

"အို . . ဘာလို့ချက်ချင်းမပြောပါလိမ့်၊ ခက်တာပဲ"

"အခုလည်း ဆရာက အားနာလို့မပြောခိုင်းပါဘူး၊ ကျွန်တော်က မနေနိုင်တာနဲ့၊ ပြီး ဆရာ့ကြည့်ရတာ အားနည်းနေသလိုပဲ၊ ကြည့်လုပ်ပေးပါဦးဒေါက်တာရယ်"

မျက်နှာငယ်နှင့် မောင်မြဦးတောင်းပန်နေလျှင် ဒေါ်လေးမြမေခင်နှင့်မျိုးကျော်သွင်တို့ သူ့ကိုလှည့်ကြည့်ကြသည်။

"သူ့ဆရာက ဘာဖြစ်တာလဲ၊ လူနာပဲ၊ ဆေးကုချင် ဆရာဝန်ဆီလာပေါ့၊ တော်တော်စီးပိုးကြတာပဲ"

"ဟုတ်သားပဲမောင်မြဦး၊ ဒီမှာလည်း ဒီလောက်ဒုက္ခတွေရောက်နေတာ၊ သူလာနိုင်မါတယ်၊ ဒီကိုလာခဲ့ပါစေ၊ မင်းပဲတွဲပြီး လာပို့လိုက်ပါ၊ ပြီး ဒီမှာ ဧည့်သည်လည်းရောက်နေလို့ . . လို့"

"ဟာ . . ဒေါ်လေးကလည်း ကြိုးကြာခဏသွားကြည့်လိုက်မယ်လေ"

မောင်မြဦးမှာ အခြေအနေတွေကို သဘောပေါက်သွား





ဖြင့် ဒုက္ခရောက်နေတော့သည်။ သူ့ဆရာကလည်း ခေါင်းမာ။ ဒီကအဒေါ်ကြီးကလည်း အဆင့်အတန်းခွဲခွဲ။ နောက်ည့်သည်ဆိုသူကိုလူချောကိုလည်း မောင်မြဦးကြည့်မရ။

အဘွားဒေါ်ဝင်းခင်တို့အပြောအရဆို သူ့ဆရာဟာကြိုးကြာတို့ကို တော်တော်ကူညီခဲ့သူမဟုတ်ပါလား။

ဒေါ်လေးမြမေခင် မနှစ်မြို့သည့်ကြားမှ၊ တားဆီးနေသည့်ားမှပင် မြကြိုးကြာ ဆေးအိတ်ကို မောင်မြဦးသို့လှမ်းပေးက်သည်။

"ကျွန်မလိုက်ခဲ့မယ်၊ ရှင်သွားနှင့်ပါ"

တူမ၏အသံ အနည်းငယ်မာတင်းနေလျှင် ဒေါ်လေးဆက်းမပြောတော့။ သို့သော် မျိုးကျော်သွင်က တောင်းဆိုလိုက်ပါသည်။

"ကိုယ်အဖော်လိုက်ခဲ့မယ်ကြိုးကြာ၊ ဒီကလူတွေနဲ့လည်းမင်ရတာပေါ့"

"ကောင်းတယ်၊ ခေါ်သွားလိုက်သမီး"

သည်တစ်ခါတော့ သူတို့စကားကို သူမ မငြင်းပယ်မိပါ။

မျိုးကျော်သွင်နှင့်ပင် နှစ်ယောက်အတူ တစ်ဖက်ခြံသို့ကူးလာခဲ့တော့သည်။

သူမဝင်သွားသည်နှင့် အိမ်ရှေ့ဧည့်ခန်းမှာ နံနက်စာကော်ဖီနှင့်ထမင်းကြော်စားနေကြသည့် အဘဦးအောင်သူတို့ဇနီးမောင်နှံက ရွှင်ပျစွာဆီးကြိုကြသည်။

"လာ. . လာ. . သမီး. . သားလည်း အဖျားသွေးရှိတယ်ထင်တယ်၊ ကိုယ်တွေပူနေတယ်၊ ပြီးတော့ ကယောင်ကတမ်းတွေပြောနေတယ်၊ အဘွားတောင် သမီးကိုလာပင့်မလို့"

"ရပါတယ်အဘွားရယ်၊ အဘွားတို့က သိပ်စိမ်းတာပဲ၊ အခုတောင် မောင်မြဦးပြောလို့၊ ကဲ. . လာ. . မောင်မြဦး. . မင်းဆရာအခန်းကိုသွားရအောင်၊ အဘွားရေ. . ဒါကြိုးကြာရဲ့အစ်ကိုလေ၊ ရန်ကုန်ကနေလိုက်လာတာ၊ ကိုမျိုးကျော်သွင်. . ဒီမှာခဏထိုင်ပြီး အဘွားတို့ အဘတို့နဲ့စကားပြောပါဦး၊ ကြိုးကြာတို့ကို သူတို့ပဲအနီးကပ်စောင့်ရှောက်နေတာ၊ ကျေးဇူးရှိတယ်"

ပြောပြီး မြကြိုးကြာ မောင်မြဦးနှင့်အတူ ငွေစင့်အခန်းသို့





ဘက်သွားလျှင် မျိုးကျော်သွင်မှာ အောင့်သက်သက်နှင့်ကျန်ခဲ့ရ၏။

အဘွားနှင့်အဘက သူ့ကိုဖော်ရွေစွာဧည့်ခံထားကြသည်။ အပေါ်ထပ်သို့တက်သည့်လှေခါးထစ်တွေမှာ မောင်မြဦးက မြကြိုးကြာကို တိုးလျှိုးတောင်းပန်လေ၏။

"ဒေါက်တာရယ်. . ကျွန်တော့်ဆရာက လူရိုးကြီးပါ၊ လူ ဘိုင်းအပေါ် စာနာတတ်တယ်၊ ကြင်နာတတ်တယ်၊ ဆရာ့အပေါ် ရက်စက်လိုက်နဲ့နော်"

သူ့စကားက ဘယ်လိုကြီးလဲ။ မြကြိုးကြာ မောင်မြဦးကို ျက်မှောင်ကြုံ့ကြည့်လိုက်သည်။

"ရှင့်စကားကို ကျွန်မနားမလည်ဘူး"

ဒေါက်တာ၏စကားက အနည်းငယ်မာဆတ်နေလျှင် မောင်မြဦး ဆက်ပြီးမပြောရဲတော့ပါ။ ရှေ့မှ ခပ်သုတ်သုတ်တက်သွားပြီး ငွေစင့်အခန်းထဲသို့ဝင်ကာ ဒေါက်တာဆေးကုသရန်အတွက်သာ အဆင်သင့်ပြင်ဆင်ပေးထားလိုက်သည်။

မြကြိုးကြာဝင်သွားလျှင် ငွေစင့်ထံမှ ကယောင်ကတမ်း ညည်းတွားသံများကြားလိုက်ရပါ၏။

"ကျွန်တော့်ကိုစိတ်မဆိုးပါနဲ့ကြိုးကြာရယ်၊ မိုးတိမ်လေး ရယ် . . ကျွန်တော့်ကိုစိတ်မဆိုးလိုက်ပါနဲ့ဗျာ"

"ချစ်တယ် . . ကျွန်တော် ကြိုးကြာကိုချစ်တယ်"

သူ အနာရှိန်နှင့်၊ အနာရင်းပြီး ဖျားတာလား။ သူ့စကား တွေကို ကျော်ခိုင်းပြီး သူ့ကိုတော့ စိုးရိမ်စွာနှင့် မြကြိုးကြာဆက် တိုက်ကုသမှုတွေပြုလုပ်ပေးလိုက်သည်။

သို့သော် သူမ၏မျက်နှာက ခပ်တင်းတင်း။ မိန်းမစိတ်ဆို တာကလည်း ခက်တာပဲ။ ကိုယ့်ရင်ထဲက ချစ်ချင်ချစ်နေပေမယ့် တစ်ဖက်ကဖွင့်ပြောလာသည့်အခါ မခံမရပ်နိုင်ဖြစ်ချင်ဖြစ်နေ တတ်သလား။ ,

မောင်မြဦးရွှေ့မှို့ ရှက်တာလည်းဖြစ်နိုင်သည်။ သို့သော် သူမ ငွေစင့်ကို စိတ်ပူမိပါသည်။

"အို . . ကိုယ်တွေအရမ်းပူနေပါလား၊ (၁၀၃)တောင်၊ မောင်မြဦး . . ရှင့်ဆရာကို ဆေးထိုးဖို့ပြင်ဆင်ပေးပါ"





ဆေးထိုးဖို့ ချက်ချင်းပြင်ပြီး သူမဆေးထိုးနေစဉ် ငွေစင့် မျက်လုံးများပွင့်လာသည်။ အို . . သူ့အသွင်က နွမ်းဖတ်လွန်း လှ၏။

"ကြိုးကြာ . . "

"ငြိမ်ငြိမ်နေ . . ကျွန်မ ဆေးထိုးပေးနေတယ်၊ ရှင် ဒီတစ်နေ့ လုံး နားလိုက်တော့"

သူမ၏အသံက အနည်းငယ်မာကြောနေလျှင် ငွေစင့်မျက် ဝန်းတွေ အားငယ်စွာနှင့် ပြန်လည်မှိတ်သွားကြသည်။

အချစ်ရေ . . ကိုယ့်ကို သေဆေးသာထိုးပစ်ခဲ့ပါတော့။ ချစ်သူ့အမုန်းကို ခံစားနေရမယ့်အစား မင်းလက်နဲ့သတ်ပစ် လိုက်ပါတော့။

ရင်ထဲမှာနာကျင်ပူဆွေးနေရစဉ် သူ့အခန်းထဲသို့ဝင်လာ သည့်ခြေသံများကို ငွေစင်ကြားလိုက်ရပြန်သည်။ သူ မျက်လုံး မဖွင့်ရဲ။ သူ့မျက်ဝန်းမှအချစ်ရိပ်တို့ကို လူများမြင်တွေ့သွားမှာ စိုးရိမ်လှပါသည်။ သူ့မျက်ဝန်းမှအရှုံးရိပ်တို့ကို အခြားသူများ မမြင်စေချင်ပါ။

"ဪ. . သူလားလူမမာ၊ လူမမာကလည်း ကျားကိုးစီး စားမကုန်နိုင်တဲ့ခန္ဓာကိုယ်ကြီးနဲ့၊ ကြိုးကြာရယ်. . အိမ်လိုက်ကု တယ်ဆိုတာ အဘိုးကြီး၊ အဘွားကြီးတွေ၊ အသည်းအသန်လူမမာ တွေကိုမှကုရတာပါ၊ အခုတော့ မင်းရဲ့လူနာက မောင်ဗမာတင် မဟုတ်ဘူး၊ မောင်စကြဝဠာတောင် ရလောက်တဲ့ဗလကြီးနဲ့. . "

သူ့အသံက သရော်ဟန်အပြည့်ဖြစ်နေလျှင် မြကြိုးကြာ မခံနိုင်ပြန်။

"အို. . ရှင် ရမ်းသန်းပြီးမပြောပါနဲ့၊ သူ့ခမျာ ရင်ဘတ်မှာ ဓားဒဏ်ရာကြီးနဲ့၊ အခုအပြင်းဖျားနေတာ၊ ပြီးတော့ နီးနီးလေး ပဲဟာ၊ အပန်းမကြီးပါဘူး၊ ကဲ. . လူနာစိတ်ရှုပ်အောင်မလုပ်ပါနဲ့၊ အားလုံးအပြင်ထွက်၊ အဘွားရေ. . ဒီမှာ သူ့ကိုတိုက်ရမယ့်ဆေး တွေ၊ ညနေကျ တစ်ခေါက်လာကြည့်ပေးမယ်"

ငွေစင်အနေရသက်သာအောင် သူမ အားလုံးကိုမောင်း ထုတ်ပေမယ့် ငွေစင်က ချောမောပြီးစတိုင်ကျသည့်မျိုးကျော်သွင် ကိုငေးကြည့်နေလေ၏။

"ညနေလာကြည့်လို့လည်းမရတော့ပါဘူး၊ ကြိုးကြာတို့ကို





ကြိုးကြာရဲ့မေမေကလာခေါ်ခိုင်းလို့ ကိုယ်လာခေါ်တာ၊ ညနေ သင်္ဘောနဲ့ ပုသိမ်ကိုဆင်းမယ်၊ မနက်ဖြန် ရန်ကုန်ကိုရောက်အောင် သွားရမယ်"

"ဘာဖြစ်လို့လဲ"

မြကြိုးကြာ မကျေမနပ်နှင့် ဘုဆတ်ဆတ်မေးလိုက်လျှင် မျိုးကျော်သွင်က အောင်နိုင်သူအပြုံးနှင့် အလဲထိုးချလိုက်သည် မှာ. . .

"ဘာဖြစ်လို့လဲဆိုတော့ ကြိုးကြာမေမေ တော်တော် အသည်းအသန်ဖြစ်နေလို့လေ၊ ဒီမှာစာရေးပေးလိုက်တယ်"

မြကြိုးကြာ စိတ်ပူစွာနှင့် ခေါင်းငိုက်စိုက်ကျသွားသလို ငွေစင့်ရင်ထဲမှာလည်း ပုဇဉ်းရင်ကွဲကောင်လို ဟင်းလင်းပွင့်သွား လေသည်။

## အခန်း(၁၄)

မြကြိုးကြာတို့ရောက်သောအခါ မေမေဒေါ်မြစိမ်းခင်ကို ဧည့်ခန်းထဲမှာ လှလှပပဝတ်စားဆင်ယင်လျက်တွေ့လိုက်ရ၏။

မြကြိုးကြာ သူမ၏မိခင်အနားသို့ အပြေးကပ်သွားမိ၏။

"ဟင်. . မေမေ. . ဒါနဲ့ မေမေ အသည်းအသန်ဖြစ်နေလို့ဆို၊ သမီးဖြင့်စိုးရိမ်လိုက်ရတာ"

ယခုတိုင် လှပတောင့်တင်းဆဲမေမေ့အသွင်က မြကြိုးကြာနှင့်ညီအစ်မဆို ယုံလောက်သည်။ အင်းလေ. . မေမေ့အသက်ကလည်း လေးဆယ်ကျော်၊ ငါးဆယ်မှမပြည့်သေးဘဲကိုး။

"ပြီးခဲ့တဲ့သုံးရက်ကတော့ သေတော့မလို့သမီးရေ၊ မောင်





မျိုးကျော်သွင်ရှိပေလို့သာ၊ သူက မေမေ့ကို ဆေးခန်းချက်ချင်းပို့ပေးနိုင်လို့သာပေါ့။ နှလုံးသမား၊ သွေးတိုးသမားဆိုတာ ဖြစ်ချင်ရင် ချက်ချင်းမဟုတ်လား၊ ဒါနဲ့ ကိုယ့်ရဲ့တစ်ဦးတည်းသောသမီးနဲ့ တစ်ဦးတည်းသောညီမကို တွေ့ချင်လွန်းလို့ခေါ်ခိုင်းလိုက်ရတာဘာလဲ. . သမီးက မေမေပြန်ပြီးကျန်းမာလာတာကို မကျေနပ်ဘူးလား"

ဧည့်ခန်းထဲမှ ဆိုဖာအနီရောင်များနှင့် ဧည့်ခန်းပန်းအိုးပက်ပက်ကြီးမှ နှင်းဆီအနီအပုံလိုက်ကိုကြည့်ပြီး မြကြိုးကြာရင်ထဲမှာ မွန်းကျပ်လာသယောင်။

မေမေဘယ်လိုပြောလိုက်ပါလိမ့်။

"မဟုတ်ပါဘူးမေမေရယ်၊ သမီးက မေမေ့ကို အိပ်ယာပေါ်မှာပက်လက်လေးတွေ့ရမယ်မှတ်လို့ပါ"

"ကိုယ့်အမေ အလှကြိုက်တတ်တာလည်းသိရက်သားနဲ့ သမီးရယ်၊ မေမေက နေမကောင်းလို့ ရေမချိုးရရင်တောင် ရေပတ်တိုက်ပြီး ဖြီးလိမ်းပြင်ဆင်နေတတ်တာလေ"

ခရီးရောက်မဆိုက်မို့ စကားတွေ ထွေထွေထူးထူးမပြော

ချင်တော့သော်လည်း မြကြိုးကြာ၏ရင်ထဲမှာ လေးကျသွားတာတော့ အမှန်။

သူမ မျိုးကျော်သွင်ကို လှမ်းပြီးအကဲခတ်မိပြန်သည်။ သူကတော့ အရာရာမှာ ပေါ့ပေါ့ပါးပါး။ လက်ညှိုးညွှန်ရာရေဖြစ်စေသည့် တော်ဝင်မင်းသားတစ်ပါးမို့ မည်သည့်အရာကိုမှလည်း လေးလေးနက်နက်မရှိလှသူ။

မေမေ ဘယ်လိုလုပ်ဦးမှာပါလိမ့်။ ဘာအကြံအစည်တွေရှိနေပြန်ပါလိမ့်။ ဒေါ်လေးမြမေခင်ကတော့ လောလောဆယ်ကြုံခဲ့ရသည့်အရေးကိစ္စ၊ ပြဿနာများကို မျက်ရည်များနှင့် သူ့အစ်မကိုရှင်းပြပြောဆိုနေလေသည်။

မြကြိုးကြာမှာ ဒေါ်လေးကိုဟန့်တားလိုသော်လည်း မပြောနိုင်တော့ပါချေ။ မေမေကတော့ သူ့အကြိုက်ဖြစ်သွားလေတော့သည်။

"အဲဒါကြောင့်မေမေပြောတာပေါ့၊ အေးအေးနေနိုင်ရဲ့နဲ့ကွယ်၊ ကိုယ့်မိဘရဲ့အရိပ်မှာနေရတာ အေးချမ်းနေရက်နဲ့ သမီးကနေပူကျဲကျဲကိုမှလျှောက်ချင်တာကိုး၊ သမီးကိုက နေကြာပန်းလို





အပူကြိုက်လွန်းတယ်၊ မေမေကတော့ ကိုယ့်သမီးလေးကို ကိုယ့်မျက်စိအောက်မှာ၊ ကိုယ့်မေတ္တာရိပ်အောက်မှာ လန်းလန်းဆန်းဆန်း၊ ငြိမ်းငြိမ်းချမ်းချမ်းနေစေချင်တာ၊ ကဲ. . အခု အပြင်လောကရဲ့အန္တရာယ်တွေ၊ အခက်အခဲတွေ၊ ရှုပ်ထွေးပွေလီမှုတွေကို သမီးကိုယ်တိုင် တွေ့ခဲ့ရပြီမဟုတ်လား"

မေမေ့စကားတွေက ရေပက်မဝင်။ ရုပ်ရှင်မင်းသမီးတစ်ယောက်လို လှပသော၊ အမူအရာကောင်းသောမေမေ့ကို မြကြိုးကြာ ငေးကြည့်နေမိပါသည်။

တစ်ချိန်တုန်းက သားအမိတွေ၊ တူဝရီးတွေ ဘဝကို ရင်ဆိုင်ရုန်းကန်ခဲ့ဖူးကြတာတွေ မေမေမေ့သွားပြီတဲ့လား။

ပြီးတော့ မေမေပြောသည့်မေမေ့မေတ္တာရိပ်ဆိုတာကြီးကလည်း အရိပ်အတုပါ။ အရိပ်စစ်မှမဟုတ်ဘဲလေ။

ဦးကျော်သွင်၏အရိပ်အောက်မှာ မေမေကိုယ်တိုင်မှီခိုနေရသူမဟုတ်ပါလား။ အသေအချာရှင်းပြလျှင် မေမေအရှက်ကွဲမည်စိုးသဖြင့် မြကြိုးကြာရှင်းမပြချင်တော့ပါ။ သို့သော် အနည်းအပါးတော့ ထုချေလွှာတင်ရပါဦးမည်။

"ဒီလောက်ကြီးလည်းမဟုတ်ပါဘူးမေမေရယ်၊ နားလည်မှုလေးလွဲသွားတဲ့ကိစ္စတစ်ခုပါ၊ အခုတော့ အားလုံးအဆင်ပြေသွားပါပြီ၊ ဒေါ်လေးကိုက အကြောက်လွန်နေတာပါ၊ ဒီတစ်ခါမေမေနေကောင်းလို့ ပြန်သွားရင် ဒေါ်လေးမလိုက်ခဲ့နဲ့တော့၊ ကြိုးကြာတစ်ယောက်တည်းပဲပြန်တော့မယ်"

"အမယ်လေး. . အမယ်လေး. . ငါအဖော်ပါတာတောင် ဒီလောက်ကမောက်ကမဖြစ်ခဲ့တာ၊ ညည်းတစ်ယောက်တည်းတော့ ဘယ်လိုမှပြန်မလွှတ်နိုင်ပါဘူးနော်၊ မမရယ်. . ဒီကောင်မလေးကို သင့်တော်တဲ့တစ်ယောက်ယောက်နဲ့သာ. . "

"ဒေါ်လေး. . "

ဧည့်ခန်းထဲမှာ မျိုးကျော်သွင်လည်းထိုင်နေသည်မို့ မြကြိုးကြာလန့်အော်လိုက်သည်။ တော်ကြာ ရေလာမြောင်းပေးတွေလုပ်နေသည်ဟု အထင်မခံနိုင်ပါ။

သူမအော်လိုက်မှ ဒေါ်လေးလည်း စကားရပ်သွား၏။

"ကဲ. . ကဲ. . သမီးတို့နားကြဦး၊ မေမေတို့ အပြင်သွားစရာရှိလို့"

●





"ဘယ်ကိုသွားမှာလဲမေမေ၊ ဆေးခန်းပြရအောင်လား"

"ဟုတ်တယ်၊ ဆေးခန်းသွားမလို့၊ အစ်ကိုကြီးလိုက်ပို့လိမ့်မယ်"

"ကြိုးကြာပါလိုက်ခဲ့မယ်မေမေ၊ မေမေ့ကျန်းမာရေးကိစ္စကို သမီးသိချင်တယ်"

မြကြိုးကြာတောင်းဆိုနေဆဲ ဧည့်ခန်းထဲသို့ ဦးကျော်သွင်ရောက်လာသည်။ အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်အရွယ်ပမယ့် ကျန်းမာသန်စွမ်းသောဦးကျော်သွင်သည် လူချော၊ လူခန့်ကြီးတစ်ဦးပါပင်။ သဘောလည်းကောင်းပုံရပါ၏။

သို့သော် ရှေးရှေးကမ္ဘာဦးအစကထုံးစံအတိုင်း မြကြိုးကြာမှာ သူ့ပထွေးတော်ကြီးကို ကြည့်လို့မရ။

"ဟော. . သမီးပြန်ရောက်လာပြီလား၊ ကဲ. . နားလိုက်ဦး၊ ဖေဖေတို့ ဆေးခန်းခဏသွားလိုက်ဦးမယ်"

ဦးကျော်သွင်က အပေါ်ယံဆန်သောအပြုံးနှင့် ပေါ့ပေါ့ပါးပါးပြောပြီး ကားဆီသို့ဆက်လျှောက်သွားလျှင် မေမေ့မှာ အမန်းကတန်းပင် သူ့နောက်သို့လိုက်သွားရသည်။

မြကြိုးကြာမှာ ထလိုက်ရကောင်းနိုးနိုး၊ ထိုင်ကျန်နေခဲ့ရကောင်းနိုးနိုးစဉ်းစားနေမိစဉ် ဒေါ်လေးက သူမတို့တူဝရီး ယခင်နေခဲ့သည့်အခန်းသို့ သွားရန်ပြင်လေ၏။

"မမတို့ကို မနှောင့်ယှက်ပါနဲ့သမီးရယ်၊ ကဲ. . လာ. . တို့တူဝရီး ပစ္စည်းပစ္စယတွေ သွားထားကြစို့၊ ရောမကိုရောက်ရင် ရောမလိုကျင့်ရမယ်၊ နဂိုနေပုံစံအတိုင်း မီးဖိုထဲမှာသွားကူရဦးမယ်"

မျိုးကျော်သွင်လည်း သူ့အခန်းသို့တက်သွားပြီမို့ မြကြိုးကြာတို့တူဝရီးမှာ သူမတို့၏အရင်နေရာ၊ အောက်ထပ်ထောင့်ခန်းသို့ ပစ္စည်းတွေသွားထားကြရသည်။

"ဒေါ်လေးရယ်. . ကြိုးကြာတော့လေ ရွှေပုံပေါ်မှာ၊ ရွှေထမင်းကြီးစားပြီး သူများကြောင့်ကြခံ မနေချင်ပါဘူး၊ ထမင်းခဲကို ငါးပိရည်ဆမ်းပြီး စားရ၊ စားရ၊ ကိုယ့်လုပ်အားနဲ့ကိုယ် ဘယ်သူ့မျက်နှာမှမကြည့်ဘဲနေချင်တာ"

"ဘာပဲဖြစ်ဖြစ်အေ. . အသတ်ခံရတော့မလိုလို၊ အရိုက်ခံရတော့မလိုလိုဘဝထက်စာရင် ဒီမှာက အန္တရာယ်ကင်းပါတယ်"





"ဟင်. . ဒေါ်လေးအယူအဆတွေ ပြောင်းကုန်ပြီလား၊ ဒေါ်လေးစိတ်တွေ ပျက်စီးကုန်ပြီထင်တယ်"

"ပြောချင်သလိုသာပြောတော့တူမရေ၊ ဒီမှာနေရတာ ဒီလောက်လည်းမဆိုးလှပါဘူး၊ ဘာပဲဖြစ်ဖြစ်အေ. . လောလောဆယ်တော့ ဒီမှာပဲ မမကျန်းမာသည်အထိ နေပေးလိုက်ကြရအောင်၊ နောက်မှ ကြည့်စီစဉ်ကြတာပေါ့"

အထုပ်အပိုးတွေကိုချခဲ့ပြီး ဒေါ်လေးမြမေခင် မီးဖိုထဲသို့ဝင်သွားလျှင် မြကြိုးကြာမှာ သက်ပြင်းချလျက်ကျန်ခဲ့သည်။

## အခန်း(၁၅)

ညနေ(၆)နာရီထိုးလျှင် ထမင်းစားခန်းသို့ မြကြိုးကြာ ထွက်ခဲ့ရသည်။

ဒါ ညစာထမင်းစားချိန်။

ဦးကျော်သွင်၏သား၊ သမီး၊ ချွေးမတွေ၊ မြေးတွေ အတတ်နိုင်ဆုံး စုံလင်စွာနှင့် ညစာပွဲတော်တည်မည့်အချိန်။

ကိုယ်က ဧည့်သည်လိုလို၊ အိမ်သားလိုလိုမို့ သူ့အိမ်ထုံးစံအတိုင်း လိုက်နာကျင့်သုံးရပေမည်။

ထမင်းစားခန်းသို့ဝင်လိုက်လျှင် မေမေနှင့်ဒေါ်လေးကို အရင်ဆုံးတွေ့လိုက်ရသည်။ ဒါလည်းထုံးစံပါပဲ။





အိမ်ဖော်မလေးနှစ်ယောက်နှင့်အတူ စိစဉ်ညွှန်ကြားပြသ း အတူလုပ်နေရသည့်မေမေနှင့်ဒေါ်လေးကို မြကြိုးကြာလှမ်း ည့်နေဆဲ ထမင်းစားခန်းထဲသို့ ဦးကျော်သွင်၏သား၊ သမီး၊ း၊ ချွေးမများ အလျို အလျိုနှင့်ရောက်လာကြသည်။

နောက် သူ့နေရာနှင့်သူ ဝင်ရောက်ထိုင်လိုက်ကြ၏။ လူ ွအားလုံးပေါင်း နှစ်ဆယ်ခန့်ရှိပေမည်။ ဦးကျော်သွင်၏အိမ် ာင်ဆက်နှစ်ဆက်မှ သား၊ သမီး(၆)ယောက်နှင့် အဆွယ် ှားတွေဖြစ်သည်။

မေမေကတော့ တတိယအိမ်ထောင်။ ရှေးခေတ်က မြို့ း နယ်စား၊ စော်ဘွားတွေလို နှစ်ထပ်တိုက်ကြီးထဲမှာ အဆောင် ယောင်၊ အခန်းအခန်းတွေနှင့်ပေမယ့် ထမင်းစားချိန်ကျတော့ ွေတွတစ်ပြုကြီးဖြစ်သွားသည်။

ဦးကျော်သွင်၏ကုမ္ပဏီတွေမှာ ဘယ်လိုတာဝန်တွေခွဲပြီး ယ်လိုဝင်ငွေရှာဖွေကြသည်တော့မသိ။

"လာလေ. . ကြိုးကြာ"

မျိုးကျော်သွင်က သူ့အနားရှိနေရာလွတ်တစ်ခုမှာ သူ ကိုထိုင်စေသည်။ ဒါ ရာထူးတိုးတာလား။

ယခင်က ခြေရင်းဘက်နေရာလွတ်တစ်ခုခုမှာဝင်ထိုင်ပြ တိတ်ဆိတ်စွာစားသောက်ခဲ့ရသည်မဟုတ်ပါလား။ မြကြိုးကြ ဝမ်းမသာနိုင်ပါ။ ဤမျှရှုပ်ထွေးပွေလီသောမိသားစုကြီးထဲမှ လည်း တစ်နေ့တစ်ရက်မှမပျော်။

မိခင်ဖြစ်သူက နှလုံးနှင့်သွေးတိုးကြောင့် အခိုက်အတ မျှလာနေပါဆို၍သာ သူမအောင့်အည်းသည်းခံပြီးနေရတော မည်။

မကြာမီ မေမေနှင့်ဒေါ်လေးပါ ဦးကျော်သွင်၏လက်ယာ ဘက်မှာဝင်ထိုင်လိုက်ကြလျှင် ထမင်းပွဲကို စတင်စားသော ကြရပါတော့သည်။

"စား. . ကြိုးကြာ"

ကြက်အသည်းလေးတစ်တွဲကို သူမပန်းကန်ထဲသို့ မျိုး ကျော်သွင်ကထည့်ပေးလိုက်လျှင် သူမရှေ့မှ မြီးကောင်ပေါ မလေးများက လက်တို့ပြီးပြုံးကြသည်။





သို့သော် ထမင်းဝိုင်းမှာ ဆူဆူညံညံတော့မပြုရပေ။ အဓိ ပတိကြီး ဦးကျော်သွင်ကို အားလုံးလေးစားကြရပါသည်။

မေမေဒေါ်မြစိမ်းခင်ကတော့ သူ့ယောက်ျားကြီးကို အရိပ် တကြည့်ကြည့်။ မယားဝတ္တရားကျေပွန်တာလား။ ဒါမှမဟုတ် သိပ်ချစ်ကြောင်းပြလိုတာလား။

ဦးကျော်သွင်၏သားသမီးအချို့က လှောင်ပြုံးပြုံးကြပြီး မြကြိုးကြာကတော့ မျက်နှာပျက်မြ။ ရှက်ရမြ။

ယခုလည်း ထမင်းအနည်းငယ်သာစားပြီး မြကြိုးကြာ လက်စသတ်လျှင် မျိုးကျော်သွင်က ဖျောင်းဖျ၏။

"ကိုယ့်ထမင်းကိုယ် ဝင်အောင်စားလေ၊ မေမေ့အပေါ် ကိုယ်ချင်းစာလိုက်ပါ၊ ဒါ ရှက်စရာမဟုတ်ပါဘူး"

သူ့အသံတိုးတိုးက သူမကြားသာရုံ။ မျိုးကျော်သွင်သည် ဦးကျော်သွင်၏ ယုံကြည်အားထားရသည့် လက်ရုံးတစ်ဆူ။

မေမေ့အပေါ် ကိုယ်ချင်းစာရမတဲ့။ မြကြိုးကြာ ဘယ်လို ကိုယ်ချင်းစာရမှာလဲ။ ပိုက်ဆံရှိလွန်းလို့ ဖျိုတိုင်းကြိုက်တဲ့နှင်းဆီ ခိုင်ကြီးကို ကိုယ့်လက်ကလွတ်မထွက်ရအောင် အရိပ်တကြည့်

ကြည့်နှင့်ယုယပြနေတာကို သူမက ဘယ်လိုကိုယ်ချင်းစာရမှာ တဲ့လဲ။

သူမဆိုလျှင်တော့ ရွှေငွေကိုလည်း မမက်လို။ ဥစ္စာပစ္စည်း တိုက်တွေ၊ ကားတွေကိုလည်း မမက်လို။

ရှုံးသည်လို့ပဲပြောပြော သစ္စာ၊ မေတ္တာတွေနှင့်သာ ဖွဲ့နှောင်ထားမည့်အိမ်ထောင်ရေးမျိုးကိုပဲ အလိုရှိသည်။ အရိပ်တကြည့်ကြည့်နှင့် ရင်မနေရမည့်ယောကျ်ားမျိုးကို သူမ အလိုမရှိပါ။

မေမေကတော့ သူ့ယောကျ်ားကြီးကို ပါးစပ်ထဲခွံ့ကျွေးရတော့မတတ် ယုယပြရင်း ကိုယ်ထမင်းစားဖို့မေ့နေသလားပင်။

မြကြိုးကြာ ထမင်းဝိုင်းမှအစောဆုံးထလိုက်သည်။ တော်ပြီ။ ရင်ပြည့်သွားပါပြီ။ သည်တော့လည်း မေမေနှင့်ဒေါ်လေးက သူမကိုလှမ်းကြည့်၊ စိုးရိမ်ဖော်ရကြပါသည်။

“ဟင်. . သမီး. . တော်ပြီလား၊ စားလို့မကောင်းဘူးလား”

“ကောင်းပါတယ်၊ ကြိုးကြာ ဝသွားပါပြီ”

အားလုံး၏ရှေ့မှ ကြိုးကြာ ခေါင်းငုံ့ပြီးထွက်လာခဲ့၏။





ကိုယ့်အခန်းရှိရာသို့လည်း ပြန်မသွားလိုသေးသဖြင့် အိမ်ရှေ့လမ်းမပေါ်သို့လမ်းလျှောက်ရန် ထွက်လာခဲ့မိသည်။

မေမေနေမကောင်းတာလည်း အလှမပျက်၊ အဝမပျက်။ မေမေ့မှာ ဘာအကြံအစည်တွေများရှိနေသလဲ။ မျိုးကျော်သွင်နဲ့များ ငါ့ကို. . .။ အိုလေ. . သူကလည်း ဖိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကြီးပါပဲ။

ဒါဖြင့် မေမေ့မှာ ဘာတွေကြံစည်နေပါလိမ့်။ လမ်းကလေးထဲမှာ မြကြိုးကြာ အတွေးတွေနှင့်လမ်းလျှောက်နေမိစဉ် လူတစ်ယောက်က သူမကိုဝင်တိုက်လိုက်၏။

“ဟင်. . ဒေါက်တာ. . ”

“အို. . ကိုရွှေစင်ပါလား”

တစ်ယောက်ကိုတစ်ယောက် အံ့အားသင့်စွာကြည့်နေရာမှ မြကြိုးကြာက အရင်သတိရလိုက်သည်။

“ကျွန်မနေတာ ဒီလမ်းထဲမှာပဲ၊ ကိုရွှေစင်ရော ပျောက်သွားလိုက်တာ၊ အခု ဘယ်မှာနေသလဲ၊ ဘာတွေလုပ်နေလဲ၊ မြို့ကို မပြန်တော့ဘူးလား”

ငယ်ပေါင်းကြီးဖော်တွေလို စကားတွေက အလျဉ်မပြတ်။ ရွှေစင် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငွေစင့်ဒဏ်ရာရော သက်သာရဲ့လား၊ ကျွန်တော်လည်း မြို့ကိုပြန်ချင်လှပါပြီ၊ သူများအိမ်မှာနေရတာ မလွယ်ပါဘူး၊ ဒါပေမယ့်. ."

ရွှေစင်က စကားမဆက်ဘဲရပ်ထားလျှင် ကြိုးကြာနား ထောင်နေရသည်။ အတန်ကြာသည်အထိ သူက စကားမဆက်။ သူမ အားနာရပါသည်။ ဟိုမှာတုန်းကတော့ ကိုယ်ဟာ သူ့အိမ်မှာတည်းခဲ့၊ ခိုခဲ့ရသည်မဟုတ်ပါလား။

"ကျွန်မလည်း အိမ်ကိုခေါ်ထားချင်ပါတယ်၊ ဒါပေမယ့် ကျွန်မတောင် ပထွေးအိမ်မှာကပ်နေရတာ၊ ကိုရွှေစင် ငွေလိုရင် ပြောလေ၊ ကျွန်မ နည်းနည်းတော့ပေးနိုင်ပါတယ်"

"ငွေလိုတာထက် ကျွန်တော် အလုပ်တစ်ခုခုလုပ်ချင် တယ်၊ အလုပ်မဝင်ရသေးခင် ထမင်းစားဖို့အလုပ်တစ်ခုခုလိုချင် ကယ်ဗျာ၊ ဒေါက်တာက ဒီမြို့ခံဆိုတော့ အလုပ်တစ်ခုခုများ စီစဉ်ပေးနိုင်မလားပဲ"





"ဘာဖြစ်လို့မပြန်တာလဲ၊ ဟိုမှာဆို အားလုံးအဆင်ပြေ နေတာမဟုတ်လား"

"ဒါတော့ဒါပေါ့ဗျာ၊ ဒါပေမယ့် မြို့ကိုမပြန်ချင်ဘူး၊ အလုပ် ကလည်း မဝင်ရသေးဘူးဆိုတော့ ကြုံရာအလုပ်တစ်ခုခုလုပ်မှ ဖြစ်မယ်"

"ကျွန်မရှာကြည့်ဦးမယ်လေ၊ ဟုတ်ပြီလား၊ နောက်လေး ငါးရက်လောက်ကြာရင် အိမ်ကိုလာခဲ့၊ ရော့. . လိပ်စာ"

နှစ်ယောက်သားလမ်းခွဲကြပြီး မြကြိုးကြာ အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။ မေမေ့ကျန်းမာရေးအခြေအနေကို သူမ ဂတ်သမျှ၊ မှတ်သမျှစစ်ဆေးကြည့်ရဦးမည်။

သို့သော် ခက်သည်က ဦးကျော်သွင်ကြီး၏အလစ်ကို ချောင်းချောင်းနေရလို့ပဲဖြစ်ပါသည်။

ကိန္နရီမောင်နှံလို အမြဲတတွဲတွဲရှိပြီး လည်ချင်းယှက်နေ ကြတာကို မြကြိုးကြာကြည့်လို့မရ။ အလကား. . အပိုတွေ။ ရာမာယာတွေ။ ဒီလိုလုပ်ပြနေတာဟာ အချစ်မဟုတ်ပါဘူး။

မကျေမနပ်အတွေးနှင့်ပင် အိမ်သို့ပြန်ရောက်သည့်အခါ

ထုံးစံအတိုင်း မေမေ့အနားမှာ ဦးကျော်သွင်ကြီးကိုပါ အတွဲလို
တွေ့လိုက်ရသဖြင့် မြကြိုးကြာမှာ ကိုယ့်အခန်းထဲသို့သာ မဝ
မဖြစ် ဝင်လိုက်ရပါတော့သည်။



## အခန်း(၁၆)

ဘာဖြစ်လို့ မေမေနဲ့ နှစ်ယောက်ချင်းတွေ့ရဖို့ အခွင့်အရေးဟာ ဒီလောက်ခဲယဉ်းနေရတာလဲ။ ဦးကျော်သွင်ကြီးမှာ အလုပ်တွေများနေလို့လား။ မေမေ အသည်းအသန်ဖြစ်ဖူးလို့များ အနားကမခွာတာလား။

ကိုယ်တိုင် ဆရာဝန်တစ်ယောက်ဖြစ်ပေမယ့် မြကြိုးကြာမှာ ကိုယ့်မေမေကို စမ်းသပ်ခွင့်မရသေးပါ။

ပိုက်ဆံရှိသည့်သူဌေးတွေပီပီ ပါရဂူကြီးတွေရှိရာ ဆေးခန်းရောမကြီးမှာသွားပြပြီး ပါရဂူကြီးတွေနှင့်မှကုသသဖြင့် မြကြိုးကြာ မေမေ့ကိုကုသခွင့်မရ။

စာရွက်စာတမ်းတွေ၊ ဆေးကုသချက်တွေကိုကြည့်ချင် ပြန်တော့လည်း ဦးကျော်သွင်က အသက်လောက်မြတ်နိုးစွာ သိမ်းဆည်းထားပါသတဲ့။

မေမေဆိုသည့်မေမေကလည်း သူ့ယောက်ျား၏ရှေ့မှာ ယမင်းရုပ်လေးတစ်ရုပ်လို၊ ရုပ်သေးရုပ်တစ်ရုပ်လို ပြုံးပြုံးလေး နှင့် အငြိုငြင်မခံလိုသူမို့ မြကြိုးကြာအသည်းယားလှပါသည်။

အချိန်ပြည့် တတွဲတွဲနေတာကြီးဟာ သူမကိုများ တမင် အရွဲ့တိုက်နေလေသလား။ ပထွေးကြီးရှိလျက်နှင့်လည်း သူတို့ ၏အိပ်ခန်းကို မြကြိုးကြာ လုံးဝမဝင်လိုပါ။

သေတောင်မဝင်ဘူး။ မေမေကလည်း သူ့ယောက်ျား အနားက ဘာဖြစ်လို့များ တစ်ဖဝါးမှမခွာပါလိမ့်။

အိမ်မှာရောက်နေသည့်သုံးရက်လုံးလုံး သူမမှာ မေမေ့ကို သာ အဝေးမြင်၊ အဝေးကြည့်ဖြင့် ရင်မောနေရပါလေ၏။

ဦးကျော်သွင်ကသာ နေ့တိုင်းနေ့တိုင်း ဆေးခန်းပြပေး ခြင်း၊ မေမေစိတ်ချမ်းသာအောင် ဟိုဟိုဒီဒီပို့ပေးခြင်းများ ပြု လုပ်နေခဲ့သည်။

---





အင်းလေ. . မေမေကျန်းမာနေရင် ပြီးတာပါပဲ။ နှလုံး ရောဂါ၊ သွေးတိုးရောဂါဆိုတာကလည်း အခက်သား။ အခု ကောင်းနေပေမယ့် မကောင်းရင်လည်း ချက်ချင်းပဲမဟုတ်လား။

သူမဟာ ဆရာဝန်တစ်ယောက်မို့ မေမေ့ကို အရေးပေါ် ကုသခွင့်ရဦးမှာပါဟုသာ ကိုယ့်စိတ်ကိုဖြေပြီး မြကြိုးကြာအသင့် ဖြင့်ထားရပါသည်။

ဒေါ်လေးကတော့ အရင်ကဒေါ်လေးမဟုတ်တော့သည့် နယ်။ သည်စံအိမ်ကြီးမှာ ချက်က၊ ပြုတ်က၊ စားက၊ သောက် ကနှင့် အိမ်တော်စိုးရာထူးကို ကျေနပ်နေပြန်သည်။

သည်နေ့လည်း ညစာထမင်းစားပြီးသည်နှင့် အိမ်ဘေးရှိ ပန်းညက်ပင်ရိပ်မှာ မြကြိုးကြာထွက်ထိုင်နေမိသည်။ လူအများ ဝေးကြသည့်ဧည့်ခန်းထဲမှာလည်း တီဗီတွေ၊ ဗီဒီယိုတွေကြည့် နေချင်ပါ။ မွန်းကျပ်လှပါသည်။

ဒေါ်လေးကလည်း ဒီအချိန်အားမှာမဟုတ်သေး။ မေမေ ကလည်း သူ့ယောက်ျားကြီးနှင့် လေးဆယ်ကျော်အချစ်ကို ပြန် သည်အရောင်တင်နေလိမ့်မည်။

---

အင်း. . ငါ မေမေ့အိမ်ရောက်တာ သုံးလေးရက်လောက် ရှိပြီ။ မေမေစိတ်ချမ်းသာအောင် ဆယ်ရက်လောက်တော့နေ ပေးလိုက်မယ်။ မေမေ့ကျန်းမာရေးကိုစောင့်ကြည့်လိုက်မယ်။ ပြီးရင် ပြန်တော့မယ်။ ဒေါ်လေးမလိုက်လည်း နေပါစေတော့။

အင်း. . ကိုရွှေစင်ရှာခိုင်းတဲ့အလုပ်လည်း မမေးရသေးပါ လား။ မျိုးကျော်သွင်ကိုမေးရလျှင် ကောင်းမည်လား။

ဒီအိမ်ကိုရောက်သည့်ရက်များအတွင်း သူမက အခန်း အောင်းနေခဲ့သဖြင့် သူနှင့်လည်း ညထမင်းစားချိန်မှာသာ ခဏ လေးတွေ့ရ၏။

ကိုငွေစင်ရော. . ရင်ဘတ်ကဒဏ်ရာကျက်သွားပြီလား။ ငွေစင့်ကိုတွေးလိုက်မိလျှင် မြကြိုးကြာရင်ထဲမှာ နင့်ကနဲဖြစ်အောင် ပင် သနားကြင်နာသွားမိသည်။

သူဟာ လူသားဆန်တယ်။ လူစိတ်ရှိတယ်။ ကြင်နာတတ် တယ်။ အနစ်နာခံစိတ်လည်းရှိတယ်။ ငါ့ကိုလည်း တိတ်တန်း စွဲလမ်းချစ်ခင်နေပုံပဲ။

"အို. . အမေ့. . "





သူမထိုင်သည့်ခုံတန်းလေးမှာ ပူးကပ်ထိုင်လာမှုကြောင့် သူမလန့်သွားလျှင် မျိုးကျော်သွင်က ခပ်တိုးတိုးရယ်သည်။

"ဘာတွေတွေးနေတာလဲကြိုးကြာ၊ ရင်ထဲမှာဘာတွေခံစား နေရသလဲ၊ ကိုယ့်ကိုပြောလေ၊ ဘာလဲ. . မေမေ့ကျန်းမာရေး အတွက် စိတ်ပူနေတာလား၊ အကောင်းဆုံးဆေးခန်းမှာ ပြနေ တာပါကွာ၊ ကိုယ့်ဖေဖေက ယူ့မေမေကို တော်တော်ဂရုစိုက်ပါ တယ်၊ အသေမခံပါဘူး"

သူပြောနေပုံက ကပျက်ကချော်ဖြစ်နေလျှင် မြကြိုးကြာ မခံနိုင်ပါ။

"မေမေက အန်ကယ့်ထက်ငယ်တာပဲ၊ ချောလည်းချော တယ်၊ သူဂရုစိုက်တာ ဆန်းသလား၊ နောက်ထပ် ဒါမျိုးဘယ်တွေ့ တော့မလဲ"

သူမ၏စကားကို မျိုးကျော်သွင်က ပခုံးတွန့်ပြပါလေ၏။

"မှားတယ်. . လောကမှာ ငွေပဲ၊ ဖေဖေ့အတွက် မိန်းမ

ရွှေစကားစာပေ

မရှားပါဘူး၊ ဖေဖေလိုချင်ရင် အသက်နှစ်ဆယ်လည်းရတယ်၊ ယူ့မေမေကို ဖေဖေကတကယ် ချစ်လို့ပါ၊ ဒါတော့ ယူ ဝန်ခံ. . "

မျိုးကျော်သွင်နှင့်စကားမများချင်သဖြင့် မြကြိုးကြာမကျေနပ်သော်လည်း ရေငုံနေလိုက်သည်။ သွားပါပြီ။ ပုန်းညက်ရိပ်မှာ စိတ်တွေဖြေလျှော့မလို့ဟာ သူရောက်လာတာနှင့် စိတ်တွေနောက်ကျိသွားခဲ့ရပါပြီ။

သူထိုင်တာ နီးကပ်လွန်းနေသော်လည်း သူမမှာ တိုးစရာနေရာမရှိတော့။ နေရာမှထဖို့ပြင်နေစဉ် ရွှေစင့်ကိုသတိရသဖြင့် မြကြိုးကြာ သူ့ကိုမေးမြန်းရပြန်၏။

"ကျွန်မမိတ်ဆွေတစ်ယောက်က လောလောဆယ် အလုပ်တစ်ခုခုလုပ်ချင်လို့တဲ့၊ ရှင့်မှာ အလုပ်ပေးစရာရှိလား"

"မိတ်ဆွေ. . ဒါဆို သူလည်း ဆရာဝန်ပေါ့ဟုတ်လား"

"အို. . ဆရာဝန်ဖြစ်မှ ကျွန်မမိတ်ဆွေလားရှင့်၊ ဆရာဝန်တော့မဟုတ်ပါဘူး၊ သူကလည်း. . "

မြကြိုးကြာ ဘာဖြစ်လို့ညာမိမှန်းပင်မသိပါချေ။ ရွှေစင်ဟာ ဆရာဝန်ဖြစ်မယ့်သူပဲမဟုတ်လား။ သို့သော် သူမညာမိသည်မှာ ဘာဖြစ်လို့ပင်မသိ။





"ပြောလေ. . ဘာဖြစ်လဲ၊ ဘာအလုပ်ပဲဖြစ်ဖြစ် လုပ်မှာလား သူက. . "

"အင်း. . လုပ်မယ်ထင်တယ်"

"ဒါဆို အိမ်မှာ ခြံစောင့်လုပ်ဖို့လူလိုတယ်၊ ညဘက်မသင်္ကာစရာလူတစ်ချို့တွေ့ရတဲ့အတွက် ခြံစောင့်လိုချင်တယ်"

"အယ်. . "

သူ တကယ်ပင်ပြောသလား။ ခြံရှေ့မှာ မသင်္ကာစရာလူတွေတွေ့တယ်ဆိုတာရော တကယ်လား။ ဘုရားရေ. . ဟိုလူနှာကောင်မလေးရဲ့အဆက်အသွယ်တွေတော့ မဖြစ်ပါစေနဲ့။

ကိုရွှေစင်ကရော. . ခြံစောင့်လုပ်ချင်ပါ့မလား။ အတွေးတွေနောက်လာသဖြင့် မြကြိုးကြာထိုင်ရာမှထဖို့ပြင်လျှင် မျိုးကျော်သွင်က သူမ၏လက်ကိုဆွဲထားလိုက်သည်။

သူ့အတွက်တော့ ဒါ မဆန်း။ ညီမတွေ၊ တူမတွေနှင့်လည်းသည်လိုပဲ လက်ပွန်းတတီးနေနေကျမို့ မြကြိုးကြာခွင့်လွှတ်ရတော့မလိုလို။

"နေဦးကြိုးကြာ. . မင်းကို ပြောစရာတစ်ခုရှိလို့"

"ပြောပါ၊ ဒါပေမယ့် လက်ကိုတော့လွှတ်"

"လက်ကလေးကိုင်တာများကွာ၊ ဒီလိုလေ. . ကိုယ့်မှာ မျက်သွယ်နဲ့ပြတ်သွားတာ ယူသိတယ်နော်၊ လောလောဆယ် ကိုယ့်မှာ အတွဲမရှိဘူး၊ ညကျရင် ညှော်ခံပွဲတစ်ခုသွားစရာရှိတာ ယူ အဖော်လိုက်ခဲ့ပါလား"

"ဘာ. ."

သူ့မှာ လောလောဆယ်တွဲစရာမရှိတာနှင့် သူမက လိုက်ရတဲ့။ တော်တော်ပေါ့ပျက်တဲ့စကားပဲ။ ထောင်းကနဲဒေါသထွက်သွားမှုကို မျိုချလိုက်သော်လည်း ဒေါသတွေက လည်ချောင်းမှာ တစ်ဆို့လျက်။

"မရှိုင်းနဲ့လေ၊ ကိုယ်က ယူ့ကိုလက်ထပ်ဖို့ရည်စူးပါတယ်၊ ဖေဖေကလည်း သဘောတူမှာပါ၊ ယူ့မေမေကတော့ ပြောမနေနဲ့တော့"

သူ့စကားတွေက ကိုယ့်ကိုစော်ကားသလိုဖြစ်နေလျှင် မြကြိုးကြာ ဆတ်ဆတ်တုန်စွာထရပ်လိုက်သည်။ သို့သော် သူပါ ထရပ်လိုက်သဖြင့် သူမတို့အသွင်က ရင်ချင်းအပ်တော့မတတ်။





"မျိုးကျော်သွင်. . နင်. . နင်. ."

"ဟောဗျာ. . ကိုယ့်ထက် တစ်ရက်၊ တစ်မနက်ကြီးတဲ့သူ ...ို ရှိသေရတယ်ယူရဲ့၊ ကိုယ်က မင်းထက် နှစ်နှစ်လောက်ကြီး ...ယ်၊ မူမနေနဲ့နော်၊ ကိုယ်ရွေးချယ်ချင်ရင် မိန်းကလေးတွေ ...န်းစီနေတာပဲ၊ ကိုယ်က မင်းလိုတည်ကြည်ငြိမ်းချမ်းတဲ့၊ ရိုးသား ...ဖြစ်တဲ့မိန်းကလေးမျိုးကို ပိုပြီးနှစ်သက်လို့ပါ၊ အချင်းချင်းတွေ ...ိတော့ ပိုကောင်းတာပေါ့ကွာ"

သူ့ပုံစံက နောက်နေသလိုပင်။ မချိုမချဉ်အပြုံးက သရော် ...ဘော်တော်။ သူ့ကို စိတ်ဆိုးရမှာလား။ ဒါနောက်နေတာလား။ ...ို့သော် ကိုယ်က တည်ကြည်သူမြန်မာမိန်းကလေးတစ်ယောက် ...မို့ ဒီလိုပေါ့ပျက်သည့်စကားတွေကိုလက်မခံနိုင်။

"ဝမ်းနည်းပါတယ်မျိုးကျော်သွင်၊ နင့်ကို မောင်ဘွားတစ် ...ယောက်လိုပဲ သဘောထားလို့ရတယ်၊ ငါတို့တွေ စရိုက်ချင်းလည်း ...ူဘူး၊ အသိုင်းအဝိုင်းချင်းလည်းမတူဘူး"

"ကိုယ်က ယူ့ကိုအခွင့်အရေးပေးနေတာနော်၊ ကိုယ့်မှာ

ရွှေးချယ်စရာတွေအများကြီး၊ ယူ့မေမေကလည်း တောင်းမ
ထားလို့. . ”

“ဘာ. . ”

မေမေ့နှယ်။ အေးလေ. . သူ့အတွေးနဲ့သူတော့လည်း မျိုးကျော်သွင်ဟာ မက်စရာရွှေမင်းသားတစ်ပါးပေါ့။

“ဘာပဲဖြစ်ဖြစ် ဖေဖေပြီးရင် ဒီလုပ်ငန်းတွေ ကိုယ်ပဲဦးစီး ရမှာမဟုတ်လား၊ ယူ့မေမေက အမြော်အမြင်ရှိတယ်၊ သူကလည်း ကျန်းမာရေးမကောင်းတော့ ယူတို့ ဒီကနေလွင့်စင်ထွက်သွားမှာ စိုးရိမ်ပုံရတယ်”

မေမေ့သောကကို စာနာနိုင်သော်လည်း မျိုးကျော်သွင် စကားတွေက ဓားမြည့်မြည့်နှင့်ထိုးဆွနေသည့်နှယ်။ သူမကလည်း အပြုံးမပျက် ပြန်လည်တိုက်ခိုက်လိုက်သည်။

“မလိုပါဘူး၊ ဒီအတွက် ဘာမှမစိုးရိမ်ပါနဲ့၊ ငါ့မှာ ပညာ အမွေရှိပြီးသားပါ၊ အလုပ်လည်းရပြီ၊ တကယ်တော့ မေမေ့ အတွေးတွေ၊ အမြင်တွေလွဲနေတာပါ၊ မိခင်မေတ္တာပေါ့လေ ငါက ကိုယ့်အားကိုယ်ကိုးပြီး လောကထဲမှာရှင်သန်ချင်တယ်





လောကရဲ့အကျိုးကို သယ်ပိုးချင်တယ်၊ မေမေကတော့ ငါ့ကို အလှမွေးငါးကလေးလို မှန်ပုံးထဲမှာ အချိန်တန် ရေပေး၊ အစာ ကျွေးနဲ့ အသင့်နေစေလိုတယ်၊ တို့သားအမိရဲ့အမူအကျင့်နဲ့ အတွေးအခေါ်ခံယူချက်တွေက တစ်ခြားစီပဲ၊ ကဲ. . နင့်ကိုလွတ် လပ်ခွင့်ပေးပါတယ်နော်၊ နင့်ချန့်(စ်)ကို တစ်ခြားကောင်မလေး တွေကိုပဲ မေးလိုက်ပါ၊ ငါ့အတွက်မလိုဘူး၊ လုံးဝပဲ”

ကိုယ့်ကိုယ်ကိုအထင်ကြီးလွန်းသည့် ရွှေမင်းသားတော့ တော်တော်အောင့်သွားပုံရသည်။ သူကလည်း ပြန်လည်ချေပ ပါ၏။

“နင့်ဘဝအတွက် တိုက်တွေ၊ ကားတွေ၊ စိန်၊ ရွှေ ငွေတွေ မလိုအပ်ဘူးလား”

“မလိုအပ်ဘူး၊ ငါ့ကိုယ်ပိုင်အစွမ်းအစနဲ့ ထိုက်တန် သလောက်ပဲ ငါယူမယ်၊ ကဲ. . ကျန်ခဲ့တော့၊ ငါသွားပြီ၊ ဆွေးနွေး စရာဘာမှမကျန်တော့ဘူးနော်၊ ပြီးပြီ. . ”

မျိုးကျော်သွင်ကိုထားခဲ့ပြီး မြကြီးကြာအိမ်ထဲသို့ဝင်လာ

လျှင် ညှိခန်းထဲမှာ တီဗီကြည့်နေကြသည့်ပရိသတ်က ပြုံးစေ့စေ့နှင့် လှည့်ကြည့်ကြသည်။

သူတို့အထင်မှာ သူမက သူတို့၏မျိုးကျော်သွင်ကို မျှားယောင်းနေသည်လို့များ ထင်နေသလားပင်။ မေမေ့ကို မြကြိုးကြာသတိရမိပေမယ့် ယခုအချိန်လောက်ဆို သူ့အခန်းထဲမှာ ဦးကျော်သွင်ကြီးပါရှိနေမှာမို့ မေမေ့ကိုလည်း သွားမကြည့်တော့ပါချေ။

ဒေါ်လေးကတော့ မီးဖိုချောင်ကိစ္စများကို စီမံဖန်တီးပေးလို့ပြီးမှ အခန်းထဲသို့ ဝင်လာပေမည်။

ဆေးစာအုပ်တစ်အုပ်ကိုဆွဲယူဖတ်ရှုရင်း ဒီအိမ်မှာနေရတာ အကျဉ်းထောင်တစ်ခုနှင့်တူနေရသည်ဟု သူမခံစားနေရလေတော့သည်။





## အခန်း(၁၇)

"ဟင့်အင်း. . ကျွန်မ မယုံနိုင်ဘူး၊ ကျွန်မ မယုံဘူး"

လှပလွန်းသည့်အိပ်ယာထက်မှာ လှပစွာမေမေအိပ်ပျော်နေသလား။ တကယ့်ရွှေနန်းထက်ကသလွန်ပေါ်မှာ အိပ်ပျော်နေသည့်ဘုရင်မတစ်ပါး၏အသွင်။

"ညဦးပိုင်းက သူစောစောအိပ်သွားတော့ အိပ်ချင်လို့ပဲမှတ်တာ၊ အခု ညလယ်ခေါင်မှာနိုးလာပြီး အန်ကယ့်ကိုနှိုးတယ်၊ သူ ဘာမှမခံစားလိုက်ရပါဘူးကွယ်၊ အန်ကယ်နိုးသွားပြီး ထိုင်ထိုင်ချင်းပဲ သူအိပ်ယာပေါ်ပြန်လဲကျသွားခဲ့တယ်၊ ချက်ချင်းပဲဆရာဝန်ကြီးကိုပြေးပင့်၊ ကလေးကိုလည်းနှိုး. ."

ဦးကျော်သွင်အိပ်ခန်းထဲမှာ မေမေ့ကိုကုပေးနေသည့် ဆရာဝန်ကြီးလည်းပြန်သွားခဲ့ပါပြီ။ ဦးနှောက်အကြောမကြီး ပြတ်သတဲ့။

လောလောဆယ် သူတို့အခန်းထဲမှာ မြကြိုးကြာနှင့်ဒေါ်လေး ပဲရှိတော့သည်။ ဦးကျော်သွင်က သူ့အခန်းထဲသို့ လူအများမဝင် စေချင်လို့ပဲဖြစ်ရမည်။ သူ့သား၊ သမီး၊ မြေးတွေဝင်မလာကြပါချေ။

အိမ်ထဲမှာတော့ ပုရွက်ဆိတ်အုံကို တုတ်နှင့်ထိုးထားသည့် နှယ်။ ဦးကျော်သွင်က မြကြိုးကြာကိုအရေးတယူရှင်းပြနေသော် လည်း သူမ လက်သင့်မခံနိုင်သလို နှလုံးနှင့်သွေးတိုးဟာ အန္တရာယ်ရှိကြောင်း ဆရာဝန်မတစ်ယောက်မှ သူမသိပါသည်။ သို့သော် နာမည်ကြီးဆေးခန်းတစ်ခုမှာ ပါရဂူတွေနှင့်ကုသနေ သည်မို့ မြကြိုးကြာမှာ အရိပ်အခြည်စောင့်ကြည့်နေရရုံ။

ကိုယ့်အမေဆိုပေမယ့် သူမမှာ နားကြပ်ကလေးတစ်ချက် လည်းထောက်ခွင့်မရ။ အနားလည်း ကပ်ခွင့်မရခဲ့။

မျက်မှန်းကျိုးလှသည့်ပထွေးတော်ကြီးနှင့် ဆယ့်နှစ်ရာသီ





ဘစ်ပူးကပ်ကပ်မို့ သူမမှာ ကိုယ့်အမေအနားသို့မကပ်ခဲ့လေသမျှ သခုသေကာမှ ယူကြုံးမရဖြစ်ရတော့သည်။

မေမေ့ရင်ဘတ်ပေါ်မှာ ခေါင်းတင်ရင်း သူမမျက်ရည်ဖြိုင် ဖြိုင်ကျနေမိသည်မှာ အသည်းတွေ၊ အူတွေ၊ ကလီစာတွေအား လုံးအရည်ပျော်ကျနေသည့်နှယ်။

ရင်ထဲမှာ ပူဆွေး၊ သောကဗျာပါဒတွေနှင့် တစ်ကိုယ်လုံး ပူလောင်၊ နောင်တတွေရနေမှုကြောင့် မြကြိုးကြာနေရာမှာ ရပ် တည်ဖို့မတတ်နိုင်တော့ဘဲ မေမေ့အနားမှာ လျှောကနဲခွေကျပြီး သတိမေ့လျော့သွားတော့သည်။

"အင်း . ."

သူမသတိရသောအခါ လှပသောအခန်းတစ်ခုထဲမှာ ရောက်ရှိနေခဲ့သည်။ အခန်းက တကယ့်အကောင်းစား၊ အလှစားပစ္စည်းများဖြင့် ဆင်ယင်မွမ်းမံထားလိုက်သည်မှာ မင်္ဂလာအိပ်ခန်းတစ်ခုသဖွယ်။

ဒါ ဘယ်သူ့အခန်းလဲ။ အဆင့်မြင့်ဆေးခန်းတွေဟာလည်း ယခုလို မင်္ဂလာအိပ်ခန်းတစ်ခုလောက်နီးပါး ဆင်ယင်ခင်းကျင်းထားမည်မဟုတ်။

"ဒေါ်လေး . . ဒေါ်လေး . . "

ဒီအခန်းဟာ သူမတို့နေရသည့် အောက်ထပ်ထောင့်ခန်း မဟုတ်တာတော့ သေချာ၏။





"ကလေး . . သတိရပြီလား"

အသံနှင့်အတူ ဦးကျော်သွင်အနားသို့ရောက်လာမှုကြောင့် မြကြိုးကြာလန့်ဖြန့်ပြီး ထထိုင်လိုက်မိသည်။

"ရှင် . . ရှင်နဲ့ဘာဆိုင်လို့လဲ"

ဟုတ်တယ်လေ။ မယားပါသမီးတစ်ယောက် စိတ်ထိခိုက်ပြီး မူးမေ့လဲကျသတိလစ်သွားတာ သူနှင့်ဘာဆိုင်သနည်း။

ဦးကျော်သွင်က သူမ၏ကုတင်အနီးရှိ ကုလားထိုင်ပေါ်မှာ ညင်သာစွာထိုင်လိုက်သည်။

"ဆိုင်တာပေါ့ကွယ်၊ မြစိမ်းခင်ဟာ အန်ကယ်လက်ထပ်ထားတဲ့မယားပဲ၊ ဒီတော့ မင်းဟာ အန်ကယ်နဲ့ဆိုင်တာပေါ့၊ စိတ်ပူလို့လာကြည့်တာပါ၊ ရန်မလိုပါနဲ့ကွယ်၊ တို့တွေဟာ တစ်လှေတည်းစီးနေတဲ့သူတွေပါ"

သူ့စကားတွေကို မြကြိုးကြာဘဝင်မကျ။ နေရာမှထပြီး ထွက်သွားဖို့သာပြင်လိုက်သည်။

သည်လူကြီးဟာ မေမေရှိတုန်းကဆို မြကြိုးကြာကို စေ့

စေ့ပင်မကြည့်။ ဂရုစိုက်ဖို့ဆိုတာ ဝေလာဝေး။ ယောကျ်ားတို့ရဲ့ ပရိယာယ်ဆိုတာ ဒါလား။ သူတို့စိတ်က ဘယ်လိုလဲ။

ပထွေးနှင့်မယားပါသမီးမို့ သူမ ဦးကျော်သွင်ကိုကြည့်လို့လည်းမရ၊ ယုံလည်းမယုံကြည်ရဲ။

“ဒါ မြကြိုးကြာရဲ့အခန်းပါ၊ အောက်ထပ်မှာ လူဝင်လူထွက်တွေရှုပ်နေမှာမို့ ကလေးကို ဒီအပေါ်ထပ်မှာပဲ ထားလိုက်မယ်”

သူ့စကားကို မြကြိုးကြာမလိုက်နာနိုင်ပါ။ သူဟာ ကျားကြီးပဲ။ မိန်းမတွေတစ်ယောက်ပြီးတစ်ယောက်ယူနေသည့်လူကြီး။

ယခု မေမေသေတာတောင် သူ့ပယောဂကောင်းရဲ့လား မသိ။

“ကျွန်မ မနေနိုင်ဘူး၊ အောက်ထပ်မှာပဲ ဒေါ်လေးနဲ့နေမယ်”

“ဒေါ်လေးပါ ဒီအခန်းထဲခေါ်ထားပါ၊ အောက်ထပ်အခန်းက ကိုယ့်ဒရိုင်ဘာနေမယ်”

“ဒရိုင်ဘာက အစကဘယ်မှာနေလို့လဲ”





“အစကဒရိုင်ဘာ မဟုတ်တော့ဘူး၊ အခုဒရိုင်ဘာက အသစ်၊ စကားများလိုက်တာဘေဘီရယ်၊ ဒီမှာပဲနေလိုက်ပါ၊ ကဲ. . နားလိုက်ဦး၊ အန်ကယ် ဘေဘီ့မေမေအတွက် သွားပြီး စီစဉ်လိုက်ဦးမယ်”

သူမ၏ခေါင်းကိုတစ်ချက်ပွတ်သပ်ပြီး ဦးကျော်သွင်ထွက်သွားလျှင် မြကြိုးကြာမှာ မျက်ရည်ပူတွေတလိမ့်လိမ့်စီးကျလာသည်။

မေမေဆုံးပါးသွားသည့်အတွက် သူမတို့တွင်ရှိသော ပူဆွေးသောကရောက်ပြီး သည့်အိမ်သားတွေကတော့ ရယ်ကာမောကာ။

ယုတ်စွအဆုံး ဦးကျော်သွင်ပင်လျှင် ရုပ်မပျက်လှ။ အင်းလေ. . သူကတော့ တစ်ယောက်သေလျှင် နှစ်ယောက်ထပ်ယူမည့်လူစားမဟုတ်ပါလား။

အင်း. . ထိုနောက်ထပ်ယူမည့်အထဲ ကိုယ်မပါအောင်ကြိုးစားရမည့်အပေါက်ပဲ။ တော်တော်မျက်နှာပြောင်သည့်

လူကြီး။ အို . . ငါပြန်မှာပေါ့။ သူနဲ့ဘာမှပတ်သက်စရာမရှိတော့ဘူး။

အတွေးနှင့် စိတ်သက်သာရာရသွားပြီး သူမ အိပ်ယာကုတင်ထက်မှထထိုင်စဉ် အခန်းထဲသို့ ဒေါ်လေးဝင်လာသည်။

"ကြီးကြွာသတိရပြီဆိုလို့ လာကြည့်တာ၊ မမကို အောက်ထပ်မှာပြင်ဆင်နေကြပြီ၊ မနက်ဖြန် သင်္ဂြိုဟ်မယ်တဲ့"

မျက်ရည်စက်လက်နှင့် ဒေါ်လေးရုပ်က ကြေကွဲညှိုးချုံးကျနေလျှင် တူဝရီးနှစ်ယောက်ဖက်ပြီး ငိုပွဲဆင်မိကြသည်။

ထိုစဉ် ဦးကျော်သွင်အခန်းထဲသို့ဝင်လာသည်။ ဩော် . . သူ့အခန်းနဲ့ကပ်လျက်ကိုး။ သူက မေမေသေဆုံးခဲ့ရာ မင်္ဂလာအခန်းတွင်မနေတော့ပြီဖြစ်မည်။

သူ့ ယခုလို တံခါးမရှိ၊ ဓားမရှိဝင်ထွက်နေတာကြီးကို မြကြိုးကြာမကြိုက်ပါ။ သို့သော် သူ့အိမ်မို့ မဟန့်တားသာဖြစ်နေရပြန်သည်။

"စိတ်ကိုဖြေပါမြမေခင်၊ ကလေးပိုပြီးဝမ်းနည်းနေလိမ့်မယ်၊





သတ္တဝါတိုင်း ကြုံရမယ့်လမ်းစဉ်ပဲမဟုတ်လား၊ သေခြင်းတရားဘာ လူတိုင်းလျှောက်ရမယ့်လမ်းပါပဲကွယ်"

သူက တပြန်စီးတရားချနေလျှင် မြကြိုးကြာ မျက်နှာကိုဘည်တင်းထားမိသည်။ ဒေါ်လေးကတော့ လူကြီးပီပီ အလိုက်အထိုက်ပြန်ပြော၏။

"ဟုတ်တော့ဟုတ်ပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မတို့မဟာ ယ်ပါသေးတယ်၊ နေမယ်ဆို နေနိုင်ပါသေးတယ်၊ လှလည်းသှ၊ ငယ်လည်းငယ်၊ ပစ်ရက်စရာကိုမရှိပါဘူးရှင်၊ ပြီးတော့ ကျွန်မ ဘို့အတွက် ဒါ ရွှေတောင်ကြီးပြိုသွားတာပါပဲရှင်"

ပြောနေရင်းမှ ဒေါ်လေးမျက်ရည်ဖြိုင်ဖြိုင်ကျနေလျှင် ှြကြိုးကြာလည်း ဖြေမဆည်နိုင်တော့။

"အားမငယ်ပါနဲ့လေ၊ ဗိမ်းမရှိတော့ပေမယ့် အစ်ကိုကြီး ှိပါသေးတယ်မြမေ၊ မြမေတို့တူဝရီးကို အရင်ကထက်ပိုပြီး ဂရုစိုက်ပါ့မယ်၊ အရင်ကတော့ ဗိမ်းရှိနေလို့ အစ်ကိုကြီးဂရုမစိုက်သည်းဖြစ်တယ်၊ အခုကျ အစ်ကိုကြီးပဲဂရုစိုက်မယ့်သူရှိတော့ ာယ်မဟုတ်လား"

"အို . . မလိုပါဘူး၊ ကျွန်မတို့က ကိုယ့်မေမေမကျန်းမာလို့လာခဲ့တာ၊ အခု မေမေမရှိတော့ပြီမို့ မနက်ကျရင်ပြန်တော့မယ်"

"အို . . သမီးရယ် . . ဘယ်လိုပြောလိုက်တာလဲကွယ်၊ ကိုယ့်မေမေရဲ့အသုဘကိုမှ ပြီးဆုံးအောင်မနေတော့ဘူးလား။ ဒေါ်လေးတို့တို အများကကဲ့ရဲ့ကြမှာပေါ့"

စိတ်လိုက်မာန်ပါနှင့်ပြောမိသည့်မြကြိုးကြာမှာ ဒေါ်လေးထောက်ပြမှ သတိရသွားပြီး မေမေ့အတွက် ကြေကွဲစွာ၊ ပူဆွေးစွာ မျက်ရည်များစီးကျလာခဲ့သည်။

"ဟုတ်ပါတယ်ကလေးရယ်၊ အာပဲဖြစ်ဖြစ် ကိုယ့်မေမေရက်လည်အောင်အထိ မင်းနေရမှာပဲ၊ ပြီးမှ စီမံရသင့်ရထိုက်တဲ့အမွေကို ဘေဘီ့ကိုလွှဲပေးမယ်"

အမွေစကားထိပြောနေလျှင် မြကြိုးကြာက တင်းကနဲဖြစ်သွားပြီး ဒေါ်လေး၏မျက်လုံးများကတော့ အရောင်လက်သွားကြလေသည်။

"အို . . ကျွန်မတို့နဲ့ဘာမှမဆိုင်ဘူး၊ မေမေဟာ ကျွန်မကို





ပညာအမွေပေးပြီးပါပြီ၊ မေမေ့တာဝန်ကျေပြီ၊ တော်ပါပြီရှင်၊ အန်ကယ့်သားသမီးတွေ ဂြုစုစောင်းမြောင်းတာလည်း မခံပါရစေနဲ့တော့၊ မေမေရက်လည်ရင် ကျွန်မတို့တူဝရီးပြန်ပါရစေ၊ ကဲ . . ဒေါ်လေး . . ကျွန်မတို့ မေမေ့အနားမှာသွားနေကြရအောင်၊ မေမေ့မျက်နှာလေးကို ကြိုးကြာ အချိန်ပြည့်ကြည့်နေချင်ပါတယ်"

ဒေါ်လေး၏လက်ကိုဆွဲပြီး မေမေ့ရုပ်အလောင်းထားရှိရာအောက်ထပ်သို့ မြကြိုးကြာဆင်းခဲ့လျှင် ဦးကျော်သွင်မှာ သက်ပြင်းရှည်ကြီးချလျက် ကျန်ခဲ့လေတော့သည်။

## အခန်း(၁၈)

"ကြိုးကြာ. . "

သူမနားထဲမှာ ကြင်နာသောအသံတိုးတိုးလေးကြားလိုက်ရလျှင် မြကြိုးကြာ အလန့်တကြားဖြစ်သွား၏။

"ကိုရွှေစင်. . "

မေမေ့ကိုမီးသင်္ဂြိုဟ်သည့်နေ့၊ မီးသင်္ဂြိုဟ်သည့်ကိစ္စများပြီးစီးသွားသည့်အခါ မြကြိုးကြာ၏ခန္ဓာကိုယ်တစ်ခုလုံး လောင်မြိုက်အရည်ပျော်ကျသွားသလို ကြေကွဲရ၊ ခံစားနေခဲ့ရသဖြင့် လူသူကင်းရှင်းစွာ ခြံနောက်ဘက် သော်ကရုံနဘေးမှာ သူမ၏စိတ်တွေ လွင့်မျောနေခိုက်ဖြစ်သည်။





မြကြိုးကြာအံ့အားသင့်နေမိသည်။ သူနှင့်ဒီအိမ်သားတွေ ဆက်စပ်မှုမရှိတာသေချာသည်။ ကိုရွှေစင်က သူမနှင့်မနီးမဝေးမှာ ရိုကျိုးစွာထိုင်လိုက်သည်။ ဒါလည်း အံ့ဩတာပါပဲ။ ရွှေစင်ဆိုတာ အမြဲတမ်းတက်ကြွဖျတ်လတ်နေလေ့ရှိသူ။

"ကျွန်တော် ဦးကျော်သွင်ရဲ့ဒရိုင်ဘာ၊ ဒီအိမ်ရဲ့ဒရိုင်ဘာလုပ်နေတယ်၊ ဒီအိမ်မှာနေရတယ်"

"ဟင်. . "

သူ့ကိုအံ့ဩနေရသဖြင့် မေမေ့အတွက်ခံစားနေရသည့် ဒရိုဒေဝတို့မှ ခေတ္တလွတ်မြောက်နေခွင့်ရသည်။

"ဒေါက်တာ့မေမေဆုံးတဲ့နေ့ပဲ ကျွန်တော်ဒီမှာအလုပ်ဝင်တယ်၊ ဒေါက်တာလည်း ကိုယ့်သောကနဲ့ကိုယ်မို့ ကျွန်တော့်အဝေးကပဲလှမ်းကြည့်နေဖြစ်တယ်၊ ဒီနေ့မှ ဒေါက်တာခံစားနေတာကို မကြည့်ရက်လို့ ကျွန်တော် လူအလစ်မှာရောက်လာတာပါ"

"ဒေါက်တာရယ်. . . ကျွန်တော်တို့တုန်းကဆို အခု ဒေါက်တာ့မေမေလို ပါရဂူတွေနဲ့ ဆေးခန်းကြီးတွေမှာ ကုသခွင့်

မရခဲ့ဘူး၊ ပြီး ဖေဖေနဲ့မေမေဟာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရက်ပိုင်းပဲခြားပြီး ကွယ်လွန်သွားကြရှာတာပါ၊ ဒါပေမယ့် တရားနဲ့ဖြေရတာပဲလေ၊ လူတိုင်းဟာ မွေးဖွားလာကတည်းက သေခြင်းတရားဆိုတဲ့မှတ်တိုင်ဆီ ရှေးရှုနေပြီးသားပဲလေ၊ သူတို့က အရင်သွားကြတယ်၊ ကိုယ်က နောက်ကလိုက်ရမယ်၊ ဒါ သဘာဝတရားပဲ၊ ဒါ ခမ္မတာပဲမဟုတ်လား၊ မသေခင် ပြုစုစောင့်ရှောက်လုပ်ကျွေးသမှုပြုရမှာ ကျွန်တော်တို့သားသမီးတွေရဲ့ဝတ္တရားပါ"

ရွှေစင်ဖျောင်းဖျလျှင် မြကြိုးကြာ မျက်ရည်တွေစီးကျလာပြန်သည်။

"ကျွန်မ. . ကျွန်မ. . ဝတ္တရားမကျေခဲ့ဘူး၊ မေမေ့ကို မပြုစုလိုက်ရဘူး၊ အပြင်ပန်းအမြင်မှာ လှလှပပ၊ သွားသွားလာလာနဲ့ မေမေက ဟန်ဆောင်ကောင်းတယ်လေ၊ ပြီးတော့ သူ့ယောကျ်ားကြီးက သူ့အနားမှာ တပူးတွဲတွဲဆိုတော့ ကျွန်မ မေမေ့အနားမကပ်ချင်ခဲ့ဘူး၊ ကျွန်မ ဘယ်လိုဖြေရမှာလဲ၊ ကျွန်မ နောင်တရလို့မဆုံးဘူး"





ပြောရင်းဖြင့် သူမ ပိုမိုကြေကွဲနေလေလျှင် ရွှေစင်စဉ်းစားရပြန်သည်။ သူမကို ဘယ်လိုဖျောင်းဖျရပါ့မလဲ။

"ဒီလိုလည်းမတွေးပါနဲ့ဗျာ၊ လူတွေမှာ ကံကုန်ရင် ဘယ်လိုပဲကုကု မရတော့ပါဘူး၊ ကံကြမ္မာကြောင့်ပါဒေါက်တာရယ်၊ ဒေါ်ဒေါ်မှာ ဒီလောက်ပဲကံပါတယ်လို့သာ စိတ်ကိုဖြေလိုက်ပါတော့၊ ဒါနဲ့ ဒေါက်တာတို့တူဝရီး မြို့ကိုဘယ်တော့ပြန်ကြမလဲ"

"မေမေ့ရက်လည်ဆွမ်းကျွေးပြီးမှပဲ ပြန်ရမယ်၊ နောက်ထပ်လေးရက်နေရဦးမှာပေါ့၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ဒါပေမယ့် အရာရာ သတိဝီရိယနဲ့နေနော်၊ အောက်ထပ် ထမင်းစားခန်းဘေးကအခန်းမှာ ကျွန်တော်ရှိတယ်၊ ကိစ္စရှိရင် ကျွန်တော့်ကိုအကြောင်းကြားပါ"

သူ့စကားက ထူးဆန်းနေသဖြင့် မြကြိုးကြာ သူ့ကိုမျက်ခုံးပင့်ပြီးကြည့်မိသည်။

"ရှင့် တစ်ခုခုကြားထားလို့လား၊ ကျွန်မကိုပြောစမ်းပါ၊ ရှင်နေတဲ့အခန်းရဲ့အပေါ်တည့်တည့်အခန်းက ကျွန်မတို့လောလောဆယ်နေရတဲ့အခန်းပဲ"

"ဟုတ်ပြီ၊ ဒါဆိုကောင်းတာပေါ့။ အပေါ်နဲ့အောက် ဆက်သွယ်လို့ရအောင် အပေါက်တစ်ခုခုဖောက်ထားရမယ်၊ လွန်ရှာပြီး အပေါက်ဖောက်လိုက်ရင် စာလေးဘာလေးချလို့ရမယ်"

သူ့မျက်နှာက လေးနက်ပြီး အရေးတကြီးဖြစ်နေလျှင် မြကြိုးကြာ ပိုပြီးစိုးရိမ်သွားမိ၏။

"ကျွန်မရင်ထိတ်လိုက်တာရှင်၊ ဘာတွေလဲ၊ ဘယ်သူတွေက ကျွန်မကိုဒုက္ခပေးမှာလဲ"

"ကျွန်တော်စိုးရိမ်တာလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ် သူတို့တွေ စုစု၊ စုစုနဲ့ စကားပြောနေကြရင်၊ တိုင်ပင်နေကြရင် ဒေါက်တာ့ကို ကျွန်တော်စိုးရိမ်မိတယ်၊ ဒီအိမ်မှာ သူတစိမ်းဆိုလို့ ဒေါက်တာပဲရှိတယ်မဟုတ်လား၊ သူငွေးတွေဆိုတော့ အမွေကိစ္စတွေ၊ ဘာတွေရှုပ်ထွေးပြီး လောဘတွေတက်ချင်တက်မှာပေါ့လေ"

"အင်းနော်. . ဟုတ်တယ်၊ ကိုရွှေစင်ပြောတာဖြစ်နိုင်တယ် ကျွန်မက ကိုယ့်သောကနဲ့ကိုယ်မို့ သတိမထားမိပေမယ့် သူတို့ကြည့်ရတာ တစ်မျိုးကြီးတွေ၊ ကျွန်မလည်း မြန်မြန်ပြန်ပြေးချင်





ဲ့တယ်၊ ဒါပေမယ့် မေမေ့ရက်လည်ထိတော့ ကျွန်မရှိနေချင်ါသေးတယ်လေ"

"ဟုတ်ပါတယ်၊ အဲဒီအထိတော့ရှိသင့်ပါတယ်၊ ကဲ. . ျွန်တော်သွားမယ်၊ ကျွန်တော်နဲ့ဒေါက်တာ ရင်းနှီးသိကျွမ်းနေတာ သူတို့မသိမှကောင်းလိမ့်မယ်၊ ဘာမှအားမငယ်နဲ့နော်၊ ျွန်တော်ရှိတယ်၊ အမြဲအဆင်သင့်ပဲ"

ပြောပြောဆိုဆိုနှင့်ပင် သူ လှစ်ကနဲထွက်ခွာသွားလျှင် ြကြိုးကြာလည်း အိမ်ပေါ်သို့ပြန်တက်လာခဲ့သည်။ အိမ်ပေါ် ာပဲ အန္တရာယ်ကင်းပါတယ်။ မှောင်လည်းမှောင်လာပြီ။

အိမ်ပေါ်မှာလည်း ကိုရွှေစင်ပြောသလို ဦးကျော်သွင်၏ ယားနှစ်ယောက်မှရသော သား၊ သမီး၊ မြေးတွေနှင့် လှိုင်ဘော ယ်နေလေ၏။

ဒေါ်လေးကတော့ မီးဖိုထဲမှာ၊ ထမင်းစားခန်းမှာ စီစဉ် န်ကြားရေးမှူးလုပ်နေတုန်းဖြစ်မည်။ အပျိုကြီးပီပီ ဝါသနာ ည်းပါ၊ ဆရာကြီးလည်းလုပ်ခွင့်ရသဖြင့် ဒေါ်လေးကိုကော မခွင့်လွှတ်ထားရပေတော့မည်။

အိမ်ပေါ်ထပ်ရှိ သူမ၏အခန်းထဲသို့ မြကြိုးကြာဝင်ရောက်ပြီး မကြာခင် ဦးကျော်သွင်ဝင်ရောက်လာသည်။ ထမီအရင်း မဟုတ်ဘဲနှင့် ဒီလိုဝင်တာ၊ ထွက်တာ၊ ရင်းနှီးတာမျိုးကို မြကြိုးကြာမနှစ်သက်။

သို့သော် သူ့အသွင်က တည်တည်ကြည်ကြည်။ ၎င်းအိမ်၏အဓိပတိကလည်းသူမို့ မြကြိုးကြာမျက်မှောင်တွန့်ပြီးကြည့်နေရုံသာ။

“ပြောစရာရှိလို့ဝင်လာတာပါဘေဘီ၊ စိမ်းရဲ့ရက်လည်ပြီးရင် တစ်ရက်၊ နှစ်ရက်လောက်တော့ ထပ်နေပါဦး”

“ဘာကိစ္စ. . ”

“စိမ်းအတွက် ရသင့်ရထိုက်တဲ့အမွေတွေကို ဘေဘီ့ကို လွှဲပေးရမှာပေါ့၊ လောလောဆယ် စိမ်းဝတ်နေတဲ့ဒီလက်ဝတ်ရတနာတွေကို ဘေဘီယူထားပါ၊ အန်ကယ့်မှာက သိတဲ့အတိုင်း ရန်သူတွေပတ်လည်ဝိုင်းနေတဲ့ဘဝကြီးပါ၊ လောဘတွေတဟုန်းဟုန်းတောက်နေကြတဲ့သူတွေကြားမှာ ကိုယ့်အသက်ကိုယ်တောင် အစိုးမရတဲ့ဘဝ. . ”



ပြောရင်းမှ အသံနစ်ဝင်သွားပြီး ဦးကျော်သွင်၏မျက်စိမှ မျက်ရည်များကျလာလျှင် မြကြိုးကြာ အလန့်တကြားမော့ကြည့်မိသည်။

ဦးကျော်သွင်က သူမ၏စားပွဲပေါ်သို့ မေမေဝတ်ဆင်သည်ဆိုသည့်လက်ဝတ်ရတနာဗူးနှစ်ဗူးကို တင်လိုက်သည်။

“ဘာပဲဖြစ်ဖြစ် သမီးရယ်. . အန်ကယ့်ကိုလည်းပစ်မထားပါနဲ့၊ စိမ်းကိုချစ်တဲ့အတွက် ဘေဘီ့ကိုလည်း သံယောဇဉ်မဖြတ်နိုင်ပါဘူး၊ အန်ကယ့်အပူမီးတွေနဲ့ အန်ကယ့်လောင်မြိုက်မှုတွေကို သမီးက နည်းနည်းဖြစ်ဖြစ် ငြိမ်းသတ်ပေးပါ၊ လောဘ၊ ဒေါသမရှိတဲ့သမီးရဲ့မျက်နှာလေးဟာ အန်ကယ့်အပူမီးတွေကို ငြိမ်းအေးစေလို့ပါ၊ ကဲ. . အန်ကယ်သွားမယ်၊ တံခါးပိတ်ထား၊ သတိ၊ ဝိရိယနဲ့နေ၊ ဒီအိမ်သားတွေကို လုံးဝမယုံနဲ့နော်”

ပြောပြီး ဦးကျော်သွင်တည်ငြိမ်စွာနှင့်ထွက်သွားလျှင် သိုးနွမ်းလွန်းသည့်သူ့အသွင်ကြောင့် သူမစိတ်မကောင်းဖြစ်ရသည်။

“ဒီအိမ်သားတွေကို လုံးဝမယုံနဲ့နော်” ဟူသည့်စကားကြောင့်လည်း သူမ ပိုမိုထိတ်လန့်ရပြန်သည်။ ဘာတွေလဲ။ အိမ်

ရဲ့အမ်ိပတိကတောင် သူ့အိမ်သားတွေ၊ သူ့အဆက်အနွယ်တွေကိုမယုံဘူးဆိုလျှင် သူမ ခုချက်ချင်းပဲ ဒီအိမ်ကထွက်ခွာသင့်ပြီလား။

သို့သော် သူမ၏အောက်ထပ်အခန်းထဲမှကိုရွှေစင်နှင့် ဦးကျော်သွင်၊ နောက် မျိုးကျော်သွင်၊ ဒေါ်လေးတို့ကတော့ သူမအားထားစရာများဖြစ်နေပါဦးမည်။

မြကြိုးကြာမှာ စိတ်တွေညှိုးချုံး၊ ကြေကွဲထွေပြားနေရသဖြင့် မောပန်းနွမ်းနယ်စွာ အိပ်ယာပေါ်မှာလှဲနေမိစဉ် သူမ၏အခန်းထဲသို့ ဒေါ်လေးဝင်လာပြန်သည်။

"ကြိုးကြာ. . သမီး. . ဒီနေ့တစ်နေ့လုံး ဘာမှလည်းမစားမသောက်ဘူး၊ ကြာရင် ဒုက္ခရောက်လိမ့်မယ်၊ ရော့. . ဒီနွားနို့လေးတစ်ခွက်လောက်တော့ ကုန်အောင်သောက်လိုက်ပါကွယ်၊ တော်ကြာ သမီးလဲသွားလိမ့်မယ်၊ အလို. . ဒါ ဘာတွေပါလိမ့်"

ဒေါ်လေးကောက်ကိုင်လိုက်သည်မှာ စောစောက ဦးကျော်သွင်တင်ထားခဲ့သည့် ရတနာဗူးနှစ်ဗူး။

"ဟယ်. . သမီးရယ်. . ပွတာပဲ၊ ဒါ မမစိမ်းရဲ့ပစ္စည်းတွေ





မဟုတ်လား၊ ဒီလိုတော့လည်း ဦးကျော်သွင်ကြီးက မျှတသားပဲနော်"

မြကြိုးကြာကတော့ ဒေါ်လေးသောက်ခိုင်းသည့်နွားနို့ကိုသာ ဖြည်းဖြည်းချင်းသောက်ရင်း ဒေါ်လေးဝမ်းသာအားရကိုင်ပြနေသည့်လက်ဝတ်ရတနာများကို တည်ငြိမ်စွာငေးကြည့်နေမိသည်။

"အခုခေတ်မှာ စိန်နားကပ်တစ်ရန်တောင် မနည်းပေးရတာသမီးရဲ့၊ ခုလို စိန်တစ်ဆင်စာ၊ နီလာတစ်ဆင်စာဆိုတာ တော်တော်အဖိုးတန်မှာပဲ၊ ငါ့သမီးကုသိုလ်ပေါ့၊ ကဲ. . သိမ်းထားလေ၊ သိမ်းထားလိုက်လေ၊ ဘယ်သူ့မှမယုံရဘူး၊ တစ်ယောက်နဲ့တစ်ယောက် စောင့်ကြည့်နေကြတာ၊ နင်ဒီလိုသာရမှန်းသိရင် မနာလိုလိုက်ကြမယ့်အမျိုး၊ ကဲ. . ကဲ. . အဲဒီနွားနို့လေးကုန်အောင်သောက်လိုက်၊ ပြီးရင် အိပ်လိုက်နော်၊ တံခါးကို သော့ချထားခဲ့မယ်၊ ဒေါ်လေးကတော့ ခုညအိပ်ရပ့ါမလားတောင်မသိဘူး၊ သူ့တို့ဆွေတော်၊ မျိုးတော်တွေက စားကြ၊ သောက်ကြဦးမှာလေ"

တဗျစ်တောက်တောက်ပြောပြီး ဒေါ်လေးထွက်သွားလျှင် မြကြိုးကြာ အိပ်ယာထက်မှာလှဲချလိုက်သည်။ အိပ်မက်ဆိုးတွေ ပဲမက်နေမှာလား။

မေမေရယ်. . သမီးရဲ့အိပ်မက်ထဲကို လာရောက်လှည့် ပါဦးနော်. . ။

* ✕ *





## အခန်း(၁၉)

"အင်း. . "

မြကြိုးကြာ၏ကိုယ်ခန္ဓာတစ်ခုလုံး မလှုပ်နိုင်အောင်မူးဝေနေရတာ ဘာကြောင့်လဲ။

ဘုရားရေ။ ဆေးမိသလား။ မူးယစ်ဆေးဝါးလား။ အိပ်ဆေးလား။ ဘာဆေးတွေလဲ။

ကိုယ်တိုင်ဆရာဝန်ဖြစ်ပေမယ့် သူမတစ်ကိုယ်လုံးမူးဝေ ထုံထိုင်းနေရတာ ဘာကြောင့်မသိ။ ဘယ်လမ်းကြောင်းကဝင်တဲ့ ဆေးတွေလဲ။

ညဦးပိုင်းက ဒေါ်လေးတိုက်သောနွားနို့နွေးကိုသတိရ

လိုက်ပြီး ပြန်လည်အိပ်ပျော်သွားတော့မတတ် သူမ၏စိတ်တွေ ရှုပ်ထွေးလေးလံသွားစဉ် နားထဲမှာ 'ကျွိ'ကနဲတံခါးဖွင့်သံတစ်ခု ကြားလိုက်ရသလိုလို။

သို့သော် မြကြိုးကြာ မျက်လုံးမဖွင့်နိုင်ပါ။ မျက်ခွံတွေ လေးလံပြီး ခြေတွေလက်တွေကလည်း မလှုပ်နိုင်တော့ပါ။

အနားသို့ကပ်လာသည့်ခြေသံရှုပ်ရှုပ်တစ်ခုကိုသာ မသိစိတ်ဖြင့်ကြားနေရပြီး သူမ၏ပါးစပ်မှ ကြောက်လန့်တကြား အသံကျွန်ဟစ်လိုစိတ်ပေါက်သွားသည်။

သို့သော် ထမင်းလုံးတစ္ဆေခြောက်ခံရသလိုလို အိပ်ပျော်နေတုန်း ဘီလူးစီးခံရသလို ဘယ်လိုမှလည်းလှုပ်လို့မရပါချေ။

အင်း. . ငါ့ကိုသတ်ရအောင် လာကြတာလား။ ဒါမှမဟုတ် ပစ္စည်းခိုးရအောင်လာကြသလား

တွေးလို့မှမဆုံးခင် မြကြိုးကြာအိပ်ပျော်သွားပြန်လေသည်။





"အား. . ကျွတ်. . ကျွတ်. ."

သူမ တရေးနိုးလာခဲ့ပြန်သည်။ ခုထိမိုးမလင်းသေးဘူးလား။ အပြင်ဘက်မှာ မိုးတွေရွာနေသလား။

လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ လျှပ်စစ်သံ၊ မိုးခြိမ်းသံတို့ဖြင့် အပြင်လောကက တဝုန်းဝုန်းဆူညံနေသကဲ့သို့ မြကြိုးကြာ၏ရင်ထဲမှာလည်း တဝုန်းဝုန်းဆူညံနေသည်။

ဦးနှောက်တို့တော့ မကြည်လင်သေး။ ကေန္တ အိပ်ဆေးတွေ၊ စိတ်ငြိမ်ဆေးတွေများ မတန်တဆထည့်ထားလေသလား။

"ဟင်. ."

သူမ၏ဘေးမှာ သူမကိုဖက်ထားတာဘယ်သူလဲ။ ဒေါ်လေးလား။ ဒေါ်လေးမှာသော့ရှိတယ်။ သူပဲဖြစ်မှာပေါ့။

လူတစ်ကိုယ်လုံး လေးလံထုံထိုင်းနေသဖြင့် မလှုပ်နိုင်သော်လည်း သူမ၏ဘေးမှလူက သူမ၏မျက်နှာအနံ့ နမ်းနေသည်ကြောင့် ဒေါ်လေးမဟုတ်မှန်းသိနေပြန်ပါသည်။

"အင်း. ."

စိတ်က ဘယ်လောက်ပဲထိတ်လန့်လန့်၊ သူမ၏ခန္ဓာကိုယ်

ကြီးက မလုပ်နိုင်သောအခါ ညည်းညူသံတစ်ခုပေးရင်း မြကြီးကြာလုပ်နိုင်သမျှလုပ်ကြည့်သည်။ ရုန်းကြည့်သည်။ သို့သော် သူမ ဘယ်လိုမှမတတ်နိုင်ပါ။

အသေကောင်တစ်ကောင်နီးပါးဖြစ်အောင် မလှုပ်နိုင်တော့သည့်မိမိကိုယ်ကိုကျိန်ဆဲရင်း သိနိုင်တာတစ်ချို့ကို သိနေပြန်ပါသည်။

သူမ၏တစ်ကိုယ်လုံးကို အရုပ်တစ်ရုပ်လို ကိုင်တွယ်ဆော့ကစားနေလိုက်သည်မှာ စားခါနီးကြွက်တစ်ကောင်ကို ကြောင်ကစားနေသည့်နှယ်။

နောက် စားခါနီးသမင်တစ်ကောင်ကို ဆော့ကစားနေသည့်ကျားတစ်ကောင်လိုပေါ့။

စိတ်ထဲမှာ အပြန်တစ်ရာ၊ အခါတစ်ရာလောက် အော်ဟစ်ကျိန်ဆဲနေမိစဉ် ထိုသူက သူမ၏အဝတ်အစားများအားလုံးကို ဆွဲချွတ်နေပြန်သည်။

ရင်ထဲမှာ မိမိကိုယ်ကို နာကျင်ကျိန်ဆဲနေမိပေမယ့် ခုချိန်မှာတော့ လည်ပင်းညှစ်သတ်တောင် သူမရုန်းကန်နိုင်မည်မထင်။





သူမကို အရုပ်တစ်ရုပ်လိုဆော့ကစားနေတာ ဘယ်သူလဲ။ သူမကို သစ္စာဖောက်တာဘယ်သူလဲ။ ဗိုက်ထဲမှာ ဒေါ်လေးရဲ့အဆိပ်ပြည့်နွားနို့တစ်ခွက်ပဲရှိသည်။

သူမ၏သော့ချထားသော အခန်းတံခါး၏သော့တံသည် ဒေါ်လေးထံမှာပဲရှိသည်။ ကမ္ဘာလောကကြီးကို နာကျင်နာကျည်းနေမိစဉ် သူမ၏အခန်းတံခါးသော့ဖွင့်သံကိုကြားလိုက်ရပြန်သည်။

အလို. . ဘယ်သူလဲ။ သို့သော် ထိုသို့အခန်းတံခါးသော့ဖွင့်သံကြောင့် သူမကို ကြွက်လိုဆော့ကစားနေသည့်ကြောင်သည် လှစ်ကနဲ အိပ်ယာပေါ်မှခုန်ဆင်းပျောက်ကွယ်သွားတော့သည်။

သူမ၏မျက်လုံးတွေက ဘယ်လိုမှဖွင့်မရသည်ကြောင့် ဘယ်သူတွေ၊ ဘယ်အရုပ်ကဘယ်လိုပေါ်လာပြီး ဘယ်လိုပျောက်ကွယ်သွားသည်ဆိုတာတွေ သူမ မမြင်ရပါ။

လုံခြုံမှုမရှိသည့်သူမ၏ဘဝကို နာကျည်းရင်း၊ စိတ်နာရင်း

နှင့်ပင် ဒေါ်လေး၏အသံက မြကြိုးကြာ၏နားထဲမှာ မကြားတစ်ချက်၊ ကြားတစ်ချက်။

"သမီးရေ. . နင့်ကိုစိတ်မချလို့ လာကြည့်တာ၊ ငါလည်း ခုမှအိပ်ရတော့တယ်၊ အလို. . ည(၁၁)နာရီတောင်ကျော်နေပါရောလား"

ထုံးစံအတိုင်း ဒေါ်လေးအသံတွာဗျစ်ဗျစ်ကိုကြားလိုက်ရပြီး မြကြိုးကြာအိပ်ပျော်သွားမိပြန်ပါသည်။



## အခန်း(၂၀)

နံနက်(၉)နာရီခန့်ကျမှ မြကြိုးကြာကြည်ကြည်လင်လင်နိုးလာသည်။ မိမိကိုယ်ကိုယူကြုံးမရဖြစ်မိရင်း ညကအဖြစ်အပျက်တွေသည် အိပ်မက်လားဟုစဉ်းစားမိပြန်တော့လည်း သူမ၏ကိုယ်ခန္ဓာမှာ အဝတ်အစားတွေမရှိတော့သည်က သက်သေခံနေပြန်ပါသည်။

တဒင်္ဂစိတ်တွေပူထူလောင်မြိုက်သွားမိသော်လည်း စောင်အောက်မှအဝတ်မဲ့ကိုယ်ခန္ဓာကိုတည်ငြိမ်အောင်ထားရင်း မြကြိုးကြာ မိမိကိုယ်ကိုဆင်ခြင်သုံးသပ်စဉ်းစားကြည့်မိသည်။

ဘာမှပြောင်းလဲမှုမရှိတာသေချာသွားခဲ့သည်။ ကြောင်က

ကြွက်ကိုကစားနည်းမျိုးနှင့် ကစားသွားခဲ့သော်လည်း သူမကို တကျွတ်ကျွတ်မြည်အောင်ဝါးစားမသွားခဲ့တာတော့ အမှန်။

ဒေါ်လေးအချိန်မီဝင်လာခဲ့လို့ပေပဲလား။ ဒါမှမဟုတ် ဘာအကြောင်းတွေရှိသည်တော့မသိ။ သို့သော် သည်အိမ်၊ သည်အခန်းမှာဆက်ပြီးနေဖို့ မြကြိုးကြာ အလွန်ကြောက်လန့်သွားခဲ့ပေပြီ။

နောက်တစ်ရက်ဆက်နေရင်တော့ ငါ့ဘဝရေစုန်မျောတော့မှာပဲ။ မေမေရေ. . ကယ်ပါဦး။ ဒေါ်လေး၏အိပ်ယာကုတင်သို့လှမ်းကြည့်မိလျှင် ဒေါ်လေးမရှိတော့ပေပြီ။ သပ်ရပ်စွာသိမ်းဆည်းထားသောအိပ်ယာကိုသာ မြင်လိုက်ရပေ၏။

အင်းပေါ့. . ဒီအချိန်ဆို မီးဖိုထဲဝင်ရောက်ပြီး စီမံခန့်ခွဲနေရောပေါ့။ ဩဇာပေးနေလောက်ရောပေါ့။

သူမ ဒေါ်လေးနှင့်သေသေချာချာစကားပြောရပေဦးမည်။ ကမ္ဘာပေါ်မှာ တစ်ဦးတည်းသာကျန်တော့သည့် တူမလေးထက် သူက ဘယ်အရာတွေကို ပိုပြီးစိတ်ဝင်စားနေသလဲ။

ဖျတ်ကနဲမသိစိတ်ဖြင့် ညကသိမ်းထားခဲ့သောရတနာဗူး





နှစ်ဗူးကို သူမ၏ခရီးဆောင်သားရေသေတ္တာအိတ်ထဲမှာ ဖွင့်ကြည့်တော့လည်း ရှိနေပါသည်။

ဒါဖြင့် ညက ပထမဝင်လာတာဘယ်သူလဲ။ ဒုတိယဝင်လာပြီး သူမကိုဆော့ကစားသွားသူကရော ဘယ်သူလဲ။

တုန်လှုပ်ချောက်ချားစွာဖြင့် မြကြိုးကြာအဝတ်အစားတွေလဲဝတ်ရသည်။ နောက် အိပ်ယာသိမ်းပြီး ဆက်လျက်ရှိသည့် ရေချိုးခန်း၊ သန့်စင်ခန်းသို့ဝင်ပြီး ရေချိုးလိုက်သည်။

ရေချိုးပြီးနောက် မျက်နှာသုတ်စောင်ကြီးနှင့် ကိုယ်ကို ပတ်ပြီး သူမထွက်လာခဲ့၏။ ထိုစဉ် အခန်းတံခါးခေါက်သံထွက်ပေါ်လာပြန်သည်။

"ဘယ်သူလဲ"

"အန်ကယ်ပါ"

"ခဏနေဦး၊ ကျွန်မ အဝတ်လဲပြီးထွက်လာခဲ့မယ်"

အပြင်ဘက်မှ အသံတိတ်သွားလျှင် မြကြိုးကြာ လျှင်မြန်စွာပင် အဝတ်တစ်စုံကိုကောက်ဝတ်လိုက်သည်။

ပါတိတ်အပြာဒီဇိုင်းလှလှလေးက မေမေကိုယ်တိုင်ရွေး

ချယ်ချုပ်လုပ်ပေးခဲ့သည်ကြောင့် သူမ မျက်ရည်ဝဲရပြန်ပါသည်။

"ဒေါက်. . ဒေါက်. . "

"လာပြီ. . "

တံခါးကိုထပ်မံခေါက်သံကြောင့် သူမသွားဖွင့်လိုက်လျှင် ဦးကျော်သွင်က ဆတ်ကနဲအခန်းထဲသို့ဝင်လာပြီး တံခါးကိုလည်း ပြန်လည်စေ့ပိတ်လိုက်သည်။

မြကြိုးကြာ သည်းမခံနိုင်တော့။ ညကအဖြစ်အပျက်ကြောင့် လိပ်ပြာလွင့်မတတ် ကြောက်ရွံ့၊ ဒေါသတွေထွက်နေမှုကြောင့်လည်း သူမအားမနာနိုင်တော့ပါ။

"အန်ကယ်. . ဒါ ဘာအဓိပ္ပါယ်ချိုးတာလဲ"

"ပြောစရာရှိလို့ပါဘေဘီရယ်၊ တစ်မျိုးမထင်ပါနဲ့"

"ပြောစရာရှိရင်လည်း ကျွန်မအပြင်ထွက်ခဲ့မယ်လို့ပြောပြီးပြီလေ၊ အန်ကယ်နဲ့ကျွန်မက သားအဖအရင်းတွေမဟုတ်ဘူး၊ ပထွေးနဲ့မယားပါသမီး၊ သိရဲ့လား၊ သူများတွေမြင်ရင် ဘယ်လိုထင်ကြမလဲ"

ဦးကျော်သွင်က အခန်းထဲရှိဆက်တီတစ်လုံးမှာ အေးအေး





ဆေးဆေးဝင်ထိုင်လိုက်ပြီး သူမကိုလည်း ထိုင်ဖို့ညွှန်ကြားလိုက်သည်။

ကုမ္ပဏီကြီးတစ်ခုလုံးကိုဦးဆောင်နေသူမို့ သူ့အသွင်နှင့် သူ့ခန့်ထည်မှုက အရှိန်အဝါတစ်မျိုးနှင့် သူမကို လွှမ်းမိုးသွားသလို။

"အဲဒါတွေ အန်ကယ်ဂရုမစိုက်ဘူး၊ အခု မလတ်(မယားနံပါတ်-၂)ရဲ့ညီမ အငယ်ဆုံး စိမ်းကွယ်လွန်တာကိုအကြောင်းပြပြီး အိမ်မှာရောက်နေတယ်၊ အန်ကယ် သူ့ကိုမနည်းရှောင်နေရတယ်"

"အဲဒါ ကျွန်မနဲ့ဘာဆိုင်သလဲ၊ ယောကျ်ားပဲ၊ ကိုယ်စိတ်မပါရင် ဘယ်မိန်းမမှဖက်တက်လို့မရဘူး"

"မှားတယ်၊ အန်ကယ်စိတ်မပါပေမယ့် သူက အခုအိမ်ပေါ်ကမဆင်းဘဲ ဖက်တက်နေတယ်လေ၊ ကြာရင် ညားတော့မယ်"

"အဲဒါ အန်ကယ့်အပိုင်း၊ အန်ကယ့်ကိစ္စလေ၊ ကျွန်မက အနေသာကြီးပါ၊ ကျွန်မတာဝန်က မေမေ့ရက်လည်ပြီးရင် အလုပ်ရှိရာမြို့ကိုပြန်မယ်၊ ဒါပဲ"

ရွှေစကားစာပေ

သူညွှန်ပြသည့်ဆက်တိမှာဝင်ထိုင်ပြီး မြကြိုးကြာ ဒေါသ တွေထွက်နေရသည်မှာ ညကပြဿနာများကြောင့်လည်းဖြစ် သည်။

ဒီအိမ်မှာ ဘယ်သူ့ကိုမှမယုံရတော့ဘူး။ ကိုယ့်ဒေါ်လေး လည်းမယုံရတော့ဘူး။ ဦးကျော်သွင်ကြီးကိုလည်း မယုံတော့ဘူး။

"ချက်ချင်းပြန်လို့တော့ ဘယ်ဖြစ်ဦးမလဲကွယ်၊ မင်းတို့ အမွေတွေလွှဲပေးစရာရှိသေးတယ်၊ မယူချင်ဘူးလို့တော့ မဖြင်း ရဘူးနော်၊ ဟီးရိုးမလုပ်စမ်းပါနဲ့ကလေးရယ်၊ ဥစ္စာပစ္စည်းဆိုတာ လူသားတွေအတွက် အသုံးဝင်ပါတယ်၊ နောက် လှူပစ်လည်း ရတာပဲ"

"ဒါပေမယ့်. ."

"ကဲပါ. . ဆင်ခြေတွေတက်မနေပါနဲ့တော့၊ ဘေဘီ့ကို အန်ကယ် လူရင်းအဖြစ်ယုံကြည်အားကိုးပါရစေ၊ အန်ကယ်မသိ ဘဲနဲ့ အပြင်မသွားပါဘူးလို့ ကတိပေးပါ"

တော်တော်စိတ်ပျက်ဖို့ကောင်းတာပဲ။ ဘာလို့ ဒီလောက်





ဟွယ်ကပ်၊ ချွဲပျစ်နေရတာလဲ။ သံယောဇဉ်ဆိုတာ လုပ်ယူလို့ ရသည့်အရာမဟုတ်တာ အဲဒီလူကြီးမသိဘူးလား။

သို့သော် ခေါင်းမညိတ်မချင်း အခန်းထဲမှထွက်မည့်ပုံမမြင် သဖြင့် သူမမှာ မအီမလည်ရုပ်နှင့် ခေါင်းညိတ်ပြလိုက်ရလေသည်။

# အခန်း(၂၁)

ညနေစောင်းလျှင် တိတ်ဆိတ်အေးချမ်းသည့်ခြံနောက်ဘက်သော်ကရုံသို့ မြကြိုးကြာသွားရောက်ထိုင်နေမိသည်။ ရွှေစင့်ကို ဒီနေ့တစ်နေ့လုံး မတွေ့ရသေး။ သူ အလုပ်တွေများနေသလား။ သူ ဒီအိမ်ကို ဘာအတွက်အလုပ်လာလုပ်နေသလဲ။

အခိုက်အတန့်မို့ အလုပ်မရှိလို့ ရရာလုပ်တာလား။ ဒါမှမဟုတ် သူမအတွက် ကူညီပံ့ပိုးပေးချင်လို့လား။ ထိုသို့တွေးလိုက်မိလျှင် ငွေစင့်မျက်နှာပေါ် လာပြန်သည်။ သူလည်း ငါ့အတွက်ဆို အသက်ပေးလို့တောင် ကာကွယ်ပေးခဲ့သူပဲ။

ကိုရွှေစင်ကရော. .

သူကတော့ သိပ်ပြီး အနှစ်နာခံတတ်မည်မထင်။ ထိုစဉ်





သူမ၏အနား မှောင်ရိပ်သို့ လှစ်ကနဲသူရောက်လာသည်။

"ဒေါက်တာ. . . . အခြေအနေတွေအေးချမ်းရဲ့လား၊ ကျွန်တော်လည်း တစ်နေ့လုံးကားမောင်းပေးနေရလို့ ဒေါက်တာ့အခြေအနေတွေကိုမသိရဘူး"

"ထိုင်ပါကိုရွှေစင်၊ ညကအဖြစ်အပျက်တွေကို ကျွန်မပြောပြမယ်၊ ဦးကျော်သွင်ကြီးက ကျွန်မကို မေမေ့ရဲ့ရတနာဗူးနှစ်ဗူးလာပေးတယ်၊ လောလောဆယ် လက်ခံထားရတာပေါ့လေ၊ နောက် ကျွန်မတစ်နေ့လုံးဘာမှမစားလို့ ဒေါ်လေးက နွားနို့တစ်ခွက်တိုက်တယ်"

"ဒေါ်လေးက ဒေါက်တာနဲ့အတူနေတာ၊ အိပ်တာမဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် သူက ဒီအိမ်မှာ ကူလီခေါင်းလေ၊ သူ့ကိုနေရာပေးထားတော့ အဲဒီအလုပ်ကိုပျော်မွေ့နေပုံရတယ်၊ ကျွန်မနဲ့အတူ တစ်ခန်းတည်းအိပ်ပေမယ့် အချိန်မရှိမှဝင်အိပ်တာများတယ်"

"ဒါဆို အန္တရာယ်ရှိတာပေါ့၊ အခန်းတံခါးကို ဒေါက်တာဖွင့်ပေးရသလား"

"မဟုတ်ဘူး၊ အပြင်က သူပဲသော့ခတ်သွားလေ့ရှိတယ် ပြီးမှ သော့ဖွင့်ဝယ်တယ်လေ"

"ဟင်. ."

ရွှေစင်မျက်လုံးပြူးနေသော်လည်း မြကြိုးကြာကတော့ ညကအဖြစ်အပျက်များကို ဆက်လက်ပြောပြနေမိသည်။

"ကိုယ့်ဒေါ်လေးပဲ၊ ကျွန်မ မကောင်းမတင်ပါဘူး၊ ဒါပေမယ့် အဲဒီနွားနို့သောက်ပြီးတော့ ကျွန်မအိပ်ပျော်သွားလိုက်တာ အရမ်းပဲ"

"အိပ်ဆေးများခတ်ထားသလား"

"တစ်ခုခုတော့ခတ်ထားတာသေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတစ်ကိုယ်လုံး မူးဝေထုံထိုင်းနေတယ်လေ၊ ညက လူတစ်ယောက် အရင်ဝင်တယ်၊ ပစ္စည်းရှာတာဖြစ်ရမယ်၊ မနက်ကျ ကျွန်မအခန်းထဲမှာရှုပ်ပွနေတာပဲ"

"ဦးကျော်သွင်ရတနာဗူးနှစ်ဗူးပေးတာ ဘယ်သူသိသေးလဲ ပစ္စည်းတွေရော ပြန်ပါသွားသလား"

"ပါတော့မသွားဘူး၊ နောက် ဒုတိယအကြိမ် လူတစ်ယောက်. . ."





ပြောရင်းမှ မြကြိုးကြာ ထိတ်လန့်စွာစကားကိုရပ်ပစ်လိုက်မိသည်။ သူ့ကိုပြောလို့ဖြစ်ပါ့မလား။ ပြောရမှာလည်း မကြားဝံ့မနာသာ။ သို့သော် ရွှေစင်က သူမကို ကြင်နာနားလည်စွာဖြင့် အားပေးပါသည်။

"ကျွန်တော့်ကို ကမ္ဘာပေါ်မှာ အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်လိုသဘောထားပြီး အကုန်ပြောပြပါဒေါက်တာ၊ ကျွန်တော်ဟာ ဒေါက်တာ့ရဲ့အကျိုးစီးပွားကိုပဲလိုလားသူပါ"

သည်တော့မှ မြကြိုးကြာတုန်ယင်စွာနှင့် ညကအဖြစ်အပျက်ကို ဆက်ပြောရသည်။ သူမ၏ပါးပြင်မှာ မျက်ရည်များလည်းစီးကျလျက်။

"သူကတော့ ကျွန်မကိုဖျက်ဆီးမလို့၊ အဝတ်တွေချွတ်ပြီးနေပြီ၊ ကျွန်မ ဘယ်လိုမှမလှုပ်နိုင်၊ မရုန်းနိုင်ဘူးလေ၊ ဒီအချိန်မှာ ဒေါ်လေးရောက်လာပေလို့ သူထွက်ပြေးသွားခဲ့တာ"

မြကြိုးကြာ ရှိုက်ကြီးတငင်ငိုနေလျှင် ရွှေစင်မှာ မသိစိတ်နှင့်ပင် သူမကိုဖေးမဖက်တွယ်ထားမိသည်။

"မငိုပါနဲ့ကြိုးကြာရယ်၊ ဘာမှမဖြစ်သေးဘူးမဟုတ်လား၊

ခုညကစပြီး ကြိုးကြာကို ကျွန်တော်စောင့်ပေးနေမယ်၊ မြို့ကို ပြန်တဲ့အထိပေါ့"

"ဟင်. ."

ကြိုးကြာလို့ခေါ်တာ ကိုငွေစင်မဟုတ်လား။ သူဟာ ရွှေစင်လား၊ ငွေစင်လား။ သို့သော် သူမ မခွဲခြားနိုင်ပါ။

"ရှင်က ဘယ်လိုလုပ်ပြီး ကျွန်မကိုစောင့်ပေးနိုင်မှာလဲ၊ မဖြစ်နိုင်တာ. ."

"လူအလစ်မှာ ကျွန်တော် ဒေါက်တာ့အခန်းထဲခိုးဝင်ပြီး ရန်သူတွေကိုစောင့်ရှောက်ပေးမယ်၊ ကျွန်တော့်ကိုတော့ ယုံတယ်မဟုတ်လားဟင်၊ ကျွန်တော် ကြိုးကြာကိုစောင့်ရှောက်မယ်"

သူ့ကို မြကြိုးကြာအတန်ကြာငေးကြည့်ရင်း စဉ်းစားနေမိသည်။ အမှောင်ရိပ်မှာ သူ့မျက်လုံးတွေကတောက်ပလျက်။ အဲဒါ မေတ္တာရိပ်တွေလား။ သင့်တော်ပါ့မလား။ သူ့ကိုယုံရပါ့မလား။ တော်ကြာ. . .

"ကျွန်တော့်ကို သံသယဝင်နေတာလားကြိုးကြာ၊ ကျွန်တော့်ရဲ့ဂုဏ်သိက္ခာကို ကျွန်တော့်အသက်ထက် ပိုပြီးတန်ဖိုးထားပါတယ်"





"ဖြစ်ပါ့မလားရှင်၊ ကျွန်မအတွက် ရှင်တစ်ခုခုဖြစ်. ."

"ရတယ်၊ ကြိုးကြာအတွက်ဆို ကျွန်တော့်အသက်တောင် စွန့်လွှတ်ရဲပါတယ်"

"အို. ."

ဘာကြောင့်လဲလို့ သူမဆက်မမေးရဲပါ။ တော်ကြာ ရေလာမြောင်းပေးတွေဖြစ်ကုန်တော့မည်။

"ကျွန်တော်သွားမယ်၊ ကြိုးကြာမှာ အမွှေကိစ္စနဲ့ပတ်သက်ပြီး အန္တရာယ်ရှိရုံတင်မဟုတ်ဘူး၊ နောက်အန္တရာယ်တစ်မျိုးကလည်းရှိသေးတယ်၊ ဘာမှစိတ်မပူပါနဲ့၊ ကျွန်တော်ကာကွယ်ပေးမယ်"

ပြောရင်းမှ သူ လှစ်ကနဲပျောက်ကွယ်သွားလျှင် မြကြိုးကြာမှာ စိတ်ရှုပ်ထွေးစွာနှင့် သက်ပြင်းချနေရရုံပင်။

## အခန်း(၂၂)

ခုညတော့ ဘယ်သူဘာကျွေးကျွေး မစားတော့ဘူး။ အများ နှင့်အတူ အသင့်အတင့်စားသောက်ပြီးလျှင် မြကြိုးကြာ ကိုယ့် အခန်းသို့ဝင်ပြီး အခန်းတံခါးကိုဂျက်ထိုးပိတ်လိုက်သည်။

"အဲ. ."

ကိုရွှေစင် အခန်းထဲကို ဘယ်လိုဝင်ပြီး ဘယ်လိုစောင့် ရှောက်မှာလဲ။ သို့သော် တံခါးကိုလည်း ဖွင့်မထားရဲပါ။ တော် ကြာ ဦးကျော်သွင်ကြီးရန်နှင့် အမည်မဖော်နိုင်သည့်ရန်သူများ ဝင်ရောက်လာဦးမည်။

ဘယ်သူလာခေါက်ခေါက် အိပ်ချင်ယောင်ဆောင်နေ





လိုက်မည်။ အိပ်ယာပေါ်မှာလှဲရင်း ထမင်းစားခန်းထဲမှာ မျက် နှာချင်းဆုံခဲ့ရသည့် မလတ်၏ညီမအငယ်ဆုံးဆိုတာကို မြကြိုး ကြာမြင်ယောင်မိသည်။

ချောချောလှလှ လည်လည်ဝယ်ဝယ်လေးပါပဲ။ မြကြိုးကြာ နှင့် ရွယ်တူခန့်။ ဒီလောက်ပွေလိမ်နေသည့်လူကြီးကို ဘာလို့ သူက ယူချင်ရတာလဲ။ အေးလေ. . ဥစ္စာပစ္စည်းဆိုတာ သည်းခြေ ကြိုက်ပါပဲ။ သူမကလွဲရင်ပေါ့။

ချောဆိုသည့် ထိုမိန်းကလေးသည် မြကြိုးကြာကို ကြည့် လို့ရဟန်မတူ။ 'ပျော့ပျော့နဲ့နံတဲ့ကြောင်ချေး'ရယ်လို့လည်း မြ ကြိုးကြာကို မကြားတကြားရန်စသေးရဲ့။

ကေန္တ သူ့ပြိုင်ဘက်လို့များထင်လားမသိ။ ထိုစဉ် သူ့ အိပ်ယာကုတင်အောက်မှ လူတစ်ယောက်တိုးထွက်လာသဖြင့် မြကြိုးကြာလန့်ဖြန့်ခုန်ထသွားမိသည်။

"ကျွန်တော်ပါ. . မလန့်ပါနဲ့"

"တယ်လျှင်ပါလားကိုရွှေစင်၊ ဘယ်တုန်းကတည်းက ဝင် နေတာလဲ၊ ထမင်းရောစားပြီးပြီလား"

"ထမင်းကကိစ္စမရှိပါဘူး၊ အစောကြီးကတည်းက အပြင်ကဝယ်စားထားတယ်၊ ကျွန်တော်ရောက်နေပြီဖြစ်ကြောင်း ဒေါက်တာ့ကိုအသိပေးတာပါ၊ ကဲ. . စိတ်ချလက်ချနေပေတော့"

ပြောပြီး မြကြိုးကြာ၏ကုတင်အောက်သို့ ပြန်ဝင်သွားပြန်သည်။ ဘာပဲဖြစ်ဖြစ် သူမအားရှိသွားတာအမှန်။ သို့သော် သူမငရဲကြီးမှာပေါ့။ ကုတင်အောက်မှာ သူဝင်နေသည်လေ။

အိပ်ယာပေါ်မှဆင်းပြီး အိပ်ယာဖုံးကို သူမ မကြည့်လိုက်သည်။

"အို. ."

သူ့အရပ်ကြီးနှင့် ကုတင်အောက်မှာ ပက်လက်ကြီးနေရတာ မသက်သာလိုက်တာ။

"ဒီမှာ. . တခြားပုန်းစရာနေရာမရှိဘူးလား၊ ကျွန်မ မအိပ်ရဲတော့ဘူးရှင့်"

"ဘာလို့မအိပ်ရဲရမှာလဲ၊ ကျွန်တော်ရှိနေပြီလေ"

"အင်းလေ. . အဲဒီကျွန်တော်က ဒီအောက်မှာနေတာကြီးကို၊ ဟိုဘီဒိုနောက်မှာသွားနေပါလား"





မတ်တပ်ဘီဒိုကြီးကိုလက်ညှိုးညွှန်လိုက်မှ သူ နေရာရွှေ့သွားသည်။ မြကြိုးကြာ၏ရင်ထဲမှာအားရှိသွားပေမယ့် ရင်ထဲမှာ ဘစ်ခုခုလိုနေခဲ့တာအမှန်။

သူမ၏မျက်ဝန်းထဲမှာ ကိုငွေစင်နှင့်ကိုရွှေစင် ရောထွေးသုက်လိမ်နေပြီ။ သူ့ကိုကျောခိုင်းပြီး အိပ်ယာပေါ်မှာ မြကြိုးကြာ လှဲလျောင်းလိုက်မိ၏။ အိပ်လို့တော့မပျော်ပါ။

အပြင်ဘက်မှတံခါးခေါက်သံများကို တုံ့ပြန်သံမပေးဘဲ ငြိမ်သက်နေလိုက်ရင်း မကြာမီ သူမအိပ်ပျော်သွားတော့သည်။

## အခန်း(၂၃)

"အား. ."

"ဗုန်း. . ခွပ်. . အင့်. ."

နားထဲမှာ ထိုးကြိတ်တိုက်ခိုက်သံများနှင့် နာကျင်စွာအော်ဟစ်သံများကြောင့် အိပ်ပျော်နေရာမှ မြကြိုးကြာလန့်နိုးသွားပြီး ခုန်ထလိုက်မိသည်။

သူမ၏မသိစိတ်က လှုံ့ဆော်မှုကြောင့် ပထမဦးဆုံးလုပ်မိသည်မှာ မီးခလုတ်ကို ပြေးဖွင့်လိုက်ခြင်းပါပဲ။

"ဟင်. ."

အခန်းထဲမှာ ကိုရွှေစင်နှင့်လူနှစ်ယောက်။ သို့သော် ခပ်သွယ်သွယ်တစ်ယောက်က ပြေးထွက်သွားပေပြီ။





နောက်တစ်ယောက်ကလည်း ကိုရွှေစင်ကိုတိုက်ခိုက်နေရာမှ မီးဖွင့်လိုက်လျှင် ထွက်ပြေးဖို့သာကြိုးစားနေတော့၏။

"ကိုရွှေစင်. . သတိထား"

ရန်သူ့လက်မှာ လက်ကနဲမြင်လိုက်ရသဖြင့် မြကြိုးကြာအော်လိုက်လျှင် သူတို့နှစ်ယောက် လုံးကနဲထွေးယှက်သွားကြပြန်၏။

ပြီးလျှင် ချက်ချင်းပင် တစ်ယောက်က အပြင်သို့ပြေးထွက်သွားပြီး တစ်ယောက်က အခန်းထဲမှာ ပက်လက်ကျန်ခဲ့သည်။

မြကြိုးကြာ သူ့ထံသို့ အပြေးသွားမိစဉ် ဆူဆူညံညံအသံများကြောင့် သူမတို့အခန်းထဲသို့ လူများဝင်ရောက်လာကြသည်။

ပထမဝင်လာသူက ဦးကျော်သွင်။ နောက် ဒေါ်လေး။ နောက် ဦးကျော်သွင်၏သားသမီးအချို့။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ညလယ်ခေါင်ကြီး သူမ၏အခန်းထဲမှာ ဖရိုဖရဲဖြစ်နေပြီး ဓားထိုးခံရသည့်လူနာကတစ်ယောက်။

"ရဲကိုဖုန်းဆက်အကြောင်းကြားပေးပါအန်ကယ်၊ လူတွေ

လည်း အိမ်ထဲကအပြင်မထွက်ရအောင် ခြံစောင့်ကို လှမ်းညွှန်ကြားပါ"

အရေးကြီးသည်ကို အရင်ဆုံးပြောပြီး သူမ ကိုရွှေစင်၏ အကျီရင်ဘတ်ကို ဆွဲဖွင့်လိုက်သည်။

"ဟင်. . "

ကိုငွေစင်. . ။ အို. . ကိုငွေစင်ရယ်. . ။

သူမမြင်လိုက်ရသည်မှာ တစ်ခါက သူမ၏လက်ရာ ဓားဒဏ်ရာချုပ်ရိုးလေး။ ဩော်. . ခုတော့ သူမအတွက် ဓားဒဏ်ရာ တစ်ခါထပ်လို့ရပြန်ပြီပေါ့။

ဒဏ်ရာက အတွင်းသို့မထိသဖြင့် ဆေးအိတ်ကိုဆွဲပြီး သူမ ချက်ချင်းပင်ကုသမှုပြုလုပ်လိုက်ပါသည်။ မျက်ရည်များကို အနိုင်နိုင်ထိန်းသည့်ကြားမှ ပြိုကျလာသည်ကလည်း မထိန်းနိုင်၊ မသိမ်းနိုင်။

ယခုတော့လည်း သူမ၏ကိုငွေစင်မှာ သူ့စရိုက်အတိုင်း စကားတစ်ခွန်းမှမပြောတော့ဘဲ သူမပြုသမျှ၊ ကုသမျှငြိမ်သက်စွာခံယူရင်း သူမကို မိုးတိမ်တစ်ခုနှယ် ငေးမောလွမ်းဆွတ်နေသည်။





သူမ ကုသလို့ပြီးချိန်တွင် စခန်းမှူးနှင့်တာဝန်ကျရဲများ ရောက်လာသည်။ ယခုအခါတွင်တော့ ကိုငွေစင် စကားပြောနိုင်ပေပြီ။

"ကျွန်တော်အရင်ဆုံးပြောလိုတာက ကျွန်တော့်လက်ချက်ကြောင့် ဓားသမား ဘယ်ဘက်လက်သန်းတစ်ချောင်းကျိုးသွားတယ်၊ နောက် တစ်ယောက်က နားထင်ကွဲသွားတယ်၊ ရန်သူဟာ ဒီအိမ်သားတွေထဲကပါပဲ၊ ဒီအိမ်သားတွေထဲမှာပဲရှာရင် တွေ့မှာပါ"

စခန်းမှူးနှင့်ရဲများ၏ညွှန်ကြားချက်အရ အပေါ်ထပ်ဧည့်ခန်းထဲသို့ အိမ်ရှိလူစုံ၊ လူကုန်ကို လာရောက်စေလိုက်သည်။

ဦးကျော်သွင်နှင့် သူ၏သား၊ သမီး၊ မြေး၊ မြွေးမတွေ။ နောက် ချောဆိုသည့် ဧည့်သည်မလေးတော့မပါသေး။

"လူကုန်ပြီလား"

စခန်းမှူး၏အမေးကို ဦးကျော်သွင်ကဖြေသည်။

"အိမ်သားတွေတော့ကုန်ပြီ၊ ဧည့်သည်တွေရောလား"

"ဒီအိမ်မှာရှိသမျှလူအားလုံးခေါ်ပါ"

မကြာမီ ချောပါရောက်ရှိလာသည်။ သူမကလည်း နေမကောင်းသဖြင့် စောင်ကြီးခြုံလျက်။

"လူကုန်ပြီလား"

"ကုန်ပါပြီ"

ရဲအရာရှိက ယောကျ်ားများကိုအရင်ဆုံးစစ်ဆေးသည်။ ဘယ်သူလက်သန်းကျိုးနေသလဲ။ စတိုင်မိလှသည့်သားသုံးယောက်နှင့်သမက်သုံးယောက်မှာ တကယ့်ရုပ်ရှင်မင်းသားတွေနှယ်။

ချမ်းအေးလာပြီမို့ ကုတ်အကျႌတွေထဲမှာ၊ ဘောင်းဘီတွေထဲမှာ လက်တွေနှိုက်လျက်။ ရဲအရာရှိက တစ်ယောက်ချင်း၏လက်များကို ဆွဲထုတ်ကြည့်သည်။

"အား. ."

"တွေ့ပြီ"

ထွေးကျော်သွင်။ မလတ်နှင့်ရသည့်သားအငယ်ဆုံး။ (သို့) ချော၏တူလေးပေါ့။

ခေါင်းငိုက်စိုက်ဖြင့် မျက်ရည်သွင်သွင်စီးကျနေသည့် ထွေးကျော်သွင်ကို ဦးကျော်သွင် အံ့အားသင့်စွာ၊ ရင်နင့်စွာကြည့်ရင်း ရေရွတ်လိုက်မိသည်။





"လူမိုက်. . မင်းဟာလူမိုက်ပဲ၊ မြကြိုးကြာနဲ့မင်းနဲ့ ဘာရန်ငြိုးရှိလို့လဲ"

ထွေးကျော်သွင် သူ့အဖေကို ခပ်စိမ်းစိမ်းပင်ပြန်ကြည့်နေလေသည်။ သူ့မျက်ဝန်းထဲမှာ အမုန်း၊ အငြိုးတွေနှင့် စိတ္တဇ။

"ဖေဖေဘာတာဝန်ကျေသလဲ၊ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက်ယူဖို့ပဲ စဉ်းစားနေတာ၊ သားသမီးတွေအပေါ်ဘာအမွေပေးသလဲ"

"ဟ. . ပညာအမွေပေးနေတယ်လေ၊ မင်းတို့ကို ကောင်းကောင်းထား၊ ကောင်းကောင်းကျွေးနေတာပဲ၊ ငါမသေသေးဘဲအမွေစကားပြောနေရသလားကွ"

"ပြောတယ်ဖေဖေ၊ ဖေဖေက မယားကြီးကရတဲ့သားသမီးလေးယောက်သာ မျက်နှာသာပေး၊ အမွေပေးပြီး ကျွန်တော်တို့မောင်နှမနှစ်ယောက်ကျ အငယ်ကမွေးတယ်ဆိုပြီး. ."

ထိုစဉ် အခန်းတစ်ခုထဲမှ ကောင်မလေးတစ်ယောက်ကိုရဲသားလေးတစ်ယောက်က ဖမ်းခေါ်လာပြန်သည်။

"ဒီမှာတစ်ယောက်ဆရာ၊ ငိုသံသဲ့သဲ့ကြားလို့ ဝင်ကြည့်တာ"

"အို. . "

မှောင်ထဲမှာ ယောကျ်ားလေးမှတ်လို့ ငွေစင်ထိုးမိသူဟာ ယောကျ်ားလေးလိုဝတ်ဆင်ထားသည့် အိကျော်သွင်။ ထွေးကျော်သွင်၏မမ။ မလတ်ကမွေးသည့်သားနှင့်သမီး။ ချော၏တူ၊ တူမများ။

နားထင်မှာ သွေးတွေရွှဲနေသည့်မိန်းမချောလေးကိုကြည့်ပြီး မြကြိုးကြာ သနားဂရုဏာသက်မိသည်။

သူတို့ဟာ အိမ်သားတွေရဲ့မေတ္တာကို အပြည့်အဝမရရှာသူလေးတွေဖြစ်သည်။ ဦးကျော်သွင်မှာ သားနှင့်သမီးကိုဖက်တွယ်ရင်း သူ့အသွင်က ယူကြုံးမရ။

"ဖေဖေမှားသွားတယ်၊ မလတ်အပေါ်စိတ်နာပြီး သားနဲ့သမီးကို ဂရုမစိုက်မိတာ ဖေဖေမှားပါတယ်၊ နောက် ဒီလိုမဖြစ်စေရအောင် ဖေဖေကတိပေးပါတယ်ကွယ်၊ မြကြိုးကြာကိုလည်း အန်ကယ် အနူးအညွတ်တောင်းပန်ပါရစေ၊ အန်ကယ့်အပြစ်တွေကို ခွင့်လွှတ်ပါလို့. . "

"အန်ကယ့်အပြစ်. . "





ဘာလဲ. . ဘာအပြစ်တွေလဲ။ ဟိုတစ်ညက သူလား။ သို့သော် မြကြိုးကြာ ဘာကိုမှမသိချင်တော့ပါ။ အားလုံးကိုခွင့်လွှတ်လိုက်ပါသည်။

ထွေးကျော်သွင်ရဲ့ဖြောင့်ချက်တွေကိုလည်း မကြားတစ်ချက်၊ ကြားတစ်ချက်။

"ဖေဖေက မြကြိုးကြာကို ရတနာတွေပေးနေတော့ ကျွန်တော့်စိတ်ထဲမှာ သူ့ကိုသတ်ပစ်ချင်မိတယ်၊ ရတနာတွေကိုလည်း မမအတွက်လိုချင်မိတယ်၊ ဟိုမိန်းမကြီးရဲ့နွားနို့ထဲမှာ ဆေးခတ်တာလည်း ကျွန်တော်ပါပဲ၊ သော့တုနဲ့ဖွင့်ပြီး မြကြိုးကြာကိုလုပ်ကြံမလို့၊ မမက ကျွန်တော်မလုပ်ဖြစ်အောင် နောက်ကလိုက်ပြီး အချိန်မီတားဆီးတာပါ၊ အားလုံးဟာ ကျွန်တော့်အပြစ်တွေချည်းပါပဲ"

## အခန်း(၂၄)

တိမ်ရောင်လေးတွေ စုံလင်တောက်ပနေသည့်တိမ်အရုပ်အိမ်လေးများကို နှစ်ယောက်အတူငေးမောရင်း မြစ်ဆိပ်မှဖြတ်တိုက်လာသည့် လတ်ဆတ်သောလေကိုရှူရသည်မှာ ဘဝ၏အမောပြေဆေးတစ်ခွက်ပါပဲ။

မြစ်ကမ်းပါးမှာ အတူယှဉ်တွဲထိုင်ပြီး ငွေစင်နှင့်မြကြိုးကြာတို့ တိမ်တွေကိုမော့ကြည့်မိကြသည်။ ငှက်တွေကလည်း အိပ်တန်းပျံလို့။

"သံသရာကြီး ဘယ်လောက်ပဲရှည်ရှည် ကြိုးကြာလေးနဲ့ဆိုရင် ဘယ်တော့မှမမောဘူး"





"အပိုတွေ. ."

ချစ်ခင်ပွန်း၏မေတ္တာ၊ စေတနာ၊ အကြင်နာတွေကိုနားလည်ပေမယ့် မြကြိုးကြာ နှုတ်ခမ်းစူလို့မူမိသည်။

သူမ ဘယ်လောက်ပင်ဆိုးဆိုး၊ ကောက်ကောက် ပန်းနှင့်ပေါက်သည်ဟုယူဆသူလေ။

သူ့မျက်နှာပြုံးပြုံးကြီးနှင့်ပြန်ပြောပုံမှာ. . .

"မပိုရပါဘူးဗျာ၊ ရင်ဘတ်ထဲကလာတဲ့စကားပါ။ ဟောဒီရင်ဘတ်ထဲကလာတာပါ"

"ပိုလို့တောင်မယုံသေးတယ်၊ မားဒဏ်ရာတွေ၊ ချုပ်ရိုးတွေနဲ့မွနေတဲ့ ရင်ဘတ်ကြီးကများ. ."

သည်တစ်ခါတော့ ငွေစင် အသည်းယားလာရော့ထင့်။ မြစ်ဖြတ်လေကြောင့် ဆံနွယ်လေးတွေတလွင့်လွင့်နှင့်မြကြိုးကြာကို ကြင်နာယုယစွာဆွဲပွေ့ဖျစ်ညှစ်လိုက်မိသည်။

"မယုံသက်ာစကားများတော့ ယောင်လို့တောင်မဆိုလိုက်ပါနဲ့အချစ်ရယ်၊ မခံစားနိုင်လို့ပါ၊ ကိုယ့်မှာဖြင့် ခုလို ကြိုးကြာလေးကို ပိုင်ဆိုင်ခွင့်ရနေတာတောင်မှ အိပ်မက်ထဲမှာများလား

ဆိုပြီး ယုံမှားစိတ်တွေနဲ့ အမြဲတမ်းတ၊ ရင်မနေရတာပါ၊ ဟိုး ကောင်းကင်ကမိုးတိမ်တွေလို အရောင်ပြောင်းသွားမလားဆိုပြီး အမြဲစိုးရိမ်နေရတာပါဗျာ"

တကယ်ပင် သူက လွမ်းလွမ်းဆွတ်ဆွတ်၊ တမ်းတမ်းတတ ဖြစ်နေလျှင် ချစ်ရသူအပေါ် ဘယ်တော့မှစိတ်မကောက်တော့၊ စကားနာမထိုးရက်တော့ဖို့ မြကြိုးကြာဆုံးဖြတ်မိပါလေတော့သည်။

ကြယ်စင်မှူးဝေ




# သီရိကြယ်စင်

ဧါလုံးချင်းဝတ္ထုသစ်

## နှောင်ကြိုးမဲ့နှင်းဆီ

အတိတ်နဲ့ပတ်သက်တဲ့
စိတ္တဇညနဲ့ သဲထိတ်ရောက်ချားစရာအဖြစ်တွေ
ပဉ္စလက်ဆန်တဲ့ ပတ်သက်မှုတွေနဲ့
ရင်ခုန်ကြည်နူးစရာ လျှို့ဝှက်အချစ် ဝတ္ထုသစ်

ရွှေစကားစာပေမှ
မကြာမီ ဖြန့်ချိပါတော့မည်။

Ph. 09-5006078